# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့　　အတွဲ [၅၄]၊ အမှတ် [၂၁၈]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို မေ ၂၀ ဝန်းကျင်တွင် ပြုလုပ်နိုင်ရန်စီစဉ်



ယခုနှစ် မတ် ၃၁ ရက်က UPWC နှင့် NCCT တို့ NCA မူကြမ်း လက်မှတ်ရေးထိုးပြီး လဲလှယ်စဉ်။

အမေး၊ အရေး-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင် ➤ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန်　　မေ　　၁၀**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်မဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများပါ ပါဝင်သည့် တိုင်းရင်းသားညီလာခံအား လာမည့် မေ ၂၀ ရက် ဝန်းကျင်တွင် ပြုလုပ်သွားနိုင်ရန် စီစဉ်လျက်ရှိသည်ဟု NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းထံမှ သိရသည်။

ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်တွင် မေ ၉ ရက်က ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ၌ ပဒိုစောကွယ်ထူးဝင်းက မြန်မာ့သတင်းစဉ် သတင်းအဖွဲ့အား ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

# နွမ်းပါးသူများနှင့် အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီမည်

သတင်း မြတ်မွန်ထွေး (မြန်မာ့အလင်း)

**မော်လမြိုင်　　မေ　　၁၀**

နွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးများအား လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်စေရေးတို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ချိတ်ဆက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ စီမံ ကိန်းတစ်ရပ်ဖော်ဆောင်ကာအကူအညီပေးမည်ဟု သိရသည်။

အဆိုပါစီမံကိန်းကို အရှေ့အနောက်စီးပွားရေး လမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့်အမျိုးသမီးများအတွက် စီးပွားရေးလုပ်ဆောင်မှုစွမ်းရည်မြှင့်တင်ရေး စီမံကိန်း(Economic Empowerment of the Poor and Women in the East-West Economic Corridor) အစီအစဉ်ဟုခေါ်ပြီး ၂၀၁၆ မှ ၂၀၁၉ ထိ လေးနှစ်တာစီမံကိန်းအဖြစ် မွန်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ မော်လမြိုင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်တို့တွင်ရှိသော ဒေသခံများကို ဒေသထွက် လက်မှုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်

စာမျက်နှာ ၅ ကော်လံ ၁ ■

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကညွတ်ကွင်းနှင့်ဖြူးမြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

စာမျက်နှာ - ၃

## ကျွန်တော်နဲ့ပညာရေးခရီးရှည်

ဆောင်းပါး

စာမျက်နှာ - ၆




## မျှတသောရွေးကောက်ပွဲဖြစ်ရေးကြိုးပမ်းနေ

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်ကာလအားဖြင့် ခြောက်လခန့်သာလိုတော့သည်။ မြန်မာနိုင်ငံ၌ သမိုင်းတစ်ကွေ့ အထူးခြားဆုံးရွေးကောက်ပွဲကြီးဖြစ်လာမည့် ရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ဤ ၂၀၁၅ ရွေးကောက်ပွဲကြီးသည် မြန်မာပြည်သူများသာမက ကမ္ဘာ့နိုင်ငံများကလည်း စိတ်ဝင်စားနေကြသည်။ လွတ်လပ်ပြီးတရားမျှတဆုံး ရွေးကောက်ပွဲကြီးဖြစ်လာရန် အစွမ်းကုန်ပြင်ဆင်နေပြီဖြစ်ပါသည်။

ထို့ကြောင့်လည်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မေ ၇ ရက် နံနက်က နေပြည်တော်၌ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားတွင်ရွေးကောက်ပွဲတွင် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်း စောင့်ကြည့်လေ့လာရေးလူမှုအဖွဲ့အစည်းများအား ဖိတ်ခေါ်ထားကြောင်း၊ ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းမှာ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ရန်နှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များက တင်ပြလာမည့် အားနည်းချက် အားသာချက်များကို သုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် သင်ခန်းစာယူ ပြင်ဆင်နိုင်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထု၏ အခြေအနေများကို လေ့လာပြီး လွတ်လပ်မှုရှိ မရှိ၊ မျှတမှုရှိ မရှိနှင့် ပွင့်လင်းမြင်သာမှု ရှိ မရှိတို့ကို အစီရင်ခံစာများ ထုတ်ပြန်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အစီရင်ခံစာများသည် ကမ္ဘာကို အသိပေးကြေညာမည်ဖြစ်သည့်အတွက် နိုင်ငံ၏ပုံရိပ်ကောင်းမွန်စေရန် ရွေးကောက်ပွဲကို တာဝန်ယူဆောင်ရွက်ကြသူများအားလုံး၊ ပါဝင်ပတ်သက်ကြသူများအားလုံး အလေးအနက်ထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဤသို့ဖြင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များသာမက နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုပါ တရားဝင်ဖိတ်ခေါ်လိုက်ခြင်းမှာ အမျှတဆုံးနှင့် ပွင့်လင်းမြင်သာမှုအရှိဆုံးဖြစ်အောင် ရွေးကောက်ပွဲကြီးကို ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုက်ခြင်းပင်ဖြစ်ပါသည်။ အမှန်စင်စစ် ဤရွေးကောက်ပွဲကြီးသည် တရားမျှတသောရွေးကောက်ပွဲကြီးဖြစ်ရုံမက နိုင်ငံတကာအလယ်တွင် ထူးခြားကောင်းမွန်သော ပုံရိပ်ကောင်းများထွက်ပေါ်လာပြီး နိုင်ငံအတွက် အဘက်ဘက်မှ တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲကြီးသည် တရားမျှတဆုံးနှင့် ပွင့်လင်းမြင်သာမှုအရှိဆုံး ရွေးကောက်ပွဲကြီးဖြစ်အောင် အဘက်ဘက်မှ ပြင်ဆင်ကြိုးပမ်းလျက်ရှိပါကြောင်း။ ။

## ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ လူပျို၊ အပျိုဆောင်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ထမ်းဆောင်လျက်ရှိသော လူပျို၊ အပျိုများ၏ နေထိုင်စားသောက်ရေးနှင့် လုံခြုံရေးကိစ္စများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် မေ ၉ ရက် နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများသည် ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ လူပျို၊ အပျိုဆောင်များကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နေပြည်တော်ကောင်စီရန်ပုံငွေမှ လူပျိုဆောင် ငါးဆောင်နှင့် အပျိုဆောင် ၁၀ ဆောင် ဆောက်လုပ်နိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အပ်နှံရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် အလျင်လိုကျေးရွာသို့ သွားရောက်၍ ကွင်းအမှတ် (၁၆၆၂) တွင် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံကာ နှမ်းစိုက်ခင်းများအား အလေအလွင့်များ မရှိစေရန် စနစ်တကျရိတ်သိမ်းရေးနှင့် ဈေးကောင်းရရှိရေးအတွက် ဆောင်ရွက်သွားကြရန်မှာ ကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အလျင်လိုကျေးရွာတွင် ထရန်စဖော်မာတပ်ဆင်ရန်၊ ရေတွင်းတူးဖော်ရန် မြေနေရာများကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ယင်းကျေးရွာရှိ တောင်သူဦးကြီးများနှင့် တွေ့ဆုံကာ နိုင်ငံတော်အစိုးရနှင့် နေပြည်တော် ကောင်စီတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



## လိုင်စင်မဲ့လယ်ယာသုံးယာဉ်များ မြို့တွင်းမောင်းနှင်မှု တားဆီးပေးစေလို

**ဟင်္သာတ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင်းသို့ လယ်ယာသုံးဂွန်ဒေါင်းများ၊ မြေသယ်ကားများ၊ ပုဇင်းခေါင်းဂွန်ဒေါင်းများ၊ လိုင်စင်မဲ့ကားများ စည်းကမ်းမဲ့စွာ ဝင်ရောက်နေ၍ မလိုလားအပ်သော ယာဉ်တိုက်မှုများ၊ လမ်းပိတ်ဆို့နေမှုများ၊ စည်းကမ်းမဲ့ရပ်နားခြင်းများကြောင့် ပြည်သူများ သွားလာမှုခက်ခဲနေရသဖြင့် ပြည်သူများမှ မြို့တွင်းဝင်ထွက်နေခြင်းများကို တားဆီးပေးစေလိုကြောင်း သိရသည်။

"ကျွန်တော်တို့ ဟင်္သာတမြို့ဟာ တိုင်းဒေသကြီးမှာ ဒုတိယလူဦးရေထူထပ်တဲ့မြို့ပါ။ ယာဉ်လည်း ပေါများပါတယ်၊ ဆိုးတာက ဂွန်ဒေါင်းတွေက ယာဉ်လိုင်စင်မရှိ စည်းမရှိကမ်းမရှိ မောင်းချင်သလိုမောင်း၊ ရပ်ချင်သလိုရပ်ပြီး မောင်းတဲ့လူကလည်း ယာဉ်စည်းကမ်းကိုမသိဘဲ မောင်းနေကြပါတယ်။ ယာဉ်တိုက်မှုက ခဏခဏဆိုသလိုဖြစ်တယ်၊ ဆိုးတာက ယာဉ်တိုက်မှုဖြစ်ပြီး ဘယ်ရှာရမှန်းမသိဘူး၊ နံပါတ်မရှိတော့ အလွန်ဆိုးပါတယ်"ဟု အနေ့းယာဉ်လုပ်သားကြီး ဦးကျော်ဝင်းက ပြောသည်။ ပြီးခဲ့တဲ့ ၂၆ ရက်က ခရီးသယ်တင်လာတဲ့ ဆိုက်ကားကို ပွတ်တိုက်ပြီးမောင်းပြေးတယ်၊ ဂိတ်တွေကို လိုက်မေးတော့ ဂွန်ဒေါင်းတွေက အများကြီး၊ မသိဘူးလို့ ပြောပါတယ်"ဟု မြို့မိမြို့ဖ ဦးတင်ဝင်းက ပြောသည်။

အဆိုပါ ဂွန်ဒေါင်းများ၊ မြေသယ်ကားများသည် ရပ်ချင်သလိုရပ်၊ နားချင်သလိုနား၊ ညဘက်အချိန်မရှိ မောင်းနှင်လာပါက စက်သံနားမခံသာခြင်း၊ ပစ္စည်းများကို တင်ချင်သလိုတင်နေခြင်း၊ ယာဉ်လိုင်စင်မရှိသလို မောင်းနှင်သူများတွင်လည်း လိုင်စင်မရှိခြင်း၊ မြို့အဝင်များတွင် ထားရှိသော မ-စ-သအဖွဲ့များမှ ယာဉ်တစ်စီး ငွေကျပ် ၅၀၀ သာ တောင်းခံနေသော်လည်း အဝင်အထွက်စာရင်းမရှိခြင်း၊ ပြဿနာဖြစ်လာပါက တာဝန်ယူဖြေရှင်းခြင်းများ မရှိခြင်းတို့အပြင် မြို့အင်္ဂါရပ်နှင့်လည်း ညီညွတ်ခြင်းမရှိခြင်းကြောင့် အဆိုပါကားများ မြို့တွင်းဝင်ထွက်နေခြင်းကို တားဆီးပေးစေလိုကြောင်း မြို့ခံများက လိုလားလျက်ရှိနေကြသည်။

**အေးထွန်း( ဟင်္သာတ)**




## မြို့နယ်တရားရုံးများနှင့် အချုပ်ခန်းများအား စစ်ဆေး

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီးလိုက်ပါလျက် မေ ၉ ရက်က တောင်ပိုင်းခရိုင်အတွင်းရှိ ကော့မှူးမြို့နယ် တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံးများသို့ သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ကော့မှူးမြို့မရဲတပ်ဖွဲ့အချုပ်ခန်းနှင့် ကွမ်းခြံကုန်းမြို့မရဲတပ်ဖွဲ့အချုပ်ခန်းများသို့ သွားရောက်၍ အချုပ်သား၊ အချုပ်သူများ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀ - ၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀ - ၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀ - ၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀ - ၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀ - ၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀ - ၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀ - ၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀ - ၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀ - ၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀ - ၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ - ၁၁၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၀ - ၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅ - ၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄ - ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈ - ၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅ - ၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ - ၃၀၈ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ကညွတ်ကွင်းနှင့်ဖြူးမြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**နေပြည်တော် မေ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့သို့ ယနေ့နံနက် ၉နာရီတွင် ရောက်ရှိသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ကွင်းအမှတ် (၁၈၈-ဂ/ဃ) ၌ ကွန်းချောင်းလျှပ်စစ်ရေတင်စနစ်ကို အသုံးပြု၍ အဆင့်မြင့်လယ်ယာမြေ ၃၀၇ ဒသမ ၃၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ကညွတ်ကွင်းမြို့ မြို့မခန်းမတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုကာ ကညွတ်ကွင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး တာဝန်ကျ ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(ဓာတ်ပုံ)**

ထို့နောက် ကညွတ်ကွင်းမြို့ ဓမ္မာရုံတည်ဆောက်မှု လုပ်ငန်းကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဖြူးမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင် တည်ဆောက်မှုလုပ်ငန်းနှင့် မြို့တော်ခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖြူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။**(သတင်းစဉ်)**

---

*** ရှေ့ဖုံးမှ**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA အားလက်မှတ်ရေးထိုးနိုင်ရန်အတွက် NCCT အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက အဖွဲ့ဝင်မဟုတ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုပါဖိတ်ကြား၍ တိုင်းရင်းသားညီလာခံ တစ်ခုအား ယခုကဲ့သို့ပြုလုပ်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ ညီလာခံပြုလုပ်ရန်အတွက် ပန်ဆန်း၊ မိုင်းလားနှင့် လော်ခီးလာဒေသသုံးခုအနက်မှ တစ်ခုကို ရွေးချယ်ရန် လတ်တလော လျာထားသည်ဟု ၎င်းက ဆိုသည်။

"မေလထဲမှာပဲ တိုင်းရင်းသားညီလာခံပြန်စနိုင်ဖို့ ကျွန်တော်တို့ NCCT က ဆောင်ရွက်နေပါတယ်။ အခုမှပြန်ရောက်တာဆိုတော့ စီစဉ်နေရတုန်း။ မေ ၂၀ လောက်ဖြစ်မယ်ထင်တယ်။ တိုင်းရင်းသား ညီလာခံဆိုတော့ တိုင်းရင်းသားတွေရှိတဲ့ နယ်မြေမှာပဲလုပ်မှာ။ ရန်ကုန်မှာမလုပ်ပါဘူး။ တိုင်းရင်းသားညီလာခံလုပ်ဖို့အတွက် ဦးစားပေးနေရာ သုံးနေရာခုရှိပါတယ်။ အဲ့ဒီထဲမှာမှ ပထမဦးစားပေးက ပန်ဆန်း၊ ဒုတိယဦးစားပေး မိုင်းလားနဲ့ တတိယဦးစားပေးလော်ခီးလာလို့တော့ ယာယီသတ်မှတ်ထားတယ်။ တတိယဦးစားပေးဖြစ်တဲ့ လော်ခီးလာမှာတော့ လုပ်ဖြစ်ဖို့များတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေအားလုံးဖိတ်မယ်၊ NCCT အဖွဲ့ဝင်တွေရော၊ အဖွဲ့ဝင်မဟုတ်တဲ့ သူတွေပါ ဖိတ်မယ်"ဟု ပဒိုစောကွယ်ထူးဝင်းက ပြောသည်။

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) တို့၏ ကိုယ်စားလှယ်ငါးဦးစီတို့မှ ရန်ကုန်မြို့ရှိ MPC ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် (NCA) မူကြမ်းအား လက်မှတ်ရေးထိုးခဲ့သည်။ ယင်း NCA စာချုပ်ကို အချောသပ်လက်မှတ်ရေးထိုးနိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင် ထိပ်သီးခေါင်းဆောင်များ၏ ညီလာခံကို NCCT မှ ခေါ်ယူပြီး လက်မှတ် ရေးထိုးထားသည့် NCA စာချုပ်မူကြမ်းအား အချောသပ်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

NCCT အဖွဲ့အနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ထိပ်သီးညီလာခံအားမကျင်းပမီ မေလ တတိယပတ်အတွင်း၌ပင် အဖွဲ့ဝင်များ၏ အစည်းအဝေးပွဲတစ်ရပ်ကို ကျင်းပနိုင်ရန် စီစဉ်နေကြောင်း NCA အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)) က ပြောကြားသည်။

ဒေါ်စောမြရာဇာလင်းက "တိုင်းရင်းသားထိပ်သီးညီလာခံ ခေါ်ယူမယ့်ရက်သတ်မှတ်ဖို့ NCCT ဘက်ကတော့ လျာထားပြီးပြီ။ ရက်သတ်မှတ်ဖို့တော့လုပ်နေတယ်။ ကျွန်မထင်တာကတော့ ဘယ်နေရာမှာကျင်းပမယ်ဆိုတာကတော့ NCCT အစည်းအဝေးမှာပဲ ဆုံးဖြတ်မှာ။ ဘယ်သူတွေကို ဖိတ်မယ်။ ဘယ်နှဖွဲ့ဖိတ်မယ် စသည်အားဖြင့် အများကြီးဆွေးနွေးရဦးမယ်။ NCCT ရဲ့ မျှော်မှန်းချက်ထဲမှာတော့ ငြိမ်းချမ်းရေးကို ရှေ့ဆက်ပြီး အကောင်အထည်ဖော်မယ့် လုပ်ငန်းတွေကိုပဲ အဓိကထားဖို့ ဆွေးနွေးကြမှာပါ။ ပန်ဆန်းမှာ လုပ်တာကတိုင်းရင်းသားထိပ်သီးညီလာခံလို့တော့ ပြောကြတာပဲ။ အားလုံး ပါဝင်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ဖို့ ကျွန်မတို့ မျှော်လင့်ကြတာလေ။ ထိပ်သီးညီလာခံလို့ပြောပြီး ပန်ဆန်းမှာ ခေါ်လိုက်တဲ့ပွဲက အားလုံးမပါဘူး။ အားလုံးမပါတဲ့ပွဲကို ဘယ်လိုစဉ်းစားမှု၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ခေါ်လဲဆိုတာတော့ ခေါ်တဲ့လူတွေရဲ့ အပေါ်မှာပဲမူတည်တယ်။ ဖိတ်ခံရတဲ့အထဲမှာ ကျွန်မတို့လည်း မပါဘူး။ ကျန်ခဲ့တဲ့ အဖွဲ့အစည်းထဲမှာ ကျွန်မတို့ပါတယ်။ ကျွန်မတို့ အမြဲပြောလာတဲ့စကားက ကျွန်မတို့ တိုင်းရင်းသားတွေအားလုံး အတူတကွသွားမယ်။ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုကို ပြသမယ်။ အဲ့ဒီလိုအနေအထားနဲ့ပဲ ကျွန်မတို့တောက်လျှောက်သွားလာကြတာ။ ဒါပေမယ့် ပန်ဆန်းညီလာခံမှာတော့ ၁၂ဖွဲ့ကိုပဲဖိတ်တယ်။ ၁၂ဖွဲ့နဲ့ပဲအစည်းအဝေးကျင်းပကြတာဖြစ်ပါတယ်။ အဲ့ဒါကြောင့်ကျွန်မတို့က NCCT အဖွဲ့ဝင်အားလုံးလည်း ပါရမယ်။ NCCT ထဲမှာမပါသေးတဲ့ အဖွဲ့တွေပါတဲ့ အစည်းအဝေးတစ်ခုမကြာခင်မှာ ပြုလုပ်သွားဖို့ရှိပါတယ်"ဟု ပြောကြားသည်။

---

## မြန်မာ့ပညာရေးပညာရှင် ဆရာကြီးဦးသန်းဦးအား အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၏ အမြင့်ဆုံးစာပေပါရဂူဘွဲ့ အပ်နှင်းမည်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ပညာရှင်အကြံပေးအဖွဲ့ နာယက (၁) ဆရာကြီး ဦးသန်းဦးအား အသက်(၈၈နှစ်)အရွယ်အထိ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စဉ်ဆက်မပြတ်တစိုက်မတ်မတ် ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဂုဏ်ပြုသည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၏ အမြင့်ဆုံးဖြစ်သော လူမှုအကျိုးပြုဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (Honorary Doctorate of Human Letters ) ကို အဆိုပါတက္ကသိုလ်၏ မေ ၁၆ ရက်တွင်ကျင်းပမည့် (၁၀၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဂုဏ်ပြုပေးအပ်မည်ဟု သိရှိရသည်။

ဆရာကြီး ဦးသန်းဦးသည် လွန်ခဲ့သော၁၉၆၃ ခုနှစ် ဟာဝိုင်ရီတက္ကသိုလ်၏ (၅၂) နှစ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ချီးမြှင့်သော မဟာပညာရေးဘွဲ့ (M. Ed)ဘွဲ့ကိုရရှိခဲ့သူဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် (၁၀၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနား၌ ဟာဝိုင်ရီတက္ကသိုလ်၏ အမြင့်ဆုံးဘွဲ့ဖြစ်သော လူမှုအကျိုးပြုဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ကိုယ်တိုင်လက်ခံရယူရန် မေ ၁၄ရက်တွင် သွားရောက်မည် ဟုသိရှိရသည်။

ဆရာကြီးဦးသန်းဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနကလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်ကကျင်းပသော ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနား၌ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ [" Doctor of Letters (Honoris Causa"] ဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်း ခံထားရသူဖြစ်ပြီး မြန်မာ့ပညာရေးလုပ်ငန်းစဉ်များတွင် ကျန်းမာစွာပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

---

**❍ ကျောဖုံးမှ**

"ဆိပ်ကမ်းမှာ သင်္ဘောတွေ ပိုမိုဝင်/ထွက် သွားလာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတွင်း စီးပွားရေးတိုးတက်မှုနှုန်းကို မြင့်တက်စေပြီး ဒီစီမံကိန်းက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာပါ" ဟု ဦးဘုန်းခိုင်ရွှေက ထပ်လောင်းပြောကြားသည်။

ရန်ကုန်မြစ်ကြောင်း တစ်လျှောက်တွင် ကွန်တိန်နာအတင်အချလုပ်သည့် ဆိပ်ကမ်းများစွာရှိနေခြင်းက ၎င်းစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်မှုတစ်ရပ်ဖြစ်ပါသည်။ Starhigh အနေဖြင့် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း၌ မော်လမြိုင်နှင့် ထားဝယ်တွင် မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေလမ်းကြောင်း ဖော်ဆောင်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် Jurong ကျွန်းအနောက်ဘက်ပိုင်း တိုးချဲ့မှုအကြီးစားစီမံကိန်းကို Starhigh Asia Pacific Pte.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းတွင် သောင်တူးခြင်း၊ သဲများထောက်ပံ့ပေးသွင်းခြင်း၊ မြေဖို့ခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ Starhigh Asia Pacific Pte., Ltd. အနေဖြင့် အနာဂတ်တွင် ပင်လယ်ရေကြောင်းဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။ **ဝရဇိန်**

---

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များတွေ့ဆုံ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေး အဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲကို မေ ၉ ရက်က ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်တို့မှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်၊ အရှေ့ပိုင်းခရိုင်တို့မှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်တင်က အမှာစကားပြောကြားသည်။

ထို့နောက် အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဇော်က အဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးနှင့် ခရိုင်ဥက္ကဋ္ဌတို့က ပြန်လည်ဆွေးနွေးပြောကြားပေးခဲ့ပြီး တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်တင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**ကိုကြီးတင်**

# နိုင်ငံတည်ငြိမ်မှုရှိအောင် စွမ်းဆောင်မည်ဟု ဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်း ကတိပေး



**လန်ဒန် မေ ၁၀**

စကော့ လူမျိုးရေးဝါဒီများ၏ ရုပ်သေးရုပ်ဖြစ်မည်ကို စိုးရိမ်နေသောများစွာသော ဗြိတိသျှလူမျိုးများအပေါ် ဘဝလုံခြုံရေးနှင့် လူနေမှုအဆင့်အတန်းတို့မြှင့်တင်ပေးမည်ဟု ကြွေးကြော်စည်းရုံးခဲ့သော ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အံ့သြဖွယ်ရာပင် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

ဗြိတိန်ကို ပြိုကွဲစေချင်သော ဆန္ဒရှိသည့် စကော့တစ် ခွဲထွက်ရေးသမားများ ကြောက်ရွံ့နေသော စီးပွားရေးကို ပြန်လည်ကောင်းမွန်စေပြီး ကောင်းမွန်သောဘဝကို အာမခံချက်ပေးထားသော ဒေးဗစ်ကင်မရွန်းသည် အတိုက်အခံလေဘာပါတီကို အနိုင်ယူနိုင်ခဲ့ကာ ၎င်း၏ပါတီအနေဖြင့် ၂၃ နှစ်အတွင်း ထောက်ခံမဲအများဆုံးရရှိခဲ့သည်။

ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို လုံခြုံစိတ်ချစေမည့် ကောင်းမွန်သော ယှဉ်ပြိုင်မှုတွင် ကောင်းမွန်သော တုံ့ပြန်မှုများရရှိခဲ့ကြောင်း ဒေးဗစ်ကင်မရွန်းကပြောခဲ့သည်။ တကယ့်အမှန်တရားသည် ခြားနားမှုရှိနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဒေးဗစ်ကင်မရွန်းနိုင်မည်ကို ရှင်းရှင်းလင်းလင်းမသိရသေးခင် ၎င်းပါတီမှ ပါတီဝင်အချို့သည် ၎င်းရှုံးမည်ကို စိုးရိမ်နေကြသည်။

သြစတြေးလျလုပ်ရှားမှု အကြံပေးလန်တန်ခရော့ဘီ၏ လမ်းညွှန်အကြံပေးမှုကိုခံယူခဲ့သော ဒေးဗစ်ကင်မရွန်းသည် အိမ်တွင် ရက်သတ္တခြောက်ပတ်ကြာအောင် အကြောင်းအရာအာဘော်နှစ်ခု၏ သဘောတရားကို ခြိုင့်သုံးသပ်လေ့လာခဲ့သည်။

ပထမတစ်ခုသည် စီးပွားရေးပြန်လည်ကောင်းမွန် နာလန်ထူလာအောင် ကွန်ဆာဗေးတစ်ပါတီကိုမဲပေးကြပါနှင့် ဒုတိယတစ်ခုသည် စကော့လူမျိုးများကို ကျောထောက်နောက်ခံပြုထားသော လေဘာပါတီမဲပေးမှုကို ရပ်ဆိုင်းပါဟူသည့် အကြောင်းအရာအာဘော်များဖြစ်သည်။

ခရော့စ်ဘီ၏ နည်းဗျူဟာသည် နောက်ဆုံးတွင် မှန်ကန်မှုရှိခဲ့ကြောင်း ကွန်ဆာဗေးတစ်ပါတီကို ထောက်ခံသူတစ်ဦးက ၎င်း၏အမည်ကိုဖော်ပြခြင်းမပြုဘဲ ရိုက်တာသို့ ပြောခဲ့သည်။ ဒေးဗစ်ကင်မရွန်းက သောကြာနေ့တွင် ၎င်း၏ထောက်ခံသူများကို မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာ ရွေးကောက်ပွဲတွင် ၎င်းကိုရှုံးနိမ့်မည်ဟု သံသယရှိသူအားလုံး၏ ထင်မြင်ယူဆချက် မှားယွင်းခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပညာရှိများ၏ ခန့်မှန်းမှုသည် မှားယွင်းခဲ့သည်။ ထို့အတူ လူထုသဘောထားမေးမြန်းထောက်ခံသူများသည်လည်း မှားယွင်းခဲ့ပြီး မျက်မှောက်ရေးရာ ဟောပြောသူများ၏ ထင်မြင်ချက်လည်း မှားယွင်းခဲ့သည်။ ဤသည်မှာ အချိုမြိန်ဆုံးအောင်မြင်မှုဖြစ်ကြောင်း ဒေးဗစ်ကင်မရွန်းက ပြောခဲ့သည်။ **(ရိုက်တာ)**

# ဆော်ဒီဦးဆောင်အာရပ်ညွန့်ပေါင်းအဖွဲ့ ယီမင်ကို အကြိမ် ၁၃၀ ဗုံးကြဲ



**ဆာနား မေ ၁၀**

ယီမင်နိုင်ငံအပေါ် ၂၄ နာရီအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၃၀ ပြုလုပ်ခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က စနေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါတိုက်ခိုက်မှုတွင် အချို့သော တိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

လေကြောင်းမှ ဗုံးကြဲချမတိုက်ခိုက်မီ ဟူသီသူပုန်များအားထောက်ခံမှုအများဆုံး ဒေသဖြစ်သည့် ယီမင်မြောက်ပိုင်းဆာနားမြို့မှ အရပ်သားများအားဘေးလွတ်ရာသို့ တိမ်းရှောင်ကြရန် အာရပ်နိုင်ငံများညွန့်ပေါင်းအဖွဲ့က တိုက်တွန်းဆော်သြခဲ့သည်ဟု ဆိုသည်။

အဆိုပါဒေသသည် လူဦးရေထူထပ်သောဒေသဖြစ်၍ သတိပေးကြေညာချက်မပြုလုပ်ဘဲ ဗုံးကြဲတိုက်ခိုက်မှု မပြုလုပ်သင့်ကြောင်း၊ ယင်းကဲ့သို့ တိုက်ခိုက်ခြင်းမှာ နိုင်ငံတကာဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ယီမင်ဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဂျိုဟန်နက်ဗန်ဒါကလာအောက အဆိုပါနေ့နှောင်းပိုင်းတွင် ကြေညာချက်ထုတ်ပြန်ရာ၌ ပြောကြားသည်။

“အရပ်သားတွေ အများစုဟာ ဆာနားမြို့မှာ ပိတ်မိနေကြတယ်။ သူတို့မှာ ကားတွေနဲ့ထွက်ဖို့ ဆီမရှိကြဘူး” ဟု ၎င်း၏ကြေညာချက်တွင် ဖော်ပြသည်။

“နေရာပေါင်း ၁၀၀ ခန့်လောက် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပါတယ်။ ဒီသီတင်းပတ်ထဲမှာ ဟူသီသူပုန်တွေက ဆော်ဒီနယ်စပ်တွေကို အမြောက်တွေနဲ့ ပစ်ခတ်ခဲ့တဲ့အပေါ် လက်တုံ့ပြန်တိုက်ခိုက်တာပါ”ဟု ညွန့်ပေါင်းအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

“ဆာနားနဲ့ ဟာဂျာပြည်နယ်တစ်ဝန်းမှာရှိတဲ့ ဟူသီသူပုန်တွေကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့တာပါ။ လေကြောင်းမှ ဗုံးကြဲသလိုမြေပြင်တပ်တွေကလည်း တင့်ကားတွေ၊ အခြားစစ်ဘက်ယာဉ်တွေနဲ့လည်း တိုက်ခိုက်ခဲ့ပါတယ်” ဟု ဗိုလ်မှူးချုပ်အာမက်အက်ဆရီက ပြောသည်။

**(ရိုက်တာ)**



# အီဘိုလာကင်းစင်ကြောင်း လိုက်ဘေးရီးယားကြေညာ

**မွန်ရိုဘီးယား မေ ၁၀**

လိုက်ဘေးရီးယား နိုင်ငံတွင် လူပေါင်း ၄၇၀၀ ကျော်သေဆုံးစေသည့် အီဘိုလာရောဂါအသစ်ထပ်မံဖြစ်ပွားမှုမရှိဘဲ ၄၂ ရက်ကြာပြီးနောက် အဆိုပါအီဘိုလာရောဂါ ကင်းစင်သွားပြီဖြစ်ကြောင်း ၎င်းအစိုးရနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က စနေနေ့တွင် ကြေညာလိုက်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါကြောင့် အာဖရိကသုံးနိုင်ငံတွင် လူပေါင်း ၁၁၀၀၅ ဦး သေဆုံးခဲ့ရကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

လိုက်ဘေးရီးယား နိုင်ငံအနေဖြင့် အီဘိုလာကို အောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်မပြီးဆုံးသေးကြောင်း သမ္မတ အယ်လ်လင်ဂျွန်ဆာလိ(ဖ်)က အီဘိုလာကုသရေးအဖွဲ့များအား ပြောကြားသည်။

တနင်္လာနေ့သည် လိုက်ဘေးရီးယားနိုင်ငံ၏ မင်္ဂလာရှိသောနေ့ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ လိုက်ဘေးရီးယားနိုင်ငံနေ ခရစ်ယာန်ဘာသာဝင်များအနေဖြင့် သေဆုံးသွားကြသူများအတွက် တနင်္ဂနွေဆုတောင်းပွဲများပြုလုပ်ကြသလို မူဆလင်တို့အနေဖြင့်လည်း သောကြာနေ့ဆုတောင်းပွဲများလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

လိုက်ဘေးရီးယား နိုင်ငံသည် ဩဂုတ်နှင့် အောက်တိုဘာလအကြား သီတင်းတစ်ပတ်အတွင်း ရာနှင့်ချီသော အီဘိုလာရောဂါ ထပ်မံကူးစက်ခံရမှု အမြင့်မားဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံက ရာနှင့်ချီသော တပ်ဖွဲ့ဝင်များ လိုက်ဘေးရီးယားသို့ ကုသရေးဆေးခန်းများ ဆောက်လုပ်ရာတွင် ကူညီပေးရန် စေလွှတ်ခဲ့သည်။ အီဘိုလာရောဂါ ကင်းစင်ကြောင်း ကြေညာမှုကို အမေရိကန်က ကြိုဆိုလိုက်သည်။ **(ရိုက်တာ)**

# မစ္စစ္စပီရဲဝန်ထမ်းနှစ်ဦး သေနတ်ပစ်ခံရ ဆေးရုံသို့ရောက်ပြီးနောက် တစ်ဦးသေဆုံး

**မစ္စစ္စပီ မေ ၁၀**

စနေနေ့က မစ္စစ္စပီပြည်နယ် ဟေတီစဘတ်မြို့ မီးပွိုင့်တွင် ယာဉ်ကြောထိန်းသိမ်းရေးလုပ်ဆောင်နေသော ရဲနှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး တစ်ဦးသေဆုံးသည်။ ပစ်ခတ်သူမှာ ရဲကားတစ်စီးကို ယူဆောင်ကာ ထွက်ပြေးသွားပြီးနောက် ကားကိုစွန့်ပစ်ခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။

ရဲများသည် ဂျက်ဆန်မြို့ အရှေ့တောင်ဘက်မိုင် ၈၀ (၁၂၉ ကီလိုမီတာ)အကွာခန့်တွင် တရားခံဟုယူဆရသူ အမျိုးသားနှစ်ဦးကို ရှာဖွေစုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ သက်ဆိုင်ရာ အာဏာပိုင်များက ဒေသခံများကို ပုံမှန်အတိုင်းနေထိုင်ကြရန် တိုက်တွန်းထားသည်။

ဟေတီစဘတ်ရှိဆေးရုံ၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ မြို့တော်ဝန် ဂျွန်နီဒူပရီကပြစ်မှုကျူးလွန်သူသည် ဟေတီစဘတ်မြို့၌ လွတ်မြောက်နိုင်မည်မဟုတ်ဟု ပြောဆိုခဲ့သည်။

ရဲအရာရှိတစ်ဦးသည် မီးပွိုင့်၌ ယာဉ်ကြောထိန်းသိမ်းရေးပြုလုပ်လျက်ရှိပြီး ကျန်ရဲအရာရှိတစ်ဦးက အကူအညီပေးရန် ရောက်ရှိလာစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြို့တော်အတွင်း၌ ၁၉၈၄ ခုနှစ်နောက်ပိုင်း ရဲအရာရှိတစ်ဦး ပထမဆုံးအကြိမ် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောခဲ့သည်။

ရဲအရာရှိနှစ်ဦးကို ဟေတီစဘတ်ရှိ Foorest အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ တစ်ဦးမှာ ဆေးရုံရောက်ပြီးနောက် သေဆုံးခဲ့သည်။

**(ရိုက်တာ)**

# နီပေါငလျင်ဒဏ်ကြောင့် သေဆုံးသူ ၁၀၀၀၀ အထက် မရှိနိုင်ဟု ကျန်းမာရေးဝန်ကြီးဌာန သတင်းထုတ်ပြန်

**ခတ္တမန္ဒူ မေ ၁၀**

နီပေါကျန်းမာရေးဝန်ကြီးက ဧပြီ ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးမှုနှုန်းသည် လူတစ်သောင်းထက် ကျော်လွန်ခြင်းမရှိနိုင်ဟု တနင်္ဂနွေနေ့က ပြောခဲ့သည်။

သေဆုံးသူဦးရေသည် စုစုပေါင်း ၈၀၀၀ မှ ၉၀၀၀ ဝန်းကျင်အထိ ရှိနိုင်သည်ဟု ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီး ခါဂရာ့ချ်အက်ဒဟီကာရီက ၎င်း၏ရုံး၌ တနင်္ဂနွေနေ့က တွေ့ဆုံမေးမြန်းမှုပြုလုပ်စဉ် ဆင်ဟွာသို့ ပြောကြားခဲ့သည်။

၇ ဒသမ ၉ ပြင်းအားပမာဏရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၇၉၁၃ ဦး သေဆုံးပြီး ၁၇၈၇၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းများအရ သိရသည်။

**(ဆင်ဟွာ)**

# စာနယ်ဇင်းလွတ်လပ်ခွင့်ရှိမှ ဒီမိုကရေစီရှင်သန်နိုင်ပါတယ်

တွေ့ဆုံမေးမြန်း
ခင်မောင်ထွေး

## ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုပေးပွဲ နိုင်ငံတကာ ဂျူရီ(ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း

မေလ ၃ ရက် ညနေပိုင်းက ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် UNESCO/ Guillermo Cano ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်ဆုပေးပွဲကို လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ကျင်းပခဲ့ရာ ၂၀၁၅ ခုနှစ် နိုင်ငံတကာဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) တက်ရောက်ခဲ့သည့်သတင်းကို သတင်းစာများတွင် ဖတ်ရှုခဲ့ရသည်။

သို့ဖြစ်၍ ၁၉၈၆ ခုနှစ်က မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်များအကြောင်းကို စုံစမ်းထောက်လှမ်း သတင်းများ ရေးသားခဲ့၍ လုပ်ကြံခြင်းခံခဲ့ရသူ ကိုလံဘီယာ ဂျာနယ်လစ် ဂွယ်လာ မိုကာနိုကို ဂုဏ်ပြုသောအားဖြင့် ပေးအပ်ချီးမြှင့်ခဲ့သော ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့် ဆုပေးပွဲအတွေ့အကြုံများ၊ မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့် ပိုမိုတိုးတက်စေရေး အတွက် အကြံပြုချက်များ၊ လွတ်လပ်ပြီး အရည်အသွေးပြည့်ဝသည့် ပရောဖက်ရှင်နယ်ပီသသော မီဒီယာများ ပိုမိုဖြစ်တည်လာရေး အတွက် သုံးသပ်အကြံပြုချက်များ နှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် နိုင်ငံတကာ ဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ မြန်မာသတင်းစာဆရာ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ ဂွယ်လာမိုကာနို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲ အတွေ့အကြုံတွေ ရှင်းပြပေးပါဦး ဆရာ။**

ဖြေ။ ။ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ကို နှစ်စဉ် အလှည့်ကျ ကျင်းပပါတယ်။ အခု ဥရောပသမဂ္ဂက အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ လတ်ဗီးယားက အိမ်ရှင်အဖြစ် ကျင်းပတယ်။ UNESCO အဖွဲ့ချုပ်ကနေ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်ဆုအတွက် လွတ်လပ်သော နိုင်ငံတကာ ဂျူရီ လူကြီးမင်းများအဖြစ် လေးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ပေးဖို့ လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ကျွန်တော့်ကို တာဝန်ပေးထားပါတယ်။ ဆုရွေးချယ်ရေးအဖွဲ့မှာ လွန်ခဲ့တဲ့ နှစ်နှစ်ကာလအတွင်း သာမန်ဂျူရီလူကြီးအဖြစ် ရှိပြီး အခု တတိယနှစ်မှာတော့ ဂျူရီတစ်ခုလုံးရဲ့ဥက္ကဋ္ဌအဖြစ် ဦးဆောင်ဖို့ တာဝန်ပေးခြင်းခံရပါတယ်။ ဂျူရီဥက္ကဋ္ဌတာဝန်ကလည်း ဂျူရီအဖွဲ့ဝင်တွေကြားထဲမှာ အလှည့်ကျ တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ နောက်နှစ်မှာတော့ သာမန်ဂျူရီအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ဖို့ ကျန်ရှိနေပါသေးတယ်။



နိုင်ငံတကာဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) အား တွေ့ဆုံမေးမြန်းစဉ်။

ဂျူရီ ၁၂ ယောက်ကို ကမ္ဘာအနှံ့မှာရှိနေတဲ့ တိုက်ကြီးတွေ အကုန်လုံးက ရွေးချယ်ထားတာ ဖြစ်ပါတယ်။ အာရှတိုက်ကဆိုရင် ကျွန်တော်နဲ့ အင်ဒိုနီးရှားက နှစ်ယောက်ပါ။ အခု အခမ်းအနားကို သွားတက်ရောက်ရတဲ့အကြောင်းရင်းကတော့ ကျွန်တော်ကိုယ်တိုင်က ဂျူရီ ၁၂ ဦးရဲ့ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရတာကြောင့် သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်တွေ၊ တာဝန်ရှိသူများနှင့်အတူ ဂျူရီဥက္ကဋ္ဌ မိန့်ခွန်း တက်ရောက်ပြောကြားပေးရတဲ့ အစီအစဉ်ကြောင့်လည်း သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ အခုနှစ် ဆုရရှိခဲ့တဲ့ ဆီးရီးယားနိုင်ငံသား သတင်းစာဆရာ မစ္စတာ မေဇင်ဒါဝစ်ကို ဘယ်လိုစံနှုန်းများအပေါ်အခြေခံပြီး ရွေးချယ်ခဲ့ပါသလဲ။**

ဖြေ။ ။ လွတ်လပ်စွာရေးသားခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်ပြီး ဘယ်လောက်အတိုင်းအတာထိ ကိုယ်ကျိုးစွန့် အနစ်နာခံသလဲဆိုတဲ့အချက်၊ ရဲရဲဝံ့ဝံ့စွန့်စားလုပ်သလဲဆိုတဲ့အချက် ဒါတွေအပေါ်မူတည်ပြီး ပေးခြင်းဖြစ်တယ်။ ရွေးချယ်ရာမှာလည်း တစ်ကမ္ဘာလုံးက အဆိုပြုတာရှိသလို၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ အဆိုပြုတာရှိတယ်။ အဆိုပြုတာ စံနှုန်းဝင်တဲ့ အဆိုပြုလွှာပေါင်း ၂၀ ကျော်ရတဲ့အထဲကမှ ဆန်ခါတင် ၁၂ ယောက်ရွေးတယ်။ ၁၂ ယောက်ထဲမှ ခြောက်ယောက် ပြန်ရွေးတယ်။ ခြောက်ယောက်မှ သုံးယောက်၊ သုံးယောက်မှ နှစ်ယောက်၊ နှစ်ယောက်ကနေ တစ်ယောက် အဆင့်ဆင့်ပြန်ရွေးတယ်။ အချိန်တစ်လကျော်ကြာကြာ တောက်လျှောက်မဲပေးတဲ့စနစ်နဲ့ ကျင့်သုံးခဲ့တာမှာ ဆီရီးယားနိုင်ငံသား မေဇင်ဒါဝစ် အနေနဲ့ စံနှုန်းတွေနဲ့ ကိုက်ညီတာကြောင့် ဂျူရီအားလုံးက မဲပေးတာကြောင့် ကန့်ကွက်သူမရှိဘဲရတာပါ။ ဆီရီးယားနိုင်ငံ ဒီမိုကရေစီပြောင်းလဲရေးမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်စင်တာပါ ထောင်ခဲ့တဲ့သူဖြစ်တယ်။ လောလောဆယ်လည်း ထောင်ကျခံနေရတယ်။ သူ့ကိုယ်စား သူ့မိန်းမက ဆုကိုတက်ယူပါတယ်။ ဒီဆုကို ၂၀၀၁ ခုနှစ်က မြန်မာနိုင်ငံက သတင်းစာဆရာကြီး ဦးဝင်းတင်ရခဲ့ပါတယ်။ ဆုပေးပွဲနှင့်အတူတွဲပြီး မီဒီယာသမားများနှင့် ဆက်စပ်တဲ့အကြောင်းအရာများကို ဆွေးနွေးတဲ့ကွန်ဖရင့်တွေပါတယ်၊ ဆွေးနွေးကြတယ်။ နိုင်ငံတစ်နိုင်ငံ၏ ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းထက် တစ်ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတွေနဲ့ပတ်သက်ပြီးဖြစ်နေတဲ့ ပတ်ဝန်းကျင်နဲ့ဆက်စပ်ပြီး ဆွေးနွေးတာဖြစ်တယ်။ ဘာတွေလုပ်သင့်တယ်ဆိုတာ UNESCO ကို အကြံပြုမယ်၊ သက်ဆိုင်ရာအစိုးရကို အကြံပေးမယ်။ လတ်ဗီးယားနိုင်ငံအတွက် ရီဂါကြေညာစာတမ်းထွက်တယ်။ အကြံပေးချက် တိုက်တွန်းချက်တွေပါတယ်။ နိုင်ငံတွေက ဘာတွေ လုပ်သင့်တယ်ဆိုတာပါတယ်။

**မေး။ ။ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ကို မြန်မာနိုင်ငံမှာလည်း စတုတ္ထအကြိမ်မြောက် ကျင်းပခဲ့ရာမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တို့လည်း တက်ရောက်အမှာစကားပြောကြားခဲ့ကြပါတယ်။ ဒါဟာ အနာဂတ် မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့်အတွက် အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ရပ်လို့ဆိုနိုင်ပါသလား၊ ဆရာ့အမြင်ကို သိလိုပါတယ်။**

ဖြေ။ ။ စာနယ်ဇင်းလွတ်လပ်ခွင့်က အားလုံးနဲ့ဆိုင်ပါတယ်။ အကုန်လုံးပါဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာလုပ်တဲ့ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားကို နှစ်ကြိမ်တက်ခဲ့ပါတယ်။ ဒီနှစ်ကတော့ မတက်နိုင်ခဲ့ဘူး။ ပြည်ထောင်စုဝန်ကြီးရဲ့ မိန့်ခွန်းရော၊ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းရော ကျွန်တော်ဖတ်ရပါတယ်။ အင်မတန်မှ မှတ်သားစရာကောင်းပါတယ်။

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး သူ့ဘက်အမြင်၊ ကိုယ့်ဘက်အမြင် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေလည်း ရှိတတ်ပါတယ်။ ဆရာ့အနေနဲ့ ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆိုချင်ပါသလဲ။**

ဖြေ။ ။ စာနယ်ဇင်းလွတ်လပ်ခွင့်ကို သူ့ဘက်အမြင် ကိုယ့်ဘက်အမြင်ဆိုတာထက် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းထဲမှာလည်း ပါပြီးပါပြီ။ UNESCO ရဲ့ World Press Freedom နဲ့ပတ်သက်တဲ့ UNESCO ရဲ့ Freedom of Expression (လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မြန်မာနိုင်ငံမှာမို့လို့ ဒီလို၊ အမေရိကန်နဲ့ အင်္ဂလန်မှာမို့လို့ ဒီလိုဆိုတာ မရှိပါဘူး။ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ တစ်ခုတည်းပါပဲ။ ဒါပေမဲ့ တစ်ခုပြောချင်တာက စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ လွတ်လပ်စွာပြောဆိုခွင့် Freedom of Expression နဲ့ Freedom of Press ကလည်း အတူတူပါပဲ။ ဒါတွေက တွဲတွဲပြီး သုံးနေတဲ့စကားလုံးတွေဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရှင်သန်ဖို့က Freedom of Press မရှိလို့ လုံးဝမရပါဘူး။ Freedom of Press ရှိမှသာ ဒီမိုကရေစီရှင်သန်နိုင်ပါတယ်။ ဒီမိုကရေစီဘယ်လောက်ထွန်းကားနေပြီလဲဆိုတာကို တိုင်းတာတဲ့အခါမှာ Freedom of Press ကလည်း တိုင်းတာတဲ့ကိရိယာတစ်ခုဖြစ်ပါတယ်။

**မေး။ ။ မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့် အညွှန်းကိန်း ယခုထက်ပိုပြီး တိုးတက်လာအောင် ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ။ ။ စာနယ်ဇင်းလွတ်လပ်ခွင့် Index (အညွှန်း) အမြင့်ဆုံးရောက်နေတဲ့နိုင်ငံတွေကို ကျွန်တော်ပြန်လေ့လာကြည့်တဲ့အခါမှာ အခုဆို နံပါတ်တစ်က ဖင်လန်နိုင်ငံဖြစ်ပါတယ်။ အဲဒီနိုင်ငံက တိုင်းပြည်ရဲ့ စီးပွားရေးခနအင်အား အဖွံ့ဖြိုးဆုံး၊ အချမ်းသာဆုံး နိုင်ငံတွေထဲမှာပါတယ်။ နောက်တစ်ခါ ပညာရေးချိန် မြင့်မားတဲ့ နိုင်ငံတွေဖြစ်ပါတယ်။

ကျွန်တော်ပြန်တွက်တော့ စာနယ်ဇင်းလွတ်လပ်ခွင့်ဟာ ဒါတွေနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဆင်းရဲတဲ့နိုင်ငံတွေ၊ ပညာရေးချိန်နိမ့်ပါးနေတဲ့ နိုင်ငံတွေမှာ စာနယ်ဇင်းလွတ်လပ်ခွင့် နံပါတ်တစ်ဖြစ်ဖို့ One to Ten ဝင်ဖို့က ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ စာနယ်ဇင်း လွတ်လပ်ခွင့် ထိပ်ဆုံးရောက်နေတဲ့ နိုင်ငံတွေ ကြည့်လိုက်ရင် ဥရောပဘက်က နိုင်ငံတွေပဲဖြစ်တယ်။ အာရှနိုင်ငံတွေ တောင်မှ စာနယ်ဇင်းလွတ်လပ်ခွင့်မှာ မပါဘူး။ အရင်တုန်းက စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ စာနယ်ဇင်းတစ်ခုတည်း၊ စာနယ်ဇင်းသမားတွေနဲ့ပဲ ဆိုင်တယ်လို့ထင်တယ်။ အခု စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ အားလုံးနဲ့ ဆိုင်သွားတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကျွန်တော်တို့ မီဒီယာသမားတွေကလည်း ကြိုးစားဖို့လိုတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပညာရေး ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးခနအင်အားကြွယ်ဝအောင် အရင်လုပ်ရမယ်။ အဲဒီလိုလုပ်ပြီးမှ စာနယ်ဇင်းလွတ်လပ်ခွင့်ကို လုပ်ဖို့ပြောတာတော့ မဟုတ်ပါဘူး။ အကုန်လုံး တစ်ပြိုင်နက်သွားရမှာပါ။ ဆိုလိုချင်တာက လူတွေတိုးတက်လာမယ်၊ ပညာရေးချိန်တွေ မြင့်မားလာမယ်၊ အမှားနဲ့အမှန် ခွဲခြားသိလာမယ်၊ ဆင်ခြင်တုံတရားတွေကို ပိုပြီးသိလာမယ်။ သတင်းတစ်ပုဒ်ကို ဖတ်လိုက်တဲ့အခါမှာ ပညာရေးချိန် မြင့်မားတဲ့အခါကျတော့ ဒီသတင်းဟာ လိမ်တဲ့သတင်းလား၊ မှန်တဲ့သတင်းလား၊ မှားတဲ့သတင်းလား၊ အန္တရာယ်ရှိတဲ့ သတင်းလား၊ ကောင်းတဲ့သတင်းလား၊ လူတွေက ခွဲခြားနိုင်လာမယ်။ ချမ်းသာကြွယ်ဝမှုရယ်၊ ပညာရည်မြင့်မားမှုရယ်၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုရယ် ချိတ်ဆက်နေတယ်လို့ ပြောချင်ပါတယ်။ ဒီမိုကရေစီ စံနှုန်းတွေကို လူတွေက လိုက်နာနိုင်တဲ့အချိန်မှာ စကားလုံးတစ်လုံးနဲ့ပြောရင် သူ့စည်းကိုယ့်စည်းနဲ့ နေနိုင်တဲ့အချိန်၊ မိမိကိုယ်မိမိထိန်းသိမ်းနိုင်တဲ့ လူ့အဖွဲ့အစည်းကြီး ဖြစ်သွားတဲ့အခါမှာ စာနယ်ဇင်းလွတ်လပ်ခွင့်က ပိုပြီးဖြစ်သွားတာပါပဲ။ အခု ရီဂါမြို့က ပြန်လာတဲ့အချိန်မှာ ကျွန်တော့်ယုံကြည်ချက်၊ ခံစားချက်က စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာကို စာနယ်ဇင်းလွတ်လပ်ခွင့်ကိစ္စတစ်ခုတည်းနဲ့ ဖြေရှင်းလို့ ဘယ်လိုမှမရနိုင်ဘူး။ နိုင်ငံရေးပြဿနာတွေ၊ စီးပွားရေး ပြဿနာတွေ၊ ပညာရေးရေချိန်တွေနဲ့ ရော ကျွန်တော်တို့ပေါင်းပြီး ဖြေရှင်းရမယ်။ သို့သော် အဲသလိုပြောလို့ ပစ်ထားဖို့တော့မဟုတ်ဘူး။ ကျွန်တော်တို့ တိုးတက်မှာပဲ။ ကျွန်တော်တို့လောကက စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကြိုးစားရင်း စာနယ်ဇင်း လွတ်လပ်ခွင့်က တိုးတက်လာမှာပဲ။ ဒါပေမယ့် နိုင်ငံတကာစံနှုန်းနဲ့ ဆိုရင်တော့ တခြားအချက်အလက်တွေ ကျွန်တော်တို့သွားဖို့ လိုပါတယ်။

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်အခြေအနေအပေါ် ဘယ်လို သုံးသပ်ချင်ပါသလဲ။**

ဖြေ။ ။ ဆင်ဆာမရှိတာနဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ရှိပြီလို့ ပြောလို့မရပါဘူး။ ဆင်ဆာမရှိခြင်းက စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် အထောက်အပံ့ပြုတဲ့ အချက်တစ်ချက်ပဲဖြစ်တယ်။ အချက်တွေ အများကြီးရှိပါတယ်။ နံပါတ်တစ်က ဆင်ဆာမရှိဘူး။ နံပါတ်နှစ်က လူတွေက သတင်းအချက်အလက်များကို ဝင်ရောက်ရယူပိုင်ခွင့်ရှိရမယ်။ နံပါတ်သုံးကတော့ သတင်းအချက်အလက်တွေက သတင်းဗဟုဝါဒထွန်းကားဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးပေါင်းစုံက သတင်းအချက်အလက်တွေရရှိနိုင်ရမယ်။ မီဒီယာတွေကလည်း အဲဒီကို အကုန်လုံးရောက်ရမယ်။ FM ရေဒီယိုတွေက နိုင်ငံအနှံ့ရောက်ရမယ်။ ဒါ ပျံ့နှံ့မှု၊ အဲဒါတွေလည်း မူတည်ပါတယ်။ ကျွန်တော်တို့က သတင်းလွတ်လပ်ခွင့်ကို တိုင်းတာတဲ့အခါမှာ ဒီသုံးချက်ကို တိုင်းပါတယ်။

အဲဒီတော့ အမှတ်(၃၀)စီပေးတယ်ဆိုပါစို့၊ မြန်မာနိုင်ငံက ဆင်ဆာမရှိတဲ့အတွက် အမှတ်(၃၀) တော့ ရထားတာပါ၊ ကျန်တဲ့နှစ်ချက်ကတော့ အမှတ်ပြည့်မရသေးဘူး။ ကြောက်စရာကောင်းတဲ့ကိစ္စက Self-censorship။ သတင်းတစ်ပုဒ် ကျွန်တော့်လက်ထဲရောက်လာရင် ဒီသတင်းကို ကျွန်တော်က ကိုယ့်ဘာသာဆင်ဆာဖြစ်နေရပါတယ်။ ထည့်လိုက်ခြင်းအားဖြင့် ဘာပြဿနာများတက်မလဲ။ ဘယ်သူကများ တရားစွဲမလဲဆိုပြီး စိတ်က လေးနေပါတယ်။ နိုင်ငံတကာမှာလည်း တရားမစွဲဘူးလားဆိုတော့ စွဲပါတယ်။ ဒါပေမယ့် ဒီမှာက ကန့်သတ်ချက် ပိုများတယ်။ ဒီသတင်းတစ်ခုက နိုင်ငံတကာမှာ ဘာမှ စဉ်းစားစရာမလိုဘဲ ထည့်လို့ရတဲ့သတင်းမျိုးကို မြန်မာနိုင်ငံမှာ စဉ်းစားနေရတယ်။ ဒါတွေကို လျှော့ပါးအောင်လုပ်ဖို့ လိုပါတယ်။ တိုးတက်အောင် လုပ်ဖို့လည်း နည်းလမ်းတွေ အများကြီး ကျန်ပါသေးတယ်။

(ဆက်လက်ဖော်ပြပါမည်)

---

■ ရှေ့ဖုံးမှ

အရည်အသွေးမြင့်မားသော တန်ဖိုးမြင့်ကုန်ထုတ်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သင်တန်းပေးခြင်း၊ ၎င်းထုတ်ကုန်များကို ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောင်းချနိုင်စေရေးအတွက် လက်မှုပစ္စည်းဈေး၊ စားသောက်ကုန် ထုတ်လုပ်ရေးဗဟိုဌာန တည်ဆောက်ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ကူညီမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မော်လမြိုင်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က ပြောကြားသည်။

စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဂျပန်အစိုးရ၏ JFPR Grant ထောက်ပံ့ငွေ ဒေါ်လာ သုံးသန်းဖြင့် စီမံကိန်းအကြံပြုချက်လုပ်ငန်းများ၊ အုပ်ချုပ်မှုကိစ္စရပ်များ၊ လေ့ကျင့်ပညာပေးရေး၊ ထောက်ပံ့ငွေစီမံခန့်ခွဲမှုတို့အတွက် ၁၀၀ ရာခိုင်နှုန်း အကူအညီပေးမည်ဖြစ်ပြီး ဌာနရုံးခန်းဖွင့်လှစ်နိုင်ရေး မြေနေရာကို မွန်ပြည်နယ်အစိုးရက တာဝန်ယူပေးရမည်ဖြစ်သည်။

စီမံကိန်းတွင် မော်လမြိုင်မြို့၌ လက်မှုပစ္စည်းဈေး ဆောက်လုပ်မည်ဖြစ်သဖြင့် မွန်ပြည်နယ် ဒေသနေပြည်သူများအနေဖြင့် မိမိတို့ ထုတ်လုပ်ထားသော ဒေသထွက်လက်မှုကုန်ပစ္စည်းများ၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်ပြုလုပ်သောစားသောက်ကုန်ပစ္စည်းများကို ခက်ခက်ခဲခဲဈေးကွက်ရှာဖွေစရာမလိုဘဲ အလွယ်တကူ ဈေးကွက်တင် ရောင်းဝယ်နိုင်မည်ဖြစ်သည်။ ကျိုက်ထိုမြို့နယ်တွင်လည်း စားသောက်ကုန် ထုတ်လုပ်ရေးဗဟိုဌာနဖွင့်လှစ်ပြီး နည်းပညာမြင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာတို့အတွက် သင်တန်းပို့ချပေးခြင်းများပြုလုပ်မည်ဟု လျာထားသဖြင့် မိမိတို့ပြည်နယ်တွင်းမှာပင် အရည်အသွေးပြည့်မီသော တန်ဖိုးမြင့်စားသောက်ကုန်များကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

၎င်းသို့ဖြင့် အထက်ပါစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ကာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပါက ထိုစီမံကိန်းက မွန်ပြည်နယ်တွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်မည်ဖြစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ စီးပွားရေးဝန်ဆောင်မှု တိုးလာနိုင်ခြင်း၊ ငွေချေးယူမှု၊ ရောင်းဝယ်မှုနယ်ပယ် ကျယ်ပြန့်လာနိုင်ခြင်း၊ ၎င်းလုပ်ငန်းရှင်များစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားလာစေနိုင်ခြင်း၊ ဈေးကွက်နှင့် ထုတ်ကုန်အရည်အသွေးများ တိုးတက်လာနိုင်ခြင်း၊ ထိရောက်သော စီမံခန့်ခွဲမှုနှင့် ထိန်းထားနိုင်သော စွမ်းဆောင်ရည် ပြည့်ဝလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာစေမည်ဖြစ်သည်။

# ကျွန်တော်နဲ့ ပညာရေးခရီးရှည်

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

လာမယ့် စနေနေ့ ကျွန်တော်ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ဘွဲ့ယူမှာဖြစ်ပါတယ်။ ယူမယ့် ဘွဲ့က Doctor of Letters (Honoris Causa) ဖြစ်ပါတယ်။ လက်တင်ဘာသာစကားအရ D.Litt လို့ ခေါ်ပါတယ်။ မြန်မာလိုကတော့ စာပေပါရဂူဘွဲ့လို့ ခေါ်ပါတယ်။ ဒီဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ရန်ကုန်စီးပွားတက္ကသိုလ်က ချီးမြှင့်တာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ကျန်ပုဂ္ဂိုလ် ၁၃ ဦးလည်း ဒီဘွဲ့ကိုယူကြမှာဖြစ်ပါတယ်။

အမှန်တော့ ကျွန်တော်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ၁၉၆၅ ခုနှစ်မှာ ပထမဘွဲ့ကိုရခဲ့ပါတယ်။ ဘွဲ့က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ ဖြစ်ပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမမှာ ဘွဲ့တက်ယူတဲ့အခါ မိဘနှစ်ပါးလည်း ပါခဲ့တယ်။ သားအကြီးဆုံးဖြစ်တဲ့ ကျွန်တော်ဘွဲ့ရတာကို မိဘနှစ်ပါး ဂုဏ်ယူတာကို အခုအချိန်ထိ မှတ်မိနေပါသေးတယ်။ ဒီတုန်းက ဘွဲ့ရဖို့ လေးနှစ်တက်ရပါတယ်။ တက္ကသိုလ်ဝင်တန်းကို ၁၉၆၀ ပြည့်နှစ်မှာ အောင်မြင်ပြီး ၁၉၆၁ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ရောက်ခဲ့ပါတယ်။ ဒီတုန်းက ပထမနှစ်နှစ်ကို ဘီအိုစီကောလိပ်လို့ခေါ်တဲ့ ဥပစာဝိဇ္ဇာသင်တန်းကျောင်းမှာ တက်ခဲ့ပါတယ်။ ဝိဇ္ဇာဘာသာတွဲယူတဲ့ ကျောင်းသား ကျောင်းသူတွေကို သထုံလမ်းမှာရှိတဲ့ ဘီအိုစီကောလိပ်မှာ ကျောင်းတက်ခိုင်းပြီး ဥပစာသိပ္ပံတက်သူတွေကိုတော့ လိပ်ခုံးလို့ခေါ်တဲ့ ပြည်လမ်းနံဘေးက အဆောက်အအုံအသစ်တွေမှာ တက်စေပါတယ်။ အခုတော့ ဒီလိပ်ခုံးကြီးကမရှိတော့ပါဘူး။

ကျွန်တော်တို့ ဥပစာအတန်းတွေ တက်နေတုန်းက ဥပစာသိပ္ပံသင်တန်းကျောင်းအသစ်ကြီးကို အမေရိကန်နိုင်ငံရဲ့အကူအညီနဲ့ ဆောက်လုပ်ထားလို့ အလွန်ခမ်းနားလှပါတယ်။ လိပ်ခုံးအပြင် အခု လှိုင်ကောလိပ်ဝင်းမှာရှိတဲ့ အဆောင်တွေ၊ အခု အမ်ဘီအေသင်တန်းလုပ်နေတဲ့ ပတ္တမြားဆောင်တွေဟာ ပုံတူဆောက်လုပ်ထားတာဖြစ်ပါတယ်။ ရိုးရိုးအုတ်နဲ့ဆောက်တာမဟုတ်ဘဲ စဥ့်အုတ်တွေဖြစ်တာမို့ ကြည့်လို့လည်းကောင်းတာ၊ တာရှည်လည်းခံပါတယ်။ အခုလို သထုံလမ်း ဘီအိုစီကောလိပ်တက်ရပေမယ့် လိပ်ခုံးဘက်မှာလည်း တချို့အတန်းတွေ တက်ရတယ်။ ဒါကြောင့် ဥပစာသိပ္ပံက ကျောင်းသားတွေနဲ့ အဆက်အသွယ်မပြတ်ခဲ့ဘူး။ ကျွန်တော်နေခဲ့တဲ့ ကျောင်းကတက္ကသိုလ်ဝင်တန်းအောင်ပြီးရင် ၈၀ ရာခိုင်နှုန်းက သိပ္ပံလမ်းကိုရွေးကြတယ်။ ဥပစာသိပ္ပံ နှစ်နှစ်တက်ပြီးရင် ဆရာဝန်လိုင်းတို့၊ အင်ဂျင်နီယာလိုင်းတို့ကို ရွေးချယ်ကြတာ။ အနည်းစုလောက်ပဲ ဥပစာဝိဇ္ဇာလိုင်းရွေးကြတာ။ ဥပစာဝိဇ္ဇာရွေးတဲ့အခါမှာလည်း စီးပွားရေးပညာကို အထူးပြုခဲ့ကြတယ်။ ဥပစာဝိဇ္ဇာ နှစ်နှစ်တက်တုန်း ကျွန်တော်တို့က ဘာသာတွဲကို ရွေးခွင့်ရတယ်။ ကျွန်တော်က ဘောဂဗေဒ၊ သင်္ချာနဲ့ ဒဿနိကဗေဒ ဘာသာတွဲကိုယူရတယ်။ ကျွန်တော်တို့နှစ်မှာ ထီးတန်းနဲ့ ရန်ကင်းကို မတက်ခဲ့ရဘူး။ အရင်တုန်းက ဥပစာဝိဇ္ဇာနဲ့ သိပ္ပံအတန်းတွေကို ကြည့်မြင်တိုင် ထီးတန်းကောလိပ်နဲ့ ရန်ကင်းကောလိပ်မှာ ဖွင့်ခဲ့တာ။ ထီးတန်းမှာ ဝိဇ္ဇာဘာသာဖြစ်ပြီး ရန်ကင်းကတော့ သိပ္ပံဘာသာဖြစ်တယ်။

ဥပစာဝိဇ္ဇာနှစ်နှစ်တက်ပြီးမှ တတိယနှစ်ရောက်တဲ့အခါ အထူးပြုဘာသာရပ်ကို ရွေးရပြန်တယ်။ ကျွန်တော်က ဝါဏိဇ္ဇဗေဒဘာသာတွဲကို ယူတဲ့အခါ ဒီတုန်းက B.Com ဘွဲ့က ခေတ်စားတာမို့ ယူလိုက်တာ။ ပြီးတော့ ဦးလေးအငယ်တစ်ယောက်က B. Com ယူခဲ့တာ။ တတိယနှစ်မှာ တက္ကသိုလ်ရိပ်သာလမ်းရဲ့ လက်ယာဘက်ကျတဲ့ ဒီတုန်းက လူမှုရေးသိပ္ပံလို့ခေါ်တဲ့ နေရာမှာ တက်ခဲ့ရတာ။ နောက်ဆုံးနှစ်ရောက်တော့ တက္ကသိုလ်ပညာရေး ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး စီးပွားရေးတက္ကသိုလ် ဖွင့်လှစ်လိုက်တော့ ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ကို ဒီကျောင်းမှာပဲ ယူခဲ့ရတာ။ ဘွဲ့ကို အမှတ်ကောင်းကောင်းနဲ့အောင်မြင်ခဲ့တာမို့ စီးပွားရေးတက္ကသိုလ်မှာပဲ နည်းပြဆရာအဖြစ် တာဝန်ယူခဲ့တာ။ ဒီတုန်းက ၁၉၆၆ ခုနှစ်ပေါ့။ နည်းပြဆရာဖြစ်ပြီး နှစ်နှစ်ကျော်မှာ မဟာဝါဏိဇ္ဇဝိဇ္ဇာ အရည်အချင်းစစ်စာမေးပွဲကို ဖြေခဲ့ရပြီး အောင်မြင်ခဲ့ပါတယ်။

စီးပွားရေးတက္ကသိုလ်မှာ အလုပ်လုပ်ရင်း ကိုယ့်ရဲ့ဆရာသမားတွေကို အားကျနေမိတယ်။ ကျွန်တော်တို့ဌာနရဲ့ဌာနမှူးက ဆရာကြီး စောဝီလျံပေါ့။ သူက မြန်မာပြည်မှာ ပထမဦးဆုံး Harvard တက္ကသိုလ်က အမ်ဘီအေကို ရခဲ့သူဖြစ်ပြီးတော့ ဆရာ ဦးခင်မောင်ကြည်၊ သူလည်း Harvard ကပဲ အမ်ဘီအေရခဲ့သူ။ နောက်တော့ Cornell တက္ကသိုလ်က ပါရဂူဘွဲ့ရခဲ့တာ။ ဝါဏိဇ္ဇဗေဒဌာနက ဆရာဆရာမတွေ အားလုံးလိုလို အမေရိကန်ပြည်ထောင်စုက အမ်ဘီအေဘွဲ့တွေ ယူလာခဲ့ကြတယ်။ ဘောဂဗေဒဌာနမှာ ဆရာကြီး ဦးအေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ စာရင်းအင်းဌာနမှာ ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်၊ သင်္ချာဌာနမှာ ဆရာ ဒေါက်တာချစ်ဆွေ၊ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ဆရာ ဒေါက်တာ တင်အောင်၊ ဒေါက်တာ ဦးလှသွင်၊ ဒေါက်တာ လှဘူး၊ ဒေါက်တာကျော်သက်၊ သူတို့လိုသိပ်ဖြစ်ချင်တာ။ စိတ်ထဲမှာ နိုင်ငံခြားပညာတော်သင်သွားပြီး ဒေါက်တာဘွဲ့ကိုပဲ လိုချင်နေမိခဲ့တယ်။

ဒါနဲ့ ၁၉၇၀ ပြည့်နှစ်မှာ နိုင်ငံခြားပညာတော်သင်စာမေးပွဲကို ဝင်ဖြေခဲ့တယ်။ ရေးဖြေအောင်ပေမယ့် နှုတ်ဖြေမှာ အမျိုးတော်တဲ့အမှုနဲ့ မရခဲ့ဘူး။ နောက်တစ်နှစ်ထပ်ကြိုးစားခဲ့တယ်။ ဒါနဲ့ ၁၉၇၁ ခုနှစ်မှာ နိုင်ငံခြားပညာတော်သင်အဖြစ် အရွေးခံခဲ့ရပြီး အင်္ဂလန်နိုင်ငံကို သွားခဲ့တာ။ ဘွဲ့လွန်သင်တန်းတက်ဖို့ လျှောက်လွှာတင်တဲ့အခါ စောစောကလုပ်ခဲ့တဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုကြောင့် ဒုက္ခရောက်တော့တာပဲ။ ကျွန်တော်ရထားတဲ့ဘွဲ့က ဝါဏိဇ္ဇဝိဇ္ဇာ၊ ယူတဲ့ကျောင်းက စီးပွားရေးတက္ကသိုလ် မြန်မာလိုခေါ်တော့ ဟုတ်နေတာပဲ။ ဒါပေမယ့် အင်္ဂလိပ်လိုကတော့ Institute of Economics ဖြစ်နေတာမို့ အင်္ဂလန်ကျောင်းတွေက အသိအမှတ်မပြုဘူး၊ Institute ဆိုတာက University မဟုတ်ဘူးလေ။ ကျွန်တော်အမျိုးမျိုးရှင်းပြပေမယ့် မရခဲ့ဘူး။ ဒါနဲ့ မဟာသိပ္ပံဘွဲ့မတက်မီ ပထမနှစ်မှာ ဘွဲ့လွန် ဒီပလိုမာသင်တန်းကို တက်ခွင့်ပြုခဲ့တယ်။ အခေါ်အဝေါ်က post-graduate Diploma in Management Studies (ဘွဲ့လွန်စီမံခန့်ခွဲမှု ဒီပလိုမာ)။ တက်ရတဲ့ကျောင်းကလည်း အင်္ဂလန်နိုင်ငံက တီထွင်ခဲ့တဲ့ Polytechnic အခုတော့ အင်္ဂလန်နိုင်ငံမှာ Polytechnic တွေကို ရုပ်သိမ်းလိုက်ပြီး University အဖြစ် ပြောင်းလဲခဲ့တယ်။ ဒီဘွဲ့လွန်ဒီပလိုမာသင်တန်းက တစ်နှစ်တက်ရတာ။ ကျွန်တော့်အဖို့က မခက်ခဲလှဘူး။ စာမေးပွဲစစ်တော့ ဘာသာစုံ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တယ်။ ဘွဲ့လွန်ဒီပလိုမာရပြီး မဟာသိပ္ပံဘွဲ့ယူဖို့ အင်္ဂလန်နိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ Warwide တက္ကသိုလ်ကို တက်ခဲ့တယ်။

> **ပါရဂူဘွဲ့လွန်ကို လူတွေက သိပ်မသိကြဘူး။ ပါရဂူဘွဲ့ကို ပညာရေးလမ်းရဲ့ အထွတ်အထိပ်လို့ ထင်နေကြတာ။ အမှန်တော့ ပါရဂူဘွဲ့ပြီးရင် ပါရဂူဘွဲ့လွန်ဆိုတာ ရှိသေးတယ်။**

ယူတဲ့ဘာသာ ခက်တယ်။ သင်္ချာသိပ်များတာ။ Operations Research (အသုံးချသုတေသန)ဘာသာ အထူးပြုခဲ့တာ။ ဒီဘာသာကို ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်တွေကအသုံးပြုခဲ့တယ်။ ရေငုပ်သင်္ဘော ချေမှုန်းရေးအစီအစဥ်တွေမှာ သင်္ချာပုံစံငယ်တွေ တည်ဆောက်ပြီး ဂျာမန်သင်္ဘောတွေကို အောင်နိုင်ခဲ့တာ။ ဂျာမန်နိုင်ငံကို ဗုံးကြဲတဲ့အခါမှာလည်း ဒီဘာသာကို အသုံးချပြီးတွက်ချက်ခဲ့တယ်။ စစ်အတွင်းက တီထွင်ခဲ့တဲ့ ဘာသာကိုစစ်အပြီးမှာ စီးပွားရေးလုပ်ငန်းတွေ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာအသုံးချခဲ့ရင်း စီမံခန့်ခွဲမှုပညာတစ်ရပ်အဖြစ် ရပ်တည်လာခဲ့တယ်။ သင်္ချာတွေများတာမို့ အတော်ကြိုးစားရတယ်။

ကျွန်တော်က ပုံမှန်အားဖြင့် အတွက်အချက်ကို ဝါသနာမပါလှဘူး။ ဒါပေမယ့် အသုံးချသုတေသနမှာ အတွေးအခေါ် အယူအဆတွေမှာတော့ ကျွန်တော့်စိတ်နဲ့ ကိုက်တယ်။ တစ်နှစ်ပြီးတဲ့အချိန် ကျွန်တော်လိုချင်လှတဲ့ မဟာသိပ္ပံဘွဲ့ကို အသုံးချသုတေသနဘာသာ အထူးပြုနဲ့ ရခဲ့တာ။ ဒီတုန်းက ကျွန်တော်နေတဲ့ တက္ကသိုလ်မှာ အမ်ဘီအေဘွဲ့မပေးဘဲ မဟာသိပ္ပံ ဘွဲ့သာပေးတာ။ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာရှိတဲ့ အမ်ဘီအေသင်တန်းတက်သူတိုင်း ဖြေရတဲ့ (GMAT) ကို ဟောပြောခဲ့ရတာ။ တစ်ခါက ကျွန်တော်ဆောင်းပါး တစ်ပုဒ်မှာရေးခဲ့သလို မြန်မာပြည်မှာ တက်နေတဲ့ အမ်ဘီအေကျောင်းသားတွေ GMAT အစစ်ကို မဖြေခဲ့ဘဲ မြန်မာမှုပြုထားတဲ့ GMAT ကိုသာ ဖြေကြတာ။ ဒါကြောင့်လည်း အခုလိုဖြေဆိုတဲ့ GMAT ရမှတ်တွေကို အခြေခံပြီး နိုင်ငံခြားကပေးတဲ့ အမ်ဘီအေသင်တန်းတွေနဲ့ နှိုင်းယှဉ်လို့မရဘဲဖြစ်နေတာ။ ပြဿနာကို သိပေမယ့် အဖြေကိုရှာချင်စိတ်မရှိတာမို့ မြန်မာမှုပြုထားတဲ့ GMAT နဲ့ပဲ ခရီးဆက်နေတာ။ ကျွန်တော့်သဘောကတော့ ရဲရဲဝံ့ဝံ့ပဲ။ GMAT ဖြေခိုင်းပြီး ရမှတ်အပေါ်မူတည်ပြီး မိမိတို့ပေးတဲ့ ဘွဲ့ရဲ့အဆင့်အတန်းကို တခြားသင်တန်းတွေနဲ့ တန်းညှိနိုင်မှာ။ အခုတော့လည်း အဆင်ပြေသလို လုပ်ချင်တဲ့စိတ်က ရှေ့တန်းတင်နေကြတာမို့ခက်နေတာ။

မဟာသိပ္ပံဘွဲ့ကို ၁၉၇၃ ခုနှစ်ကရပြီး ကျွန်တော် ပါရဂူဘွဲ့ယူဖို့ မန်ချက်စတာတက္ကသိုလ်မှာ တက်ရောက်ခဲ့တယ်။ ဒီတုန်းက မန်ချက်စတာတက္ကသိုလ်ကို သုံးပိုင်းခွဲထားတာ၊ တစ်ခုကပင်မတက္ကသိုလ်ဖြစ်ပြီး ဒုတိယက ကျွန်တော်တက်ရောက်ခဲ့တဲ့ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ တတိယတစ်ခုကတော့ စီးပွားရေးတက္ကသိုလ်တို့ဖြစ်တယ်။ ကျွန်တော်က ပါရဂူဘွဲ့အတွက် စီမံခန့်ခွဲမှုသိပ္ပံဘာသာကို အထူးပြုတာမို့ သိပ္ပံနည်းပညာတက္ကသိုလ်မှာ တက်ခဲ့တာ၊ ပါရဂူဘွဲ့နဲ့ ပတ်သက်ပြီး အင်္ဂလန်က ကျင့်သုံးတဲ့စနစ်နဲ့ အမေရိကန်ကကျင့်သုံးတဲ့ ပုံစံက မတူဘူး။ အမေရိကန်တက္ကသိုလ်တွေမှာ ပါရဂူဘွဲ့ယူရင် ယေဘုယျအားဖြင့် ပထမတစ်နှစ်ခွဲမှာ ဘာသာရပ်ဆိုင်ရာသင်တန်းတွေ တက်ရတယ်။ ဒီသင်တန်းတွေပြီးမှ စာမေးပွဲဖြေရတယ်။ အခုလိုဖြေပြီးမှ ကျန်တဲ့တစ်နှစ်ခွဲလောက်မှာ သုသေတနလုပ်ငန်းတွေလုပ်ပြီး ကျမ်းကြီးသင်ရတယ်။ အလွယ်ပြောရရင် သုတေသနကတစ်ဖက်၊ အတန်းတက်ရတာကတစ်ဖက်ဖြစ်တယ်။ အင်္ဂလန်မှာတော့ ပါရဂူဘွဲ့စပြီးယူကတည်းက အတန်းတွေမတက်ရဘဲ သုတေသနအလုပ်ကို လုပ်ရတယ်။ သုတေသနလုပ်ပြီးချိန်မှာ ကျမ်းကြီးပြုစုပြီး ပါရဂူဘွဲ့ရဖို့ မိမိပြုစုထားတဲ့ ကျမ်းကြီးကို စာစစ်တဲ့ပါမောက္ခတွေအရှေ့မှာ အစစ်ခံပြီးမှရတာ။

ကျွန်တော်က ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ သုံးနှစ်တိုင်တိုင်စီမံခန့်ခွဲမှုသိပ္ပံဘာသာရပ်နဲ့ ပတ်သက်ပြီး သုတေသနလုပ်ခဲ့ရတာ သုတေသနတွေဆောင်ရွက်ပြီး ရလာတဲ့တွေ့ရှိချက်တွေကို ကြီးကြပ်တဲ့ ပါမောက္ခကို တင်ပြရပြီး တင်ပြမှုတွေအပေါ် အခြေခံပြီး ပါမောက္ခလုပ်သူ ကျေနပ်တဲ့အဆင့်ရောက်တဲ့အခါ သုတေသနတွေ့ရှိချက်တွေအပေါ် အခြေခံတဲ့ ပါရဂူကျမ်းကြီးကို ပြုစုခွင့်ပြုတာ။ ကျွန်တော် သုံးနှစ်တာသုတေသနလုပ်ငန်းများပြီးချိန်မှာ ပါမောက္ခလုပ်သူက ကျမ်းကြီးပြုစုဖို့ ခွင့်ပေးခဲ့တယ်။ ကျွန်တော်ကလည်း ပညာလောဘကြီးတာမို့ စုစည်းထားတဲ့ သုတေသနတွေ့ရှိချက်တွေကို ကျမ်းကြီးပြုစုရင်း နောက်ဆုံးစာမျက်နှာ ၆၀၀ ကျော်သွားခဲ့တာ၊ တစ်နည်းပြောရင် လက်လွန်သွားတာ၊ ကိုယ်ကသေချာချင်တော့ အခုလိုပဲ အားထည့်ခဲ့ရတာ။ ကျမ်းကြီးပြုစုပြီးတော့ နှုတ်ဖြေစာမေးပွဲအတွက် ပြင်ဆင်ရပြန်တော့ ဒီနေရာမှာလည်း အင်္ဂလန်နဲ့ အမေရိကန်မတူပြန်ဘူး။ နှုတ်ဖြေစာမေးပွဲအတွက် အမေရိကန်နိုင်ငံမှာ ပါမောက္ခခြောက်ယောက်လောက် ဖွဲ့စည်းထားတဲ့အဖွဲ့နဲ့နှုတ်ဖြေကို ကျင်းပတာ။ အင်္ဂလန်မှာတော့ပါရဂူဘွဲ့ နှုတ်ဖြေစာမေးပွဲမှာ ပြင်ပစာစစ်သူနဲ့ ကြီးကြပ်သူ နှစ်မျိုးသာပါဝင်တယ်။ ကျွန်တော့်ဘာသာရပ်နဲ့ ပတ်သက်ပြီး ကမ္ဘာကျော်ပါမောက္ခတစ်ဦးက Leeds တက္ကသိုလ်မှာရှိတာမို့ ကျမ်းကြီးကိုသူ့ထံ ကျွန်တော်ကိုယ်တိုင်ပို့ခဲ့ရတယ်။ သူက ကျွန်တော့်သုတေသနကျမ်းကြီးကိုကြည့်ပြီး အချိန်တစ်လပေးဖို့တောင်းဆိုခဲ့တယ်။

တစ်လပြည့်လို့ နှုတ်ဖြေစာမေးပွဲလုပ်ခဲ့တဲ့အခါ ကျွန်တော်ရဲ့ကြီးကြပ်သူက ငါအခုစာစစ်တာဝန်ယူထားတာ။ မင်းရဲ့ကြီးကြပ်သူမဟုတ်ဘူးလို့ ပြောတယ်။ ပြင်ပစာစစ်သူကတော့ မင်းကျမ်းကြီးနဲ့ ပတ်သက်လို့ ငါ့မှာမေးစရာမရှိဘူး။ မြန်မာပြည်ပြန်ရင် ဘာလုပ်မယ်လို့ စဉ်းစားသလဲဆိုပြီး နှုတ်ဖြေစာမေးပွဲ မဟုတ်တော့ဘဲ စကားဝိုင်းလိုဖြစ်ခဲ့တယ်။ ကျွန်တော်အခုလို နှုတ်ဖြေစာမေးပွဲစစ်တာကို သတင်းစာထဲမှာ ကြော်ငြာထည့်တယ်။ အဓိပ္ပာယ်က စိတ်ဝင်စားတဲ့သူတိုင်း ဒီစာမေးပွဲမှာ လေ့လာသူအဖြစ် တက်ခွင့်ရှိတယ်။ များသောအားဖြင့် ပါရဂူသုတေသနလုပ်နေကြတဲ့သူတွေက အတွေ့အကြုံရအောင် လာတက်ကြတာဖြစ်ပါတယ်။

ပါရဂူဘွဲ့နှင့် ပတ်သက်ပြီး မြန်မာပြည်မှာ အဓိပ္ပာယ်အယူအဆ နားလည်မှုတွေလွဲနေတာတွေ့ရပါတယ်။ ပါရဂူဘွဲ့ရသူတွေကို ယေဘုယျအားဖြင့် ဒေါက်တာလို့ ခေါ်ဝေါ်ကြပါတယ်။ ဒီဒေါက်တာဘွဲ့ရဖို့ သုတေသနကျမ်းကြီးတစ်စောင်ပြုစုပြီးမှ ရတာဖြစ်တယ်။ ဖြတ်လမ်းနည်းမရှိဘူး။ ကျမ်းကြီးမရေးဘဲ ဒေါက်တာဘွဲ့ကို သုံးစွဲနေကြတဲ့သူတွေဟာ မရိုးသားကြဘူး။ အခုဆိုရင် ဟိုလူကဒေါက်တာ၊ ဒီလူက ဒေါက်တာ အသေအချာစိစစ်ကြည့်ရင် အတုအယောင်တွေ၊ ဘဝအတွေ့အကြုံပေါ် အခြေခံပြီး ဒေါက်တာဘွဲ့ရတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ဒေါက်တာဆိုလို့အထင်ကြီးပြီး မရိုးသားတဲ့နည်းနဲ့ ရယူခဲ့သူတွေကိုထုတ်ဖော်ခဲ့ပြီး အရှက်ခွဲကြတာဖတ်လိုက်ရတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အခုလိုလုပ်တာမတွေ့ရသေးဘူး။ ဒီလိုလုပ်တဲ့အတွက် အုတ်အရောရော၊ ကျောက်အရောရောဖြစ်နေတယ်။ ဒါကြောင့်လည်း အပင်ပန်းခံပြီးရထားတဲ့ ပါရဂူဘွဲ့ကို သူများနည်းတူ ရထားသလို အထင်ခံရမှာ စိတ်ပူတာပါပဲ။ ကျွန်တော်ပါရဂူဘွဲ့ကို ၁၉၇၇ မှာ ရရှိခဲ့ပြီး မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ ပါရဂူဘွဲ့ရတာဟာ ပညာရေးလမ်းခရီးအဆုံးမဟုတ်ဘဲ အစသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်သုတေသနလုပ်ငန်းတွေ မျိုးစုံလုပ်ခဲ့တယ်။ စာတမ်းတွေပြုစုပြီး သုတေသနညီလာခံတွေမှာ ဖတ်ကြားခဲ့တယ်။ သုတေသနကိုအမြဲမပြတ် ဆောင်ရွက်ခဲ့တယ်။ အခုဆို ၁၀ နှစ်နီးပါးဆောင်ရွက်ခဲ့ပြီး ၁၉၈၆ ခုနှစ်မှာတော့ ဘွဲ့လွန်ပါရဂူဘွဲ့ယူဖို့ ဟိုတုန်းက အနောက်ဂျာမနီလို့ခေါ်တဲ့ နိုင်ငံကိုသွားရောက်ခဲ့တယ်။ ပါရဂူဘွဲ့လွန်ကို လူတွေက သိပ်မသိကြဘူး။ ပါရဂူဘွဲ့ကို ပညာရေးလမ်းရဲ့ အထွတ်အထိပ်လို့ ထင်နေကြတာ။ အမှန်တော့ ပါရဂူဘွဲ့ပြီးရင် ပါရဂူဘွဲ့လွန်ဆိုတာ ရှိသေးတယ်။ ကျွန်တော်က ဒီပါရဂူဘွဲ့လွန်ကို ရယူဖို့အတွက် အခက်အခဲအမျိုးမျိုးကြုံခဲ့ရတယ်။ ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်က ခေါင်းမာတယ်။ အလျှော့မပေးဘူး။ ရအောင်ဆက်လုပ်တယ်။ ဒါနဲ့ ကျွန်တော်သွားခွင့်ရခဲ့တယ်။ ဂျာမနီနိုင်ငံ Marburg တက္ကသိုလ် သုတေသနလုပ်ငန်းကို သုံးနှစ်နီးပါးလုပ်ခဲ့ပါတယ်။

ဥရောပနိုင်ငံတွေမှာ အင်္ဂလန်နဲ့ အမေရိကန်နိုင်ငံ ပညာစနစ်နဲ့ မတူညီတာတစ်ခုရှိတယ်။ ဒါက ပါရဂူဘွဲ့ နှစ်ဆင့်ရှိတယ်။ ပထမအဆင့်က ရိုးရိုးပါရဂူဘွဲ့ဖြစ်ပြီး ဒုတိယအဆင့်က Dr. Habil လို့ခေါ်တဲ့ တက္ကသိုလ်တွေမှာ ဆရာအဖြစ် ဆောင်ရွက်မယ့်သူတွေ ထပ်ယူတဲ့ဘွဲ့၊ ကျွန်တော်က ဒီဘွဲ့ကိုယူဖို့ စဉ်းစားခဲ့သေးတယ်။ ဒါပေမယ့် ဒီဘွဲ့ဟာ ဂျာမနီနိုင်ငံမှာ အလုပ်လုပ်မှသင့်တော်မှာမို့ လက်လျှော့လိုက်ရတယ်။ ကျွန်တော်လုပ်တဲ့ သုတေသနတွေ့ရှိချက်တွေ စုစည်းပြီး နာမည်ကြီး Heidelberg တက္ကသိုလ်ကနေ စာအုပ်တစ်အုပ်ရေးသားပြုစုခဲ့တယ်။ အခုနောက်ဆုံးရတဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကတော့ ကျွန်တော့်ဘဝတစ်လျှောက်လုံးဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုပြီးပေးတဲ့ ပါရဂူဘွဲ့ဖြစ်ပါတယ်။ အတိုကောက် D.Litt ဘွဲ့ဖြစ်တယ်။ ကျွန်တော်အားကျတဲ့ဆရာကြီးတွေအနက် သမိုင်းပညာရှင်ကြီးဒေါက်တာသန်းထွန်းဟာ လန်ဒန်တက္ကသိုလ်က D.Litt ဘွဲ့ကိုရခဲ့တာ။

ကျွန်တော့်ရဲ့ ပညာရေးခရီးရှည်ကြီးက မဆုံးသေးပါဘူး။ အသက်ရှိနေသရွေ့ လေ့လာမှတ်သားပြီး ကြိုးစားနေရမှာသာဖြစ်ပါတယ်။

# ပြင်ပလုပ်ငန်းအပ် ထုတ်ကုန်များ ထုတ်လုပ်ရာတွင် စက်ရုံအကျိုးစီးပွားသာမက ဝန်ထမ်းများအရည်အသွေးနှင့် လုပ်ငန်းခွင်အတွေ့အကြုံ မြင့်မားစေရေး ဦးတည်ဆောင်ရွက်

**ရန်ကုန် မေ ၁၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁၁)အကြီးစားစက်ရုံ (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အမှတ်(၁၁)အကြီးစားစက်ရုံ စက်ရုံမှူးဦးမျိုးချိုက စက်ရုံတွင် ဆောင်ရွက်လျက်ရှိသည့် ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းနှင့်စပ်လျဉ်းပြီး အလုပ်ရုံများအလိုက် စက်များ တပ်ဆင်ပြီးစီးမှုနှင့်စမ်းသပ်ဆောင်ရွက်မှုအခြေအနေ၊ စက်ရုံသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည့်ကုမ္ပဏီများ၏ ထုတ်လုပ်မှုအဆိုပြုချက်များအား ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းအား ဇူလိုင်လတွင် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်၊ ပြင်ပပုဂ္ဂလိကများမှ လုပ်ငန်းအပ်နှံလာသော အပ်ကုန်များအား မူရင်းထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်စေဘဲ စနစ်တကျ ခွဲခြားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် Industry Policy နှင့် Automobile Policy များ ပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Policy များ ပြဋ္ဌာန်းပြီးပါက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လာနိုင်မည် ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ထုတ်ကုန်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းအလိုက် အရည်အသွေးမြင့်မားစေရေးအတွက် Workmanship ကောင်းမွန်အောင် ဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်ပလုပ်ငန်းအပ်ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း မိမိတို့၏ စက်ရုံအကျိုးစီးပွားသာမက ဝန်ထမ်းများ၏အရည်အသွေး လုပ်ငန်းခွင်အတွေ့အကြုံများဖြင့် Human Resource မြင့်မားလာစေရေးအတွက် ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းတွင် ပါဝင်သည့် Chassis Frame ထုတ်လုပ်ရေးအလုပ်ရုံနှင့် Assembly အလုပ်ရုံများရှိ စက်များစမ်းသပ်လည်ပတ်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံသို့သွားရောက်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက မြွေဆိပ်ဖြေဆေးစက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စက်ရုံလည်ပတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် စက်ရုံတာဝန်ရှိသူများသည် အသစ်တည်ဆောက်နေသည့် မြွေဆိပ်ဖြေဆေးစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း စက်များတပ်ဆင်ထားမှုကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# တူယှဉ်ကာအပြိုင်နွှဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**နေပြည်တော် မေ ၁၀**

မြန်မာ့ဆိုင်းတီးလုံးသံနှင့်အတူ ဇော်ဂျီရုပ်က ကန့်လန့်ကာနောက်ကွယ်မှ လေထဲဝဲပျံကာထွက်လာသည်။ ခြေအလှမ်း လက်အလှုပ်၊ ကြိုးမရှုပ်အောင် နိုင်နင်းစွာ ကြိုးဆွဲပြနေသည့် ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲဝင်နေသူတစ်ဦး၊ မီးဆလိုက်အရောင်ကြောင့် ဇော်ဂျီရုပ်မှာ အသက်ဝင်လှုပ်ရှားယိမ်းထိုးကပြနေရာ ပရိသတ်လက်ခုပ်သံများ ထွက်ပေါ်လာသည်။ နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ ပြိုင်ပွဲဝင်ခန်းမများ၌ အဆို အက အရေး အတီးပြိုင်ပွဲကို စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပနေဆဲ။




**အဆင့်မြင့်ပညာ(ကျား)အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စောသမော့ရှူးယှဉ်ပြိုင်စဉ်။**

ရုပ်သေးကြိုးဆွဲပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရွှေရတုခန်းမ)၌ မေ ၁၀ ရက် မွန်းလွဲပိုင်းက ဝါသနာရှင်(ဒုတိယတန်း) (ကျား၊ မ) ရုပ်သေးပြိုင်ပွဲကျင်းပသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကိုကိုနှင့် မခိုင်ခိုင်စိုးလွင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးထွန်းအောင်ကျော်နှင့် မရွှေသွယ်မြင့်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းမြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။



**အခြေခံပညာ ၁၅-၂၀(ကျား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုးပါဝင်ယှဉ်ပြိုင်စဉ်။**

ဇော်ဂျီ၊ မင်းသားနှင့် ဘီလူးရုပ်တို့ အနက် မဲနှိုက်ရွေးချယ်ရာ ဇော်ဂျီရုပ်နှင့် မင်းသားရုပ်များကို ကြိုးဆွဲယှဉ်ပြိုင်ကြရန် ထွက် ပေါ်လာသည်။

ပြိုင်ပွဲဝင်များက ရုပ်သေးကြိုးဆွဲ ဝါသနာရှင်များဖြစ်ရာ ကြိုးဆွဲပညာများ ကွာခြားမှုသိပ်မရှိလှ၊ တကယ့်အသက်ရှိ လှုပ်ရှားကပြနေသူများအဖြစ် ထင်မြင်လာအောင် ဇော်ဂျီရုပ်နှင့် မင်းသားရုပ်များကို ကြိုးဆွဲကပြနိုင်ကြသည်။ ကြိုးမရှုပ်အောင်၊ ကြိုးမကျအောင်နှင့် အရုပ်ကြိုးမပြတ်အောင် ပိုင်ပိုင်နိုင်နိုင်ကြိုးဆွဲပြသနိုင်သူများဖြစ်သည်။

“ရုပ်သေးကြိုးဆွဲရတာ ဝါသနာပါတယ်။ အခုလိုပြိုင်ပွဲဝင်နိုင်အောင် လေ့ကျင့်မှုက နှစ်ပေါက်အောင် လေ့ကျင့်ထားတာပါ။ တိုင်းအဆင့်မှာ ပထမရပြီး အခုလိုနိုင်ငံတော်အဆင့် ပြိုင်ပွဲဝင်ရတာ ဂုဏ်ယူမိပါတယ်။ ဆုရရှိမယ်လို့ ယုံကြည်မှုရှိနေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲဝင် မခိုင်ခိုင်စိုးလွင်က ပြောသည်။

ဆိုင်းတီးပြိုင်ပွဲကျင်းပရာ သစ်တောသုတေသနဌာန(စုဝေးခန်းမ) ရောက်ရှိရာ ခန်းမအပြင်ကပင် တိကျပြတ်သားသော ဆိုင်းတီးသံများကို ကြားရသည်။ ခန်းမအတွင်းစင်မြင့်၌ ဆိုင်းဝိုင်းအလယ်တွင် ငယ်ရွယ်သော ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေရာ ဆိုင်းတီးမှုလက်ကျလက်ပေါက်ကောင်းသည်။ ဆိုင်းတီးသံပြတ်သားပြီး အားပါသည်။ ပြိုင်ပွဲတီးခတ်မှုအပြီး စင်မြင့်မှ ဆင်းလာသဖြင့် မေးကြည့်ရာ “ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအခြေခံ(၁၅-၂၀) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲဝင် မောင်ဝေယံမိုးဖြစ်ပါတယ်။ အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ခဲ့လို့ ကျေနပ်အားရပါတယ်” ဟု ပြောသည်။ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း) (ကျား)၌ ပဲခူး၊ မကွေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတီးပြိုင်ပွဲတွင် ဆိုင်းတစ်ဦးချင်း ဝါသနာရှင်(ပထမတန်း)(မ) ပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအခြေခံပညာ (၁၅-၂၀)(ကျား)ပြိုင်ပွဲများကျင်းပရာ ဆိုင်းတီးအရည်အသွေး ပြည့်ဝသော ပြိုင်ပွဲဝင်များအဖြစ် မြင်တွေ့ရသည်။

ဆက်လက်ပြီး တယောပြိုင်ပွဲများကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)သို့ ရောက်ရှိရာ စင်မြင့်ထက်၌ တယောနှင့် ဘိုးတံကိုကိုင်ကာ ဖြည်းညင်းစွာ တယောထိုးပြိုင်ပွဲဝင်နေသူ ကလေးငယ်တစ်ဦးကို တွေ့ရသည်။ အဆွဲအငင်၊ အနိမ့်အမြင့် သံစဉ်များစီးမျောစွာ ထွက်ပေါ်လျက်၊ “သမီးက မွန်ပြည်နယ်က မအိမ်သူသူမွန်ဖြစ်ပါတယ်။ အခြေခံပညာ(၁၀-၁၅)မှာ ပါဝင်ယှဉ်ပြိုင်တာဖြစ်ပြီး အချိန်ရတိုင်း တယောလေ့ကျင့်နေခဲ့သူဖြစ်ပါတယ်။ ဆဋ္ဌမတန်းကျောင်းသူဖြစ်ပြီး ဆုရခဲ့ရင်တော့ အလွန်ဝမ်းသာရမှာပါ” ဟု ပြောပြသည်။

တယောပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း)(ကျား)၊ ဝါသနာရှင်



**မမေသက်ခိုင် အက (ကယားပြည်နယ်)**

(ဒုတိယတန်း)(မ)၊ အခြေခံပညာ (၁၀-၁၅)(ကျား)၊ အခြေခံပညာ (၁၀-၁၅)(မ)ပြိုင်ပွဲများတွင် တနင်္သာရီ၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် မွန်၊ ရှမ်းပြည်နယ်များမှ ပြိုင်ပွဲဝင်မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

မယ်ဒလင်ပြိုင်ပွဲကျင်းပရာ သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)တွင် ဝါသနာရှင်(ဒုတိယတန်း) (ကျား)(မ)၊ အဆင့်မြင့်ပညာ(ကျား)



**ဝါသနာရှင်ဒုတိယတန်း (ကျား) အက (ရုပ်သေး)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကိုကို ယှဉ်ပြိုင်စဉ်။**

(မ)၊ အခြေခံပညာ(၁၅-၂၀)(ကျား) (မ)ပြိုင်ပွဲများကို မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။



**မခိုင်ခိုင်စိုးလွင် အက(ရုပ်သေး) (ရန်ကုန်တိုင်းဒေသကြီး)**

ဆက်လက်ပြီး အဆိုပြိုင်ပွဲများကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)တွင် ကာလပေါ် ဝါသနာရှင်(ဒုတိယတန်း)(မ)၊ ကာလပေါ် အခြေခံပညာ(၁၀-၁၅)(ကျား) ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမတွင် မဟာဂီတအဆိုပြိုင်ပွဲကျင်းပရာ ဝါသနာရှင်(ဒုတိယတန်း)(ကျား)၊ အခြေခံပညာ(၁၀-၁၅)(မ) ပွဲစဉ်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ အကြိတ်အနယ် ဆင်နွှဲကြသည်။

အကပြိုင်ပွဲများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရွှေရတုခန်းမ)၌ ဆက်လက်ကျင်းပသည်။ အခြေခံပညာ(၁၀-၁၅)(မ)အကပြိုင်ပွဲဝင် ကယားပြည်နယ်မှ မမေသက်ခိုင်က “နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ဒီအကြိမ်အပါအဝင် သုံးကြိမ်ပြိုင်ပွဲဝင်ခဲ့တာပါ။ ဆုတော့ တစ်ကြိမ်မှမရသေးပါဘူး၊ ဒီနှစ်တော့ မျှော်လင့်နေပါတယ်” ဟု ပြောပြသည်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများက ဆက်လက်ဆင်နွှဲနေဆဲ။ မေ ၁၁ ရက်တွင်လည်း နံနက်ပိုင်းမှစတင်ကာ ပြိုင်ပွဲဝင်များ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကဗျာလွတ်အက၊ အမျိုးဂုဏ်ဇာတိဂုဏ်သီချင်းဆိုပြိုင်ပွဲများနှင့် ပြိုင်ဆိုင်နေဦးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# တန်ဖိုးရှိသည့်စွမ်းအင်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်လိုအပ်ပြီး ချွေတာသုံးစွဲရန်လိုအပ်



**နေပြည်တော် မေ ၁၀**

ရမည်းသင်း မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကြံပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆိုင်းဘုတ်ကို ကြံပင် ကျောင်းတိုက်ဆရာတော် ဦးဝိမလ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ ထရန်စဖော်မာအလှူရှင် ဦးမောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မီးလင်းရေးဆိုင်းဘုတ်ကို မီးခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရမည်းသင်းမြို့နယ်တွင် မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေး စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း ၂၄၆ ရွာအနက် ၁၅၈ ရွာသို့ လျှပ်စစ်မီးလင်းရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတွင် ကျေးရွာ ၅၃ ရွာသို့ ဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီး သွယ်တန်းပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကြံပင်ကျေးရွာ သာသနပါလကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ထန်းတောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို ထန်းတောကျောင်းတိုက်ဆရာတော် ဦးပညာသာမိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ချောင်းခွကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို ချောင်းခွကျေးရွာဆရာတော် ဦးကောဝိဒ၊ ဒုတိယတိုင်းဒေသကြီး လျှပ်စစ်မှူး ဦးစိန်ဝင်းမြင့်၊ ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းခင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရမည်းသင်းမြို့နယ် မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေး စီမံချက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအောင်ပွဲကို ကန်အောက်ကျေးရွာ ရတနာသာသနာ့ဗိမာန်ကျောင်း၌ ကျင်းပရာ ဆရာတော်စန္ဒာသီရိက အနုမောဒနာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားကို လျှပ်စီးလက်ခြင်းမှတစ်ဆင့် ရှာဖွေသိရှိခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်ကို အကျိုးရှိစွာအသုံးချဖို့အတွက် လူသားများက တီထွင်ကြံဆခဲ့ပြီး လူသားအကျိုးပြုစွမ်းအင်ဖြစ်အောင် ထုတ်လုပ်ခဲ့ပါကြောင်း၊ လျှပ်စစ်ဆိုသည်မှာ လူသားများကို အကျိုးပြုသကဲ့သို့ အန္တရာယ်လည်းရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိသည့်အတွက် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာပြီး ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်နိုင်သည့်အပြင် အလုပ်သမားနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်မီးရရှိပါက တန်ဖိုးရှိသည့်စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုအပ်ပြီး ချွေတာသုံးစွဲရန်လိုအပ်ကြောင်း၊ ရရှိသည့် လျှပ်စစ်အပေါ်မှာမူတည်ပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောင်းခွတောကျောင်းနှင့် ပေတောကုန်းဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးသံဃာတော်များအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစာမေးပွဲ ကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် သာသနာ့ဗိမာန်တို့တွင် ကျင်းပသည့် မူလတန်းအဆင့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစာမေးပွဲသို့ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ယဉ်ကျေးလိမ္မာစာမေးပွဲကို မေ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး မူလတန်းအဆင့်တွင် ၄၉၆၉ ဦးနှင့် အလယ်တန်းအဆင့်တွင် ၁၄၂၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူလတန်းအဆင့်တွင် ဆုရရှိသူ သုံးဦးအတွက် ငွေကျပ် သုံးသိန်းနှင့် အလယ်တန်းအဆင့်တွင် ဆုရရှိသူ သုံးဦးအတွက် ငွေကျပ် လေးသိန်းခွဲ ဆုချီးမြှင့်ရန် ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံ့စီးပွားရေးလုပ်ငန်းအသီးသီးတွင် လိုအပ်နေသော နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၁၀**

နိုင်ငံ့စီးပွားရေး လုပ်ငန်းနယ်ပယ်အသီးသီးတွင် လိုအပ်လျက်ရှိသော နည်းပညာ ကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲအား ယနေ့ညနေပိုင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပဏာမပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ တိုင်းဒေသကြီး၊ ပြည်နယ်ခရီးစဉ်များ၌ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းအများအပြား ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရာ၌ လုပ်ငန်းနယ်ပယ်အသီးသီးတွင် နည်းပညာ ကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လာသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်လက်မဲ့ ဖြစ်ရခြင်း၏ အကြောင်းတစ်ရပ်မှာ အသက်မွေးဝမ်းကျောင်းပညာ၊ နည်းပညာကျွမ်းကျင်မှုလိုအပ်၍ ဖြစ်ကြောင်း၊ ထို့ကြောင့် သာမန်အောင်လက်မှတ်ရရုံဖြင့်မပြီးဘဲ Skill Certificate ရပြီး ပြည်တွင်း၊ ပြည်ပလုပ်ငန်းအသီးသီးတွင် အလုပ်ရရှိရေး စီစဉ်ချိတ်ဆက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပိုင်းက ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်အသီးသီးကို စီးပွားရေးလုပ်ငန်းဈေးကွက် လိုအပ်ချက်နှင့်အညီ ဒေသရေမြေအလိုက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်နိုင်အောင် ကျွမ်းကျင်ဆရာများလေ့ကျင့်မွေးထုတ်ရေး၊ ကျောင်းများနှင့် သင်ထောက်ကူဖြည့်ဆည်းရေးတို့ကို လက်တွေ့ကျကျ တွက်ချက်ဆောင်ရွက်ရေး အကြံပြုဆွေးနွေးညှိနှိုင်းကြရန် ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Vocational Training Center များကို ဒေသလိုအပ်ချက်များပေါ်မူတည်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာရေးတွင် အထူးအရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအစရှိသော သက်မွေးပညာရပ်များ အားလုံးကို ကျွမ်းကျင်မှုစံချိန်စံနှုန်းများနှင့်အညီ ပေါင်းစပ်သင်ကြားနိုင်မည့် Polytechnic Institute နှင့် Polytechnic School များ ဖွင့်လှစ်ရေး စီမံချက်ကို ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများကလည်း မိမိတို့ နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအမံများအား အသေးစိတ် ရှင်းလင်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူထုကို သက်သောင့်သက်သာဖြင့် ကုသမှုပေးနိုင်သည့် အရည်အသွေးမြင့် ဆေးရုံသုံးပစ္စည်းများ မှာယူသုံးစွဲ

**နေပြည်တော် မေ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် မေ ၈ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ အရိုးအထူးကုဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးအစည်းအဝေးခန်းမတွင် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက နေပြည်တော်ကောင်စီနယ်မြေအတွင်း အထူးကုဆေးရုံကြီးလေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာများ၊ ဝန်ထမ်းဖွဲ့စည်းပုံများ၊ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆေးရုံသုံးပစ္စည်းများထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မီးဘေးအန္တရာယ်ကင်းရန်အတွက် စီမံထားရှိရန်၊ ရေရှည်အသုံးခံ၍ လူထုကို သက်သောင့်သက်သာဖြင့် ကုသမှုပေးနိုင်သည့် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးမြင့်မားသော ဆေးရုံသုံးပစ္စည်းများ၊ စက်ပစ္စည်းများကိုမှာယူရန်၊ ခွဲစိတ်ခန်းများတွင် ရောဂါပိုးမဝင်ရောက်စေရန်အတွက် လုံခြုံရေးစနစ်ကို တိတိကျကျဆောင်ရွက်ရန်၊ ခန့်ထားမည့် ဝန်ထမ်းများကို ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးရန်လိုအပ်ကြောင်း၊ အထူးကုဆေးရုံကြီးဖြစ်၍ Speciality အလိုက် လိုအပ်သည့်ပစ္စည်းအင်အား လူအင်အားများကို ဖြည့်ဆည်းရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရိုးအထူးကုဆေးရုံကြီးနှင့် ကလေးအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတို့တွင် ဆေးရုံများအတွင်းရှိ ရုံးခန်း၊ စတိုခန်း၊ ကွန်ပျူတာခန်း၊ ပြင်ပလူနာနှင့် အရေးပေါ်ဌာန၊ ဆေးထည့်ခန်း၊ လူနာမှတ်ပုံတင်ဌာန၊ ဓာတ်ရောင်ခြည်နှင့် ဓာတ်ခွဲခန်းဌာန၊ Immunology Room, Micro-Biology Room, Control Room ,သွေးဘဏ်၊ ခွဲစိတ်ဆောင်၊ ဆေးပေးခန်း၊ လူနာစောင့်ကြပ်ကြည့်ရှုခန်းနှင့် အထူးကြပ်မတ်ကုသဆောင်၊ လူနာဆောင်၊ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Lok Virsa National Heritage Museum ကြည့်ရှုလေ့လာ



**နေပြည်တော် မေ ၁၀**

ပါကစ္စတန်နိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အစ္စလာမ်မာဘတ်မြို့ရှိ Lok Virsa National Heritage Museum သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ Lok Virsa National Heritage Museum သည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးသော ယဉ်ကျေးမှုဆိုင်ရာပြတိုက်တစ်ခုဖြစ်ပြီး ပါကစ္စတန်နိုင်ငံအတွင်း အမျိုးမျိုးကွဲပြားခြားနားသည့် လူနေမှုပုံစံပြခန်း၊ မြေအိုး မြေခွက်ပြခန်း၊ ဂီတနှင့် အထည်အလိပ်ပြခန်း၊ ချည်ထည်ပန်းထိုးပြခန်း၊ လက်ဝတ်ရတနာပြခန်း၊ ရုပ်ပွားတော်နှင့် ရုပ်ပုံကားချပ်ပြခန်း၊ နိုင်ငံဆေးရေးပန်းချီပြခန်း၊ အင်္ဂတေအတတ်ပညာပြခန်း၊ သတ္တုထည်ပြခန်း၊ ဖောင်းကြွပုံနှိပ်ပြခန်း စသည်ဖြင့် ကဏ္ဍမျိုးစုံစွာ ခင်းကျင်းပြသထားကြောင်း သိရှိရသည်။ **(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Lok Virsa National Heritage Museum ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။** (ဓာတ်ပုံ-မြဝတီ)

*✻ ကျောဖုံးမှ*

ခြေစမ်းပွဲဖြစ်ပြီး ယခုခြေစမ်းပွဲအပြီးတွင် သြစတြေးလျနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ၁၀ ရက်ကြာ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး သြစတြေးလျ ယူ-၂၀ အသင်းအပါအဝင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာ ယူ-၂၀အသင်းသည် ယင်းမှတစ်ဆင့် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည် ဖြစ်သည်။ မြန်မာအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စု(က)တွင် နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ လက်ရှိ မြန်မာယူ-၂၀ အသင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် ငြိမ်းချမ်းအောင်နှင့် သန်းပိုင်တို့ ပါဝင်နိုင်ဖွယ်မရှိပေ။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းမှာ ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ပြည်တွင်းအသင်းများဖြင့် ခြေစမ်းပွဲများ ကစားလျက်ရှိသည်။ မြန်မာယူ -၁၈ အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီ သရေကျသည်။ မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ထိုင်းယူ-၂၃အသင်း၊ ဗီယက်နမ် ယူ-၂၃ အသင်းတို့ အပါအဝင် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယူ-၂၃ အသင်းခေါင်းဆောင် နေလင်းထွန်းနှင့် တောင်ပံကစားသမား ဇွန်မိုးအောင်တို့မှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ပြိုင်ပွဲများအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ယူ-၂၃ အသင်းနှင့် ယူ -၂၀ အသင်းတို့၏ ခြေစမ်းပွဲမှာ ပရိသတ်အကြိုက် ဖြစ်လာနိုင်ပါကြောင်း။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ပါကစ္စတန်နိုင်ငံမှ ဆားဗီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာ



**နေပြည်တော် မေ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်အဖွဲ့သည် မေ ၉ ရက် ဒေသစံတော်ချိန် ည ၉နာရီ ၂၅မိနစ်တွင် ပါကစ္စတန် နိုင်ငံ အစ္စလာမ်မာဘတ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မေ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ Nikola Tesla လေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဆားဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ State Secretary H.E.Mr. Zoran Dordevic Brig- Gen.s.Joksimovic ဆားဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ထွန်းနှင့်ဇနီး၊ သံမှူးကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ) (မြဝတီ)**

# စပါးဝယ်လိုအားကြောင့် တင်း ၁၀၀ လျှင် ငါးသိန်းဝန်းကျင်ထိ မြင့်တက်လာ

**ရေတာရှည် မေ ၁၀**

တရုတ်ဈေးကွက်၏ ဝယ်လိုအားအပြင် ဒေါ်လာဈေး ဆက်လက်မြင့်တက်လျက်ရှိသဖြင့် စပါးဈေးမှာ ယခုမေလအတွင်း တင်း ၁၀၀ လျှင် လေးသိန်းခုနစ်သောင်းအထိ မြင့်တက်လာကြောင်း တောင်သူများက ပြောသည်။

"ပျဉ်းမနားနဲ့ အေလာမြို့တွေဘက်က အဝယ်တွေတအားဆင်းတယ်။ ဒီကပွဲစားတွေထက် ဈေးလည်းပိုပေးတော့ တောင်သူတွေအဆင်ပြေပါတယ်"ဟု မှန်စီကျေးရွာနေ တောင်သူ ဦးတင်ဝင်းက ပြောသည်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးသူများသည် စပါးရောင်းချရာတွင် လုပ်ငန်းကုန်ကျစရိတ်အတွက် ရောင်းချခြင်းနှင့် စပါးအပေါ်ဖြိုင်ချိန်၌ ဈေးနှုန်းကျဆင်းမည်စိုးသောကြောင့်ဟူ၍ နှစ်မျိုးရှိကာ လက်ရှိဈေးကွက်အနေအထားအရ တရုတ်နိုင်ငံ၏ ဈေးကွက်ဝယ်လိုအားမှာလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

"မူဆယ်မြို့မှာက တစ်ရက်ကို ကုန်တင်ကားကြီး အစီးရေနှစ်ရာအထက်ဝင်တဲ့အထဲမှာ ဆန်ပို့တဲ့ကားက အစီးရေ ၇၀ အထက်မှာပါတယ်။ ကျွန်တော့်ကားဆိုရင် တစ်ခေါက်ကို ဆန်အိတ်ရေ သုံးရာပါတယ်။ လမ်းကြောင်းကောင်းရင် ဆန်တင်ပို့မှုက ဒီထက်မြင့်တက်နိုင်သလို ဆန်ကွဲ၊ ဆန်လတ်တွေလည်း ဝယ်လိုအား အတော်ကောင်းနေတာတွေ့ရတယ်။ ဆန်ဈေးကျဖို့လောလောဆယ် မဖြစ်နိုင်သေးပါဘူး" ဟု ရေတာရှည်မြို့နယ်မှ မူဆယ်မြို့အထိ ဆန်တင်ပို့နေသည့် ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

နွေစပါးစိုက်တောင်သူများအနေနှင့် စပါးရောင်းဝယ်ရာတွင် ဈေးကွက်အနေအထားကို လေ့လာ၍ အရောင်းအဝယ်ပြုလုပ်ရန် လိုအပ်ပြီး ရိတ်သိမ်းပြီးသောစပါးများကို ဆက်တိုက်ရောင်းချနေပါက စပါးလက်ကျန်နည်းပါးကာ နောက်ပိုင်းတွင် စပါးဈေးမြင့်တက်နိုင်ကြောင်း ခန့်မှန်းတွက်ချက်မှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# စမတောင်လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ အခြေခံစားကုန်များလှူဒါန်း

**နေပြည်တော် မေ ၁၀**

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ စမတောင်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ အခြေခံစားကုန် လေးမျိုး (ဆန်၊ ဆီ၊ ပဲ၊ ဆား) တို့ကို လစဉ်လှူဒါန်းထောက်ပံ့လျက်ရှိရာ (၃၇)ကြိမ်မြောက် လှူဒါန်းခြင်းကို စမတောင်ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်း အောင်ဇမ္ဗူပိမာန်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနမှူး ဦးဝင်းနိုင် ဦးဆောင်ပြီး လယ်ဝေးမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်တို့ပါဝင်သော လှူဒါန်းရေးအဖွဲ့က သွားရောက်လှူဒါန်းခဲ့သည်။

စမတောင် ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ၂၀၁၂ ခုနှစ် မေလမှစတင်၍ အခြေခံလိုအပ်သည့် စားကုန်လေးမျိုး ဆန်အိတ် ၅၀၊ ဆီပိဿာ ၃၀၊ ပဲပိဿာ ၅၀၊ ဆားပိဿာ ၃၀ တို့ကို လစဉ်လှူဒါန်းခဲ့ရာ ယနေ့ (၃၇)ကြိမ်မြောက်အထိ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၁ ဒသမ ၇၉၃ သိန်းရှိ အခြေခံစားကုန်များ လှူဒါန်းခဲ့ပြီး ဖြစ်သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိမြို့နှင့် လေးမိုင်ခန့်အကွာ အလယ်ရိုးမပေါ်ရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းရှိ မိဘမဲ့ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အတွက် နေထိုင်စားသောက်ရေး၊ ပညာသင်ကြားရေးတို့အတွက် ထောက်ပံ့လှူဒါန်းခဲ့ရာ ၉-၆-၂၀၁၁ ရက်နေ့တွင် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ထောက်ပံ့လှူဒါန်းခြင်းအတွက် ငွေကျပ် ၂၀၀ ဒသမ ၃၅ သိန်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအတွက် ငွေကျပ် သိန်း ၃၀၀၊ ၁၆-၉-၂၀၁၂ ရက်တွင် အိပ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ၂-၁၂-၂၀၁၂ ရက်တွင် သုံးထပ်စာသင်ကျောင်းဆောင် (အလျား ၉၅ ပေ၊ အနံ ၇၂ ပေ) ဆောက်လုပ် လှူဒါန်းခြင်းအတွက် ကုန်ကျငွေကျပ်သိန်း ၇၉၉ ဒသမ ၄၀၊ စားချက်ဆောင် (အလျား ပေ ၉၀၊ အနံပေ ၄၀)ဆောက်လုပ်လှူဒါန်းခြင်းအတွက် ငွေကျပ် ၆၃၅ သိန်းနှင့် ထမင်းစားစားပွဲ ၁၄ လုံးနှင့် ထိုင်ခုံ ၈၄ လုံးတို့အတွက် တန်ဖိုးငွေကျပ်သိန်း ၂၉ ဒသမ ၇၀တို့ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(၁၀၇)




## မြောက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

# အပြောစကားပြေ အစဉ်အလာ (၃)

**မောင်ခင်မင်(ဓနုဖြူ)**

"မလာစဖူး အလာထူးတဲ့သူနှစ်ယောက် လာကြပြန်ပြီဟေ့"

"လာပါဗျာ၊ လာပါ။ ခင်ဗျားတို့နှစ်ယောက် ချိန်းပြီးလာတာထင်တယ်"

"အေး. . . အရင်အပတ်က ပြောလက်စအကြောင်းကလေး ဆက်ပြောဖို့လေ"

"ဆက်မပြောခင် ကျွန်တော်တစ်ခုမေးချင်တာရှိတယ်။ 'စကားပြော'နဲ့ ရေးတယ်လို့မသုံးဘဲ၊ 'အပြောစကားပြေ'နဲ့ရေးတယ်လို့သုံးတာ ပိုသင့်လျော်တယ်လို့ ခင်ဗျားပြောတယ်မဟုတ်လား။ 'စကားပြော'နဲ့ ရေးတယ်လို့သုံးတာကို ခင်ဗျားကဘာဖြစ်လို့ မကြိုက်တာလဲ။ အများကလည်း အဲဒီလိုပဲသုံးနေတယ် မဟုတ်လားဗျာ"

"ဟုတ်တယ်ကွ၊ မင်းကဘာဖြစ်လို့ မကြိုက်တာလဲ"

"ဒီလိုဗျ။ စာရေးရင် 'စကားပြောတွေနဲ့ ရေးတယ်'၊ 'စကားပြောသလို ရေးတယ်'လို့ အလွယ်တကူသုံးနေကြပေမယ့် တကယ်တော့ 'စကားပြော'နဲ့ ရေးတာမဟုတ်ဘူးဗျ။ စကားပြောသလိုရေးတာလည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က အဲဒီလိုမသုံးချင်တာပါ"

"ပြောစမ်းပါဦးကွာ"

"စကားပြောတယ်ဆိုတာက ကြိုတင်ပြင်ဆင်ထားတာမဟုတ်ဘဲ ပြောဖို့ကြုံလာတဲ့အကြောင်းအရာကို ရုတ်တရက် ပါးစပ်ထဲက ပြောထုတ်လိုက်ရတာမဟုတ်လား။ ဒါကြောင့် 'စကားပြော' သက်သက်ဆိုရင် ချောချောမွေ့မွေ့ မရှိဘူးလေ။ ပြောနေရင်း စကားထပ်သွားတာတို့၊ 'အင်း၊ အဲ'ဆိုပြီး ကြားမှာဆိုင်းသွားတာတို့၊ 'ဟိုဒင်းပြုလိုက်တယ်'ဆိုတာမျိုး အဓိပ္ပာယ်မရှိတဲ့ စကားတွေပါသွားတာတို့၊ ဝါကျတစ်ခုမဆုံးသေးဘဲ စကားပြတ်သွားတာတို့၊ အကြောင်းတစ်ခုပြောနေရင်းနဲ့ 'ကျွန်တော်မေ့သွားလို့'ဆိုပြီး နောက်ကြောင်းပြန်ကောက်တာတို့ စသည်ဖြင့်ပေါ့ဗျာ၊ အဲဒီလိုမပြေပြစ်တာတွေ၊ အဖုအထစ်တွေ ပါစမြဲပဲဗျ"

"ဟုတ်လား"

"ဟုတ်ပါတယ်။ မယုံရင် ခုကျွန်တော်တို့ပြောနေတဲ့ စကားဝိုင်းကို ကက်ဆက်နဲ့အသံသွင်းပြီး ပြန်ဖွင့်ကြည့်ရင် အဲဒီလိုမပြေပြစ်တာတွေ ကြားရမှာ သေချာတယ်ဗျ"

"ဟုတ်မယ်ဟေ့။ ဟိုတုန်းက နိုင်ငံခေါင်းဆောင်ကြီးတစ်ယောက် အလွတ်ပြောတဲ့မိန့်ခွန်းတွေ ရေဒီယိုကပြန်လွှင့်တာ မကြာခဏနားထောင်ရတယ်။ မပြေပြစ်တာတွေ အများကြီးပဲ"

"ဒါသဘာဝကျပါတယ်။ ကြိုပြီးပြင်ဆင်ထားတာမှ မဟုတ်တာ၊ စကားမချောတာတွေပါမှာပဲလေ။ ဒါပေမယ့် စကားပြောနေတဲ့ဟန်အတိုင်း စာနဲ့ရေးတဲ့အခါကျတော့ စိတ်ထဲမှာကြိုတင်ပြင်ဆင်ပြီးရေးတာမို့ စကားပြောသက်သက်သာတွေ့ရတဲ့ မပြေပြစ်တာမျိုးတွေ၊ စကားထပ်တာမျိုးတွေ၊ 'အင်း၊ အဲ၊ ဟိုဒင်း'တွေ ဘယ်ပါတော့မလဲဗျ။ ပြေပြစ်ချောမွေ့နေတာပေါ့"

"ဟုတ်ပြီဗျို့။ ကြိုတင်ပေးထားပြီးဖတ်တဲ့ မိန့်ခွန်းတွေ၊ အသံလွှင့်ဟောပြောချက်တွေ၊ ပြီးတော့ ဝတ္ထုတွေ၊ ပြဇာတ်တွေထဲက ဇာတ်ဆောင်တွေရဲ့ ပြောစကားတွေ၊ ရုပ်ရှင်တို့ ဗီဒီယိုတို့ထဲက ဇာတ်ဆောင်တွေပြောတဲ့စကားတွေ ဖတ်ကြည့်နားထောင်လိုက်ရင် အားလုံးချောနေတာပဲ။ မပြေပြစ်ဖြစ်တာ မပါဘူးလေ"

"စကားပြောတဲ့ဟန်အတိုင်း ပြေပြေပြစ်ပြစ်ရေးထားတဲ့ စာတွေမို့ 'အပြောစကားပြေ'လို့ ခေါ်တာ ပိုပြီးသင့်လျော်တယ်လို့ ကျွန်တော်ပြောတာပါ။ 'အပြောဟန်စကားပြေ'လို့ ခေါ်ရင်လည်းရပါတယ်။ စကားပြောသက်သက်နဲ့ တော်တော်ကွာပါတယ်ဗျာ"

"ဟုတ်ပါပြီ"

"သတိရလို့ ခင်ဗျားတို့လက်တွေ့စမ်းသပ်ကြည့်လို့ရတာ တစ်ခုပြောမယ်။ ခုဆိုရင် တီဗွီကလွှင့်နေတဲ့ စာပေဟောပြောပွဲတွေ၊ စကားဝိုင်းတွေ မကြာခဏလာနေတာပဲ။ အဲဒီစကားတွေကို သတိထားပြီးနားထောင်ကြည့်ပါလား။ ဘယ်လောက်အပြောကောင်းတဲ့သူပဲဖြစ်ဖြစ် ခုနပြောတဲ့ မပြေပြစ်တာမျိုးတွေ အနည်းနဲ့ အများပါမှာချည်းပဲဗျ။ ကျွန်တော်ပြောလည်းပါမှာပဲ၊ ခင်ဗျားတို့ပြောလည်း ပါမှာပဲလေ။ စကားဦးတည်ရာအကြောင်းကို ကြိုတင်ပြင်ဆင်ဖို့အချိန်မရဘဲ ရုတ်တရက် ပြောရတာကိုး"

"ဟုတ်ပါပြီဗျာ၊ ဘဝင်ကျသွားပါပြီ၊ ကျေးဇူးပါပဲ"

"ငါလည်း ဘဝင်ကျပါပြီကွာ ၊ ဒါထက် အပြောစကားပြေနဲ့ အရေးစကားပြေဆိုပြီး ဘာဖြစ်လို့နှစ်မျိုးကွဲနေတာပါလိမ့်"

"သြော်. . . တစ်ခုပြောဖို့ကျန်သေးတယ်။ စကားပြောသလို တိတိကျကျ ရေးမယ်ဆိုရင် တကယ်အသံထွက်တဲ့အတိုင်းရေးမှ တိကျမှာပေ့ါ။ ဟိုတစ်ပတ်က ကျွန်တော်ပြောသလို 'ရန်ကုန်မှာ တော်တော်ပူတယ်' ဆိုတာကို စကားပြောသလို တိတိကျကျရေးရင်/ယန်ဂုန်မှာတော်ဒေါ်ပူဒယ်/လို့ ရေးရမှာလေ။ ဟုတ်တယ်မဟုတ်လား"

"အေး. . . ဟုတ်သားပဲ"

"အဲဒီလိုအသံထွက်သလို တိတိကျကျရေးရတဲ့ အသံထွက်အတိုင်း ရေးနည်းက ဘာသာစကားလေ့လာရာမှာသုံးတဲ့ ပညာရပ်တစ်ခုပါ။ အပြောစကားပြေမှာကျတော့ စာလုံးပေါင်းသတ်ပုံကျမ်းအတိုင်း ရေးတာလေ။ 'စကားပြော'အတိုင်းမှမဟုတ်တာ။ ဒါကြောင့် စကားပြောသလို ရေးတာမဟုတ်ဘူးလို့ ပြောရတာ။ ဒါလည်း အကြောင်းတစ်ခုပေ့ါဗျာ၊ ပြောစကားကို ပြေပြစ်အောင်ရေးထားတဲ့ 'အပြောစကားပြေ'ဖြစ်နေလို့ပါ"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

"ကဲ. . . အပြောစကားပြေနဲ့ အရေးစကားပြေဆိုပြီး ဘာဖြစ်လို့ နှစ်မျိုးကွဲနေတာလဲဆိုတာ စဉ်းစားရင် 'အပြော'နဲ့ 'အရေး' ဟာ ဘယ်ဟာက အရင်ပေါ်သလဲ ၊ ဘယ်ဟာက အရင်းခံလဲဆိုတာကစပြီး စဉ်းစားလေ့ရှိကြတယ်ဗျ။ တစ်နည်းပြောရရင် 'စကား'နဲ့'စာ'က ဘယ်ဟာက အရင်ပေါ်တာလဲ၊ ဘယ်ဟာက နောက်မှပေါ်တာလဲပေ့ါဗျာ"

"ဒါကတော့ ရှင်းနေတာပဲကွာ၊ တို့လူတွေစကားအရင်ပြောတတ်ပြီး စာကနောက်မှ တတ်တာလေ။ စကားက အရင်ပေါ်ပြီး အရင်းခံကျတာပေါ့"

"ဟုတ်ပါတယ်ဗျာ၊ အရင်ပြောတတ်ပြီး နောက်မှ ရေးတတ်တာပါ"

"အကျိုးသင့်အကြောင်းသင့် စဉ်းစားကြည့်တဲ့သူတိုင်း ဒီလိုပဲ နားလည်မှာပါ။ ကျွန်တော်တို့ မြန်မာစာအပါအဝင် ကမ္ဘာပေါ်မှာသုံးနေတဲ့ စာအရေးအသားအများစုဟာ ပြောတဲ့စကားသံတွေကို အခြေခံပြီးတော့ ဘယ်အသံကို ဘယ်စာလုံးအက္ခရာရေးမယ်ဆိုပြီး တီထွင်ထားတာတွေပါ"

"ကျွန်တော်ဖတ်ဖူးတာတစ်ခုက ကမ္ဘာပေါ်မှာ အစောဆုံးပေါ်တဲ့စာတွေက တရုတ်စာနဲ့ အီဂျစ်စာတဲ့။ အဲဒီစာတွေတောင်မှ တရုတ်စကားနဲ့ အီဂျစ်စကားပေါ်ပြီး နှစ်ပေါင်းများစွာကြာမှ ပေါ်လာတာ. . . တဲ့"

"ကျွန်တော်တို့မြန်မာစကားနဲ့မြန်မာစာကိုပဲ ကြည့်ဗျာ၊ မြန်မာစကား ဘယ်တုန်းကစပေါ်သလဲလို့မေးရင် မြန်မာတွေ စကားပြောတတ်ကတည်းက စပေါ်တယ်လို့ဖြေရမယ်ထင်တယ်။ မြန်မာဆိုတာ ဘယ်ကပဲစစ၊ မြန်မာလူမျိုး ရယ်လို့ဖြစ်လာတာနဲ့ သူတို့ပြောတဲ့မြန်မာစကားလည်း ပေါ်လာရမှာပဲလေ။ အဲ. . . မြန်မာစာကတော့ သိတဲ့အတိုင်းပုဂံခေတ်ကျမှပေါ်တာ။ အနှစ်တစ်ထောင်တောင်မပြည့်သေးဘူးမဟုတ်လား။ ဒါပေမယ့် မြန်မာစာမပေါ်ခင်ကတည်းက မြန်မာတွေစကားပြောကြမှာပဲလေ"

"ဟုတ်ပါပြီ"

"ထင်ရှားတဲ့သာဓကတစ်ခုက ဒီနေ့ကမ္ဘာပေါ်မှာ ဘာသာစကားတွေ အများကြီးရှိတယ်။ ခြောက်ထောင်ကျော်ခုနစ်ထောင်လောက်တောင် ရှိတယ်လို့ ပညာရှင်တွေက ဆိုကြတယ်ဗျ။ အဲဒီစကားတွေထဲမှာ စာမရှိသေးတဲ့၊ စာမတီထွင်ရသေးတဲ့စကားတွေ အများကြီးရှိနေသေးတယ်တဲ့"

"ဟုတ်တယ်။ တို့မြန်မာနိုင်ငံမှာလည်း စာမရှိသေးတဲ့လူမျိုးစုငယ်ကလေးတွေ ရှိသေးတယ်လို့ ပြောတယ်။ ဘာသာဗေဒ ပညာရှင်တွေကတော့ တိတိကျကျပြောနိုင်မယ်ထင်တယ်။ ငါဖတ်ဖူးသလောက် မြစ်ကြီးနားအောက်ဘက် ဧရာဝတီ ပထမမြစ်ကျဉ်းနားမှာနေတဲ့ 'ဖွန်း' ဆိုတဲ့လူမျိုးမှာစာမရှိဘူးတဲ့။ သူတို့ပြောတဲ့စကားကိုတော့ ပညာရှင်တွေက ကွင်းဆင်းလေ့လာပြီး ဖော်ထုတ်ထားတယ်။ ပြီးတော့တစ်ချိန်က ပျဉ်းမနား တပ်ကုန်းနားမှာ 'ထလိုင်'ဆိုတဲ့ ဘာသာစကားပြောတဲ့လူမျိုး ရှိတယ်တဲ့။ သူတို့မှာလည်း စာမရှိဘူးတဲ့လေ"

"ဟုတ်ပါတယ်။ အာဖရိကတို့၊ တောင်အမေရိကတို့က လူမျိုးစုတွေမှာလည်း စာမရှိသေးတဲ့ ဘာသာစကားတွေအများကြီးပဲ။ ဒါပေမယ့် လူမျိုးတိုင်းမှာ စကားကတော့ ရှိနေတာပဲလေ"

"နောက်စဉ်းစားကြည့်ရင် လူတိုင်းလူတိုင်း စကားစပြောတတ်တဲ့အရွယ်မှာ စကားအရင်တတ်တာပဲလေ။ စာကတော့ ငါးနှစ်၊ခြောက်နှစ်အရွယ် ကျောင်းစနေမှ တတ်တာမဟုတ်လား။ ပြီးတော့ စကားပြောတဲ့ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေ ချို့ယွင်းနေတဲ့သူကလွဲရင် လူတိုင်းစကားပြောတတ်တာပဲလေ။ ဒါပေမယ့် လူတိုင်းစာမှ မတတ်တာ။ ဒါကြောင့် အသုံးလုံးသင်တန်းတွေလုပ်ရတာပေ့ါ။ မဟုတ်ဘူးလား"

"ဟုတ်ပ့ါဗျာ။ စကားက စာထက်အရင်ပေါ်တယ်။ စာထက်အရင်းခံကျတယ်ဆိုတာ ထင်ရှားပါတယ်ဗျာ။ ဒီကိစ္စကို ဒီလောက်စကားခံပြီး ပြောနေရတာ အကြောင်းရှိလို့ဗျ"

"ဆိုပါဦးကွာ"

"စာက စကားထက်အရင်းခံကျတယ်။ စာကအရင်ပေါ်ပြီး စကားက နောက်ကျတယ်လို့ ယူဆတာမျိုးတွေရှိနေတယ်ဗျ"

"ဘယ်လိုကြောင့်ပါလိမ့်ကွာ"

"သူတို့ပြောတာက စာဆိုတာ ရှေးကတည်းက အစဉ်အဆက်ရှိခဲ့တာတဲ့။ စကားက နောက်ကျမှ လူတွေရဲ့ပါးစပ်က ပြောတာတွေတဲ့။ ဒါကြောင့် စာက အရင်းခံကျတယ်။ စနစ်လည်းကျတယ်။ စကားက ပါးစပ်ကပြောတာဆိုတော့ စာလိုမခိုင်မာဘူး။ စနစ်လည်းမကျဘူး။ စည်းကမ်းပျက်တာတွေများတယ်တဲ့ဗျ"

"စကားနဲ့စာရဲ့သဘာဝကို သေသေချာချာမစဉ်းစားပဲ ပြောကြတာထင်တယ်။ အဲဒီလိုဆိုရင် အဲဒီအယူအဆက ပြောင်းပြန်ကြီး ဖြစ်မနေဘူးလားဗျာ"

"ဖြစ်နေတာပေ့ါ။ ပြီးတော့ စာက ဘာသာတရားကစပြီး အတွေးအခေါ်တွေ ပညာရပ်တွေကို အစဉ်အဆက်မှတ်တမ်းတင်ထားတာမို့ လေးနက်တယ်။ ခံ့ညားတယ်။ လေးစားစရာကောင်းတယ်ဆိုတဲ့ အယူအဆလည်းပါတာပေ့ါဗျာ။ စကားကတော့ လူတိုင်းပါးစပ်က ထွက်နေတာမို့ စာလောက်မတည်တံ့ဘူး။ မခံ့ညားဘူးဆိုပြီး စကားကို စာလောက်အလေးမထားကြဘူးလေ"

"အေး ဖြစ်နိုင်ပါတယ်"

"ခုလိုပြောလို့ စာကိုအလေးထားစရာမဟုတ်ဘူးလို့ မဆိုလိုဘူးနော်။ စာပေါ်လာလို့ လူ့ယဉ်ကျေးမှုကြီးဖွံ့ဖြိုးလာတာ ငြင်းလို့မရပါဘူး။ လူတွေရဲ့ အသိပညာ အတတ်ပညာတွေ အတွေးအခေါ်တွေကို စာနဲ့မှတ်တမ်းတင် ထိန်းသိမ်းခဲ့လို့ စာအုပ်တွေ၊ စာကြည့်တိုက်တွေဟာ လူတွေရဲ့ပညာဘဏ်တိုက်ကြီးတွေဖြစ်နေတာ အားလုံးအသိပါ။ စာပေါ်လာတဲ့အတွက် မှတ်သားစရာတွေကို ဦးနှောက်ထဲမှာ အမြဲမှတ်ထားစရာမလိုတော့ဘဲ စာနဲ့မှတ်တမ်းတင် ထားနိုင်တာမို့ စာဟာလူ့မှတ်ဉာဏ်ရဲ့ တာဝန်ကိုခွဲဝေထမ်းဆောင်နေတယ်။ ဒါကြောင့် စာကို လူ့ခန္ဓာကိုယ်ပြင်ပမှာရှိတဲ့ ဗဟိဒ္ဓမှတ်ဉာဏ် (external memory)လို့တောင် တင်စားကြတယ်ဗျ။ ဒါက တစ်ကဏ္ဍပါ။ အဲဒီလိုစာက အရေးပါတဲ့အတွက် စကားထက်အရင်းခံကျတယ်လို့ ယူဆရင်တော့ ခုန ပြောသလို ပြောင်းပြန်ကြီးဖြစ်နေလိမ့်မယ်။ လူ့အဖွဲ့အစည်းတွေမှာ 'စကား' က အရင်ပေါ်ပြီး 'စာ' က နောက်မှပေါ်တာမို့ စကားကစာထက်အရင်းခံ ကျတယ်ဆိုတာက အမှန်တရားပါပဲဗျာ"

"ကဲ ခဏနားကြရအောင်"

## သောက်သုံးရေပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေ

**လပွတ္တာ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ သောက်သုံးရေ ပြတ်လပ်သည့် ကျေးရွာများအား လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် သောက်သုံးရေများကို ကျေးရွာများသို့အရောက် မော်တော်ယာဉ်/စက်လှေများဖြင့်သွားရောက် ဖြန့်ဝေလျက်ရှိရာ လပွတ္တာမြို့နယ်နှင့်ပြင်စလူမြို့များရှိ ကဖောင်းချောင်း၊ နောက်ဖေးကုန်း၊ ပျဉ်ထောင်တွင်း၊ ပိန္နဲကုန်းနှင့် ပိတောက်ကုန်းကျေးရွာများသို့ မေ ၅ ရက်နှင့် ၆ ရက်က သောက်သုံးရေဂါလန် ၄၆၀၀ ကို သွားရောက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။



နွေရာသီသောက်သုံးရေ ပြတ်လပ်သည့် လပွတ္တာနှင့်ပြင်စလူမြို့များအတွင်းရှိ ကျေးရွာ ၁၈ ရွာသို့ လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများ၊ လူမှုရေးအဖွဲ့များ ပူးပေါင်း၍ သောက်သုံးရေဖြန့်ဝေပေးခဲ့ရာ သောက်သုံးရေဂါလန် စုစုပေါင်း ၃၉၁၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြုလုပ်

**မင်းဘူး မေ ၁၀**

တတိယအကြိမ်မြောက်ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအောင်သန်းနှင့်ဝန်ထမ်းများသည် မေ ၅ ရက်နှင့် ၈ ရက်က မင်းဘူးမြို့ပေါ်လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်၍ မေ ၈ ရက် နံနက် ၁၀ နာရီက မင်းဘူးခရိုင်ပုဂ္ဂလိကယာဉ်လိုင်းများကြီးကြပ်မှုကော်မတီရုံးခန်းမ၌ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး နှင့်စစ်ဆေးရေးမှူး ဦးအောင် ဇင်ဝင်းတို့ ဦးဆောင်၍ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၊ ဂိတ်မှူးနှင့် ဂိတ်စာရေးများကို နံရံကပ်စာစောင်များ၊ ယာဉ်ထိခိုက်ဖြစ်ပွားမှုမှတ်တမ်းဓာတ်ပုံများပြသခဲ့ပြီး သတိပေးလမ်းညွှန်များကို ပရိုဂျက်တာဖြင့်ပြသကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပုံဖော်ကြသူများ၏ စကားသံများ

**အစိုးရအဖွဲ့သစ်သည် ၂၀၁၁ခုနှစ် ဩဂုတ်လတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဖိတ်ခေါ်ပြီး NCCT နှင့် တရားဝင်ဆွေးနွေးပွဲ (၇)ကြိမ် ဆွေးနွေးခဲ့ကာ NCA (မူကြမ်း) ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ညှိနှိုင်းပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။**

**နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိပြုလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိကဝတ် (Deed of Commitment) တွင်ပါရှိသည့် အချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှပါဝင်သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ညှိနှိုင်းအဖွဲ့" (Coordination Team for Peace and National Reconciliation) ကို ဖွဲ့စည်းရန် မေ ၉ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် မူအားဖြင့် သဘောတူညီမှုရရှိခဲ့သည်။**

**အမေး၊ အရေး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**



ဦးစိုင်းအိုက်ပေါင်း



ဒေါ်စောမြရာဇာလင်း



ဦးစောထွန်းအောင်မြင့်



ဦးလှမောင်ရွှေ

ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မတူညီသည့်ကဏ္ဍများမှ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အမြင်သဘောထားကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**ဦးစိုင်းအိုက်ပေါင်း(ဥက္ကဋ္ဌ)**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) က ပုဂ္ဂိုလ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment) ကိုလက်မှတ်ရေးထိုးနိုင်ခဲ့မှုကြောင့် မတ် ၃၁ ရက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းကို လက်မှတ် ရေးထိုးနိုင်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ယူဆပါတယ်။ အပြီးသတ် NCA မူချောရေးထိုးနိုင်ရေးအတွက် တိုင်းရင်းသား ညီအစ်ကိုတွေအားလုံး ဝိုင်းဝန်းပြီး လုပ်ဆောင်ပေးရမယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်နေ့မှာ သုံးပွင့်ဆိုင် စတင်ပြီး ဆွေးနွေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ အလွန်ဝမ်းသာခဲ့တယ်။ သမ္မတရဲ့ငြိမ်းချမ်းရေးဖိတ်ခေါ်မှု သုံးနှစ်ပြည့်တဲ့နေ့၊ သုံးပွင့်ဆိုင် တွေ့ဆုံရတဲ့နေ့မှာ ကျွန်တော်တို့အများကြီးပျော်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဖက်ဒရယ်ဆို တဲ့ စကားလုံးကိုတရားဝင်သုံးစွဲခဲ့ပါတယ်။ NCA ကိုလည်း မြန်မြန်ဆန်ဆန် လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့ သာမန်ပဲ ရိုးရိုးသားသား မျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ဟာ ရာနှုန်းပြည့်မဖြစ်လာပါဘူး။ ကျွန်တော်တို့အတွက် အချိန်က အတော်လေးတိုတောင်းနေပါပြီ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် တကယ်တမ်းကျရင် အချိန်က ငါးလလောက်ပဲ ကျန်ပါတော့တယ်။

ကျွန်တော်တို့ပါတီတွေအတွက် စည်းရုံးရေးကာလ နှစ်လပေးမယ်။ ဥပမာ နိုဝင်ဘာလဆန်းမှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် အောက်တိုဘာလနဲ့ စက်တင်ဘာလကို နုတ်ရပါမယ်။ အဲ့ဒီအခါဆိုရင် အချိန်ကသုံးလပဲ ကျန်တော့မယ်။ အချိန်အလွန်တိုတောင်းပြီး သုံးလလောက်ပဲ အချိန်ကျန်တော့တဲ့အထဲမှာ ကျွန်တော်တို့ NCA ရေးထိုးနိုင်ဖို့ လိုပါတယ်။ တစ်ဖက်က NCA ရေးထိုးနိုင်ဖို့ ကြိုးစားရင်းနဲ့ Frame Work (မူဘောင်) ကို ဝိုင်းဝန်းဆွေးနွေးဖို့ သင့်နေပါပြီ။

ကျွန်တော်တို့ Frame Work ကိုတော့ ပြီးအောင်လုပ်ပြီးတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု(Political Dialogue) လုပ်နိုင်အောင် ကြိုးစားဖို့တော့ သင့်ပြီလို့ယူဆပါတယ်။ တွေ့ဆုံလိုက်၊ ပြန်သွားလိုက်ဆိုရင် အချိန်ကလည်း မရှိတော့ဘူး။ သုံးလပဲ ကျန်ပါတော့တယ်။ ဒါကြောင့် Frame Work ကို ရေးဆွဲဖို့ အလုပ်အဖွဲ့ကော်မတီတစ်ခု ဖွဲ့စည်းဖို့လိုပါတယ်။ အလုပ်အဖွဲ့တွေ ဖွဲ့ထားမယ်ဆိုရင် NCA အချောသပ်ကလည်း ဒီတစ်လ၊ နှစ်လအတွင်းမှာ ပြီးသွားနိုင်မယ်လို့ မျှော်လင့်တယ်။ ထာဝရငြိမ်းချမ်းရေးရဖို့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားညီအစ်ကိုတွေအားလုံးက လိုချင်ကြတယ်။ ဖက်ဒရယ်စနစ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူ ညီတူ အခွင့်အရေးရှိရမယ်။ ဗဟိုချုပ်ကိုင်မှုလျှော့နည်းရမယ်။ အခုအချိန်မှာ ဖက်ဒရယ်ဆိုတဲ့ စကားလုံးတော့ ၂၄ နာရီတွင် ပြောလို့ရပြီ။ အရင်လိုလည်း ကြောက်စရာမလိုတော့ဘူး။ ကျွန်တော်တို့မှာ ပန်းတိုင်တော့ နီးနေပြီ။ ဖက်ဒရယ် ပြည်ထောင်စု ပန်းတိုင်ဆီကို ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုတွေအားလုံး လက်တွဲညီညီနဲ့ ချီတက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဒေါ်စောမြရာဇာလင်း**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်**

အခုဆိုရင် NCA ရဲ့ မူကြမ်းကို NCCT နဲ့ UPWC တို့က တစ်ဖက်ငါးဦးစီ လက်မှတ်ထိုးထားပြီးပြီ။ 'D NCA မူကြမ်းလက်မှတ်ထိုးထားပြီးတဲ့ နောက်ပိုင်းမှာ ရှေ့ကိုသွားဖို့ အင်မတန်မှ အရေးကြီးတယ်။ အဲဒါအတွက် ကျွန်မတို့ဆွေးနွေးတယ်။ တချို့အဖွဲ့အစည်းတွေကလည်း Deed of Commitment ကို လက်မှတ်ရေးထိုးထားပြီးဖြစ်တယ်။ ဒါပေမယ့် Deed of Commitment ကို မထိုးရသေးတဲ့ အဖွဲ့အစည်းတွေလည်း ရှိနေတယ်။ ဆွေးနွေးထားခဲ့တဲ့ NCA မူကြမ်းဟာ တစ်နှစ်နဲ့ ငါးလကြာ ဆွေးနွေးခဲ့ရတာ ဖြစ်တယ်။ အဲဒါကို ကျွန်မတို့ အပျက်စီးမခံနိုင်ဘူး။ ရှေ့ကိုရောက်ဖို့ အရေးကြီးတယ်။ အရှေ့ကို ရောက်မယ်ဆိုရင် အခုဟာက ရွေးကောက်ပွဲလည်း နီးကပ်လာပြီ။ ကျွန်မတို့က နိုင်ငံရေးဆွေးနွေးပွဲကိုရောက်ဖို့ အင်မတန်မှအရေးကြီးတယ်။ ဒါကြောင့် Frame Work ဖြစ်မြောက်ရေးကော်မတီတစ်ခုကို ဖွဲ့စည်းနိုင်မလားဆိုတာကို ဆွေးနွေးကြတဲ့လူတွေရှိတယ်။ ပြီးရင် Frame Work ဖြစ်မြောက်ရေးအတွက် Coordination Committee တစ်ခု ဆက်စပ်ပေးနိုင်မလားဆိုတာကိုလည်း ဆွေးနွေးကြတာရှိပါတယ်။

ဆက်တိုက်လည်း ဆွေးနွေးပွဲတွေ လုပ်လာရမယ်။ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးရင်းနဲ့ အကောင်အထည်ဖော်လာရမှာတွေလည်းရှိတယ်။ ပြည်တွင်းမှာရှိနေတဲ့ နိုင်ငံရေးပါတီ တော်တော်များများက ခေါင်းဆောင်တွေက အများအားဖြင့် လိုလားနေကြပြီ။ NCCT (၁၆) ဖွဲ့ရှိတယ်။ ဒီနေ့တက်ရောက်တာ (၇) ဖွဲ့။ ဒီလိုအခက်ခဲတွေတော့ ကျွန်မတို့ဘက်မှာ ရှိနေသေးတယ်။ ဒါကို NCCT အစည်းအဝေးကျရင် အကောင်းဆုံးဖြစ်အောင် တင်ပြမှာပါ။ ကျွန်မဆိုရင်လည်း မိခင်ပါတီကိုအတတ်နိုင်ဆုံးတင်ပြမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ရှေ့ကိုရောက်ဖို့ အင်မတန်မှ အရေးတကြီးလိုအပ်တယ်။

**ဦးစောထွန်းအောင်မြင့်**
**ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး**

ဒီနေ့ဆွေးနွေးပွဲမှာ နိုင်ငံရေးမူဘောင်ရေးဆွဲဖို့ အလုပ်အဖွဲ့ကို ဖွဲ့စည်းဖို့အတွက် မူအားဖြင့် သဘောတူထားတယ်။ အသေးစိတ်လုပ်ဖို့ ဒီနေ့အချိန်သိပ်မရကြဘူး။ အလုပ်အဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းဖို့ ထပ်ပြီးဆက်ဆွေးနွေးသွားဖို့ရှိတယ်။ Deed of Commitment ကို အမြန်ဆုံးဆောင်ရွက်သွားဖို့ ပြောထားတယ်။ တိုင်းရင်းသားရေးရာ ဝန်ကြီးတွေဘက်ကတော့ ရွေးကောက်ပွဲနီးပြီ။ အချိန် ငါးလလောက်ပဲလိုတော့တဲ့ အချိန်ကြားထဲမှာ NCA မလုပ်နိုင်ဘူးဆိုရင် နောက်အစိုးရသစ်တက်တဲ့အခါမှာ အစကနေပြန်စနေရမယ်။ ငြိမ်းချမ်းရေးကလည်း တိုင်းပြည်အတွက် ပထမအဆင့်အနေနဲ့ မလွဲမသွေလိုအပ်တယ်။ ဒါကြောင့် အမြန်ဆုံးလုပ်ဖို့အဓိက ဆွေးနွေးပါတယ်။ နိုင်ငံရေးမူဘောင်နဲ့ ပတ်သတ်ပြီး ဆက်လက်ဆွေးနွေးသွားဖို့ရှိမယ်။ အလုပ်အဖွဲ့ဖွဲ့ရမယ်။ ပြီးရင် နိုင်ငံရေးမူဘောင်ကို သွားမယ်။ အဲဒါပြီးတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်သွားမယ်။ ဘာပဲဖြစ်ဖြစ် အနည်းဆုံး ဒီအစိုးရသက်တမ်းမှာ နိုင်ငံရေးဆွေးနွေးပွဲ တစ်ပွဲလောက် လုပ်ဖြစ်သွားမယ်ဆိုရင် ဆက်သွားမယ်။ ဒါတွေက မလုပ်မဖြစ် လုပ်ရမယ့်ကိစ္စ။ မဟုတ်ရင် မူလအခြေအနေကို ပြန်ရောက်သွားနိုင်တယ်။ လွှတ်တော်က အတည်ပြုထားနိုင်ပြီဆိုရင် နောက်အစိုးရက ငြိမ်းချမ်းရေးကို ဆက်လုပ်လို့ရပြီ။ ရွေးကောက်ပွဲမတိုင်မီမှာ အပစ်ခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးဖြစ်ဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲစလုပ်ဖြစ်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးလှမောင်ရွှေ**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

ဒီနေ့ပွဲကို ဦးဆောင်ကျင်းပတာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)ကလည်းမဟုတ်ဘူး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) ကလည်း မဟုတ်ဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ KNU၊ RCSS၊ နောက်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတွေ အစုအဖွဲ့လေးစုကနေပြီးတော့ ဦးဆောင်ကျင်းပတာ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခင်းအကျင်းအပေါ်မှာ သူတို့လို တစ်ကြိမ်တစ်ခါက လက်နက်ကိုင်ခဲ့တဲ့သူတွေကလည်း သူတို့အနေနဲ့ ဒီလိုပွဲမျိုးကို လုပ်ခွင့်ရှိနေပြီ။ လုပ်လည်း လုပ်လာကြပြီ။

ဒီနေ့အခမ်းအနားရဲ့ အဓိကရည်ရွယ်ချက်ကတော့ Political Dialogue ကို အမြန်ဆုံးရောက်အောင် ဘယ်လိုသွားမလဲ။ ရွေးကောက်ပွဲမတိုင်မီမှာလည်း Political Dialogue ကို စလိုတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာလည်း Political Dialogue ကို ဆက်လုပ်ချင်တယ်။ ဒါမှသာလျှင် နောင်မည်သည့်အစိုးရပဲတက်တက် ဒီဖြစ်စဉ်က ဆက်ပြီးဆောင်ရွက်နိုင်တဲ့ ဖြစ်စဉ်လို့ သူတို့ဖြစ်စေလိုပါတယ်။ အဲဒီအတွက် ဒီနေ့ဆွေးနွေးတာပါ။ အပြင်မှာ ပြောနေကြသလို အခြားညီလာခံတွေကို အဓိပ္ပာယ်တစ်မျိုး ဖော်ဆောင်ဖို့အတွက်လည်း မဟုတ်ဘူး။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကသာလျှင် တိုင်းပြည်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရမယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေရောက်အောင် ဘယ်လိုသွားကြမလဲဆိုတာက အဓိကပါပဲ။

**အဓိကရည်ရွယ်ချက်က နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကသာလျှင် တိုင်းပြည်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုရမယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေရောက်အောင် ဘယ်လိုသွားကြမလဲ ဆိုတာက အဓိကပါပဲ**

ဒီနေ့ဆွေးနွေးပွဲကို လုပ်တဲ့ပုံစံက အတော်လေးအသိအမှတ်ပြုဖို့ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ဆွေးနွေးပွဲမှာ သဘာပတိငါးဦး တင်ထားတာ တွေ့ပါတယ်။ သဘာပတိ ငါးဦးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက နှစ်ဦး၊ နိုင်ငံရေးပါတီတွေက နှစ်ဦး(တိုင်းရင်းသားပါတီဘက်က တစ်ဦးနဲ့ ပြည်မကတစ်ဦး)၊ နောက်တိုင်းရင်းသားရေးရာဝန်ကြီး တစ်ဦးဆိုပြီး တင်ထား တာတွေ့ရတယ်။ ဆွေးနွေးရာမှာလည်း အားလုံးပါဝင်နိုင်ဖို့ဆိုပြီးတော့ နိုင်ငံရေးပါတီတွေက ငါးဦးဆွေးနွေးပြီးရင် တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က တစ်ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေထဲက နှစ်ဦးဆွေးနွေးတယ်။ ဆွေးနွေးပွဲတစ်လျှောက် ဒီလိုအလှည့်ကျသွားတယ်။

တော်တော်များများလည်း ဝင်ရောက်ဆွေးနွေးနိုင်တဲ့ အနေအထားမျိုးရှိတယ်။ သူတို့ပြောတာကို နားထောင်ကြည့်ရတာတော့ NCCT ဆိုတာ တိုင်းရင်းသားလက်နက်ကိုင် ၁၆ဖွဲ့ကို စုထားတာ။ UPWC က အစိုးရဘက်က စုဖွဲ့ထားတာ။ သူတို့က အနာဂတ်မှာ Dialogue Partner ဖြစ်လာမယ့် NCCT လည်းမဟုတ်၊ UPWC လည်း မဟုတ်ဘဲ နိုင်ငံရေး ပါတီတွေပါပါဝင်တဲ့ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့တစ်ခုကို ဖွဲ့လိုတယ်ဆိုတာကို ဆွေးနွေးတာ။

❁ *ကျောဖုံးမှ*

နှစ်သင်းစလုံး၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့သော်လည်း ထိုင်းအသင်း ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခဲ့၍ ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း၏ ကစားပုံမှာ ဆီမီးပွဲစဉ်ကဲ့သို့ ကောင်းမွန်ခြင်းမရှိဘဲ အမှားအယွင်းများခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးပွဲစဉ်တွင် ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ စိုးရိမ်စိတ်များနေ၍ ကစားကွက်တည်မရခဲ့ပေ။ ဩစတြေးလျအသင်းနှင့်ပွဲလို မြိုင်ဆိုင်သည့်ကစားပွဲနှင့် ထိရောက်သည့် တွဲလုံးမျိုး မြန်မာအသင်းမှာ မတွေ့ခဲ့ရဘဲ ထိုင်းနောက်တန်းကို ထင်သလောက် ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပေ။ ထိုင်းအသင်းမှာလည်း ခံစစ်ကို လုံအောင်လုပ်ပြီးမှ ဂိုးရရှိရန် ကြိုးပမ်းခဲ့သည်။ ပွဲအစပိုင်းတွင် နှစ်သင်းစလုံး အပိုင်အခွင့်အရေးတစ်ကြိမ်စီ လွဲချော်ခဲ့ပြီး ၃၆ မိနစ်တွင် ထိုင်းအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထိုင်းအသင်းအတွက် ကန်ဂျာနာက အပိုင်ကန်သွင်းခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရှိရန် အားထည့်ကစားခဲ့ပြီး မေသူကျော် အစား ဝင်းသီဂီထွန်းကို ထည့်သွင်း ကစားခဲ့သည်။ ၅၅ မိနစ်တွင် မြန်မာအသင်း ချေပဂိုး ပြန်ရခဲ့ပြီး နော်အားလိုဝါးဖော၏ ကန်ချက် ဂိုးသမားနှင့်ထိကာ ဝင်သွားခြင်းဖြစ်သည်။ ချေပဂိုးပြန်ရခဲ့သော်လည်း မြန်မာအသင်း ကစားအားတက်မလာဘဲ ၆၅ မိနစ်နှင့် ၇၁ မိနစ်တွင် နှစ်ဂိုးဆက် ပေးခဲ့ရသည်။ ၇၄ မိနစ်တွင် ဝင်းသီဂီထွန်းက မြန်မာအသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သော်လည်း ပွဲအပြီးထိ ချေပဂိုးမသွင်းယူနိုင်သောကြောင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးဗိုလ်လုပွဲ ရောက်ခဲ့သည်။ နောက်ဆုံးသုံးကြိမ်တွင် နိုင်ပွဲမရခဲ့ဘဲ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

## ဥရောပလိဂ်များ ဘောလုံးပွဲ အနိုင်/အရှုံး

၁၀-၅-၂၀၁၅

| | | |
|---|---|---|
| မန်စီးတီး | ၆ - ၀ | ကျူပီအာ |
| လန်းစ် | ၀ - ၁ | မောင့်ပယ်လီယာ |
| ချီယေဗို | ၂ - ၂ | ဗီရိုနာ |
| ပါလာမို | ၂ - ၃ | အတ္တလန္တာ |
| အူဒီးနိစ် | ၁ - ၄ | ဆမ်ဒိုးရီးယား |
| ဆီစီနာ | ၂ - ၃ | ဆက်ဆူအိုလို |
| လီဗန်တေး | ၂ - ၂ | အက်သလက်တီကို |

# ရွှေ့ဘီးဆွဲမောင်းနှင်သည့် အိမ်စီးကားမော်ဒယ်သစ် BMW မိတ်ဆက်




**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံတွင် တရားဝင်တင်သွင်းရောင်းချခွင့်ရရှိထားသော Prestige Automobiles မှ BMW ၏ အဆင့်မြင့်မော်ဒယ်လ်ဖြစ်သည့် 2series အမျိုးအစား အိမ်စီးကားသစ်များကို မေ ၉ ရက်တွင် စတင်မိတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် အခြားနိုင်ငံများနည်းတူ ဝယ်ယူမောင်းနှင်နိုင်တော့မည်ဟု သိရသည်။

2series မော်တော်ကားသည် BMW ၏ ဒုတိယမြောက် အမျိုးအစားသစ်ဖြစ်ကာ ကျစ်လျစ်ပြီး ပစ္စည်းတင်နိုင်စွမ်းရှိသော မိသားစုစီးကားအမျိုးအစားဖြစ်ကြောင်း၊ ဆီစားနှုန်းသက်သာသည့် Twin Power Turbo နည်းပညာကို သုံးစွဲထားကြောင်း မြန်မာနိုင်ငံသို့ BMWကားများ တင်သွင်းဖြန့်ချိသူ Prestige Automobiles ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြေက ပြောသည်။ မော်တော်ကားသစ်များ တင်သွင်းမောင်းနှင်ခွင့်ရရှိလာပြီးနောက် ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်သည့် BMW မှလည်း ၂၀၁၃ ဒီဇင်ဘာလတွင် ပြည်တွင်းဖြန့်ချိရောင်းချမှု စတင်လုပ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မော်တော်ကား အစီး ၂၀၀ခန့်ကို ဝန်ဆောင်မှုများနှင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်သည့် အလုပ်ရုံကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

"ကိုယ့်တိုင်းပြည်က လူတွေကို အဆင့်မြင့်ကားတွေ စီးနင်းစေလိုပါတယ်။ ကားသစ်တွေကို စီးနင်းဖို့ အခွင့်အရေးရချိန်မှာ စနစ်တကျထိန်းသိမ်းမှုတွေလည်း ပြည်တွင်းမှာ ရနိုင်အောင် ကြိုးပမ်းထားပါတယ်။ 2 Series ကားရဲ့ထူးခြားချက်ကတော့ နောက်ဆုံးပေါ် ရွှေ့ဘီးဆွဲမောင်းနှင်မှုစနစ်ဖြစ်ပြီး ငြိမ့်ညောင်းမှုနဲ့ Sport ကားတွေလို စွမ်းဆောင်မှုနှစ်မျိုးတစ်ပြိုင်နက် ခံစားမှာပါ"ဟု ဦးချမ်းမြေက ပြောကြားသည်။

BMWသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကြီးတွင်လည်း အစည်းအဝေးတက်ရောက်သော နိုင်ငံခေါင်းဆောင်ကြီးများ စီးနင်းရန် ကားများ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

# သက်တမ်း ၁၀နှစ်အထက် ဇုန်ကားဈေးနှင့် အခြားအပ်ကားဈေးနှုန်းများ တူညီလာ

**ရန်ကုန် မေ ၁၀**

သံရည်ကျိုအပ်နှံ လဲလှယ်ခွင့်ပေးထားသည့် စလစ်ကားဈေးကွက်တွင် စလစ်ဈေးနှုန်း ငွေကျပ် ၆၁ သိန်းအထိ မြင့်တက်လာခဲ့ပြီး စလစ်အပ်ကားရှားပါးမှုများဖြစ်နေကြောင်း သိရသည်။

"စက်မှုဇုန်ထုတ်ကားတွေကို သံရည်ကျိုအပ်နှံဖို့ ခွင့်ပြုပေးခဲ့တုန်းက စလစ်ဈေးက အလွန်ကျဆင်းခဲ့ပါတယ်။ သို့သော် စက်မှုဇုန်ကားအချို့က အပ်နှံတဲ့ပုံစံမဟုတ်တာတွေကြောင့် ဇုန်ထုတ်ကားတွေ လက်မခံတော့တဲ့အခါ ဈေးကပြန်လည်ဦးမော့လာတာဖြစ်ပါတယ်။ မကြာခင်က မီနီဆလွန်း နံပါတ်အနီကို အပ်နှံခွင့်ချထားပေးခဲ့တယ်။ အပ်နှံခွင့်မပြုခင်က တစ်စီးကို သိန်း ၄၀ လောက်သာရှိနေခဲ့ရာက အခုအချိန်မှာ မီနီဆလွန်းတွေ ၅၅ သိန်းအထိ ဈေးမြင့်တက်လာတယ်"ဟု ကျွန်းတောလမ်းရှိ မော်တော်ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုမျိုးတင့်က ပြောကြားသည်။

လက်ရှိတွင် စလစ်ဈေးကွက်အတွင်း သက်တမ်းနှစ် ၂၀ ကားများ၏ စလစ် ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်နေကာ ကျပ်သိန်း ၆၀အထိ မြင့်တက်နေသော်လည်း အရောင်းအဝယ်မရှိသလောက်နည်းပါးကြောင်း၊ စက်မှုဇုန်ထုတ်သက်တမ်း၁၀နှစ်အထက်ကားများ စလစ်ဈေးနှုန်းမှာ ကျပ် ၅၇သိန်းဝန်းကျင်အထိ ရှိနေကြောင်းသိရသည်။ **မောင်သဲဦး**

# အခွန်ကင်းရှင်းကြောင်းမလိုဘဲ အမည်ပြောင်းလဲနိုင်မည်

**ရန်ကုန် မေ ၁၀**

ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲရာတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနရာဖြတ်ဌာနမှ ရောင်းဝယ်ခွန်ပေးဆောင်ရန် အခွန်ရှင်းလင်းကြောင်းပုံစံကို တင်ပြစရာမလိုအပ်တော့ဘဲ အမည်ပြောင်းလဲလိုသည့် ယာဉ်ပိုင်ရှင်နှင့် သက်ဆိုင်သည့် အချက်အလက် အထောက်အထားအမှန်ကို တင်ပြနိုင်ပါက ပြောင်းလဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကာလတန်ဖိုး သတ်မှတ်ပေးရမယ့် ယာဉ်ဆိုင်ရာအထောက်အထားတွေကို လျှောက်ထားသူနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေနဲ့ ပူးတွဲပြီးလျှောက်ထားကြရမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေအများစုလိုပဲ လျှောက်ထားသူတွေ လွယ်လွယ်ကူကူနဲ့ လျှောက်ထားနိုင်အောင် ဖြေလျှော့ပေးတဲ့ သဘောပါ"ဟု ပြည်တွင်းအခွန်များ ဦးစီးဌာန ရာဖြတ်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် အခွန်ကင်းရှင်းကြောင်း အထောက်အထားစာရွက် သို့မဟုတ် အခွန်စိမ်းစာရွက်မှာ ယာဉ်ပိုင်ရှင်အဆင့်ဆင့် ပြောင်းလဲလာပြီးနောက် ကာလကြာရှည်သည်နှင့်အမျှ ပျက်စီးလာခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်သဖြင့် အမည်ပြောင်းလဲလျှောက်ထားလိုသည့် ကိစ္စရပ်များတွင် ကြန့်ကြာမှုများဖြစ်လာကြောင်း၊ ယခင်က ကျင့်သုံးခဲ့သည့် အရစ်ကျအခွန်ပေးချေသည့် စနစ်မှာလည်း မရှိတော့ခြင်းကြောင့် တင်ပြစရာ မလိုအပ်တော့ခြင်းဖြစ်ကြောင်း သိရသည်။ **ဉာဏမိုးမြင့်**

# ကားဝယ်ရောင်း အပ်ပလီကေးရှင်း အသစ်ထုတ်လုပ်

**ရန်ကုန် မေ ၁၀**

အွန်လိုင်းမှ ကားဝယ်ရောင်းနိုင်သည့် MyanmarCarsDB အန်းဒရွိုက် အပ်ပလီကေးရှင်းကို အသုံးပြုသူများ ပို၍အဆင်ပြေစွာသုံးနိုင်ရန်အတွက် အသစ်ဖြစ်သည့် ဗားရှင်း ၃ ကို ထပ်မံထုတ်လုပ်လိုက်ကြောင်းသိရသည်။

လာမည့် ဇွန်လမှစတင်ကာ အပ်ပလီကေးရှင်းဟောင်းများကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဗားရှင်းသစ်တွင် ရောင်းချလိုသော ကားများကို ချက်ချင်းဓာတ်ပုံရိုက်ကာ ကြော်ငြာနိုင်မည့်စနစ်၊ စိတ်ဝင်စားသော ကားများကို အချိန်မရွေး ပြန်လည်ကြည့်ရှု ဆက်သွယ်နိုင်မည့်စနစ်များ ပါဝင်ကြောင်း၊ ကားရောင်းဝယ်လိုသူများအတွက် ဈေးနှုန်းများနှင့် အခြားအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပိုမိုလွယ်ကူစွာ ရှာဖွေနိုင်ရန် ရည်ရွယ်၍ ဗားရှင်းသစ်ကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အပ်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မော်တော်ကားအစီးရေ တစ်သောင်းခွဲခန့်ကို အွန်လိုင်းမှ ကြည့်ရှုပြီး ရောင်းဝယ်နိုင်ပြီဖြစ်ကာ ရောင်းချလိုသောကားများကိုလည်း ဓာတ်ပုံနှင့်တကွ ဝင်ရောက်ကြော်ငြာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်သဲဦး**

# သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံး ၂၀၀ ထပ်မံထောက်ပံ့ပေးခဲ့ပြီး ခွေးကိုက်လူနာများအား ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရ

**နေပြည်တော် မေ ၁၀**

သာစည်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း ခွေးရူးကိုက်ခံရသည့်သူများ များပြားလျက်ရှိပြီး ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး လုံလောက်မှုမရှိသဖြင့် ပြင်ပမှ ဆေးများကို ဈေးကြီးပေး၍ ဝယ်ယူထိုးနှံနေကြရကြောင်း သတင်းအရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)နှင့် အဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များသည် မေ ၁၀ ရက်တွင် သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးချက်အရ မြို့နယ်ဆေးရုံရှိ လူနာမှတ်ပုံတင်စာအုပ်များကို စိစစ်ရာ ၂၀၁၅ ခုနှစ် မတ်လတွင် ခွေးရူးကိုက်ခံရသည်ဟု ယူဆသူ တစ်ဦးသာရှိခဲ့ပြီး ခွေးရူးရောဂါလူနာ၊ခွေးရူးရောဂါဖြင့်သေဆုံးသော လူနာမရှိကြောင်း၊ သို့ရာတွင် ခွေးကိုက်၊ ကြောင်ကိုက်ခံရ၍ လာရောက်ပြသသော လူနာများကို ပြင်ပလူနာဌာနတွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးစာရင်းပိတ်လက်ကျန် အလုံး ၅၀ ရှိပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေ ၈ ရက်အထိ ကာကွယ်ဆေးအလုံး ၇၇၀ လက်ခံရရှိသုံးစွဲခဲ့ရာ ယနေ့အထိ လက်ကျန် ၁၇၄ လုံးရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ခွေးကိုက်ခံရသည့် လူနာအသစ် ၅၈ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၁၅၄ ဦးအားလည်းကောင်း၊ ဖေဖော်ဝါရီလတွင် လူနာအသစ် ၂၂ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၁၁၂ ဦးအားလည်းကောင်း၊ မတ်လတွင် လူနာအသစ် ၆၃ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၂၁၂ ဦးအားလည်းကောင်း၊ ဧပြီလတွင် လူနာအသစ် ၁၉ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၁၂၆ ဦးကိုလည်းကောင်း၊ မေလတွင် လူနာအသစ် ၁၂ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၄၂ ဦးကိုလည်းကောင်း ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မေလတွင် ဆေးပြတ်လပ်မှုမရှိခဲ့ဘဲ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရက်အနည်းငယ် ဆေးပြတ်လပ်မှု ရှိခဲ့သဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက မိတ္ထီလာ ဆေးရုံကြီးသို့ ညွှန်းပို့ကုသစေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယနေ့တွင် သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံး ၂၀၀ ထပ်မံထောက်ပံ့ပေးခဲ့ပြီး ခွေးကိုက်လူနာများ ဆေးအပြည့်ထိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်ရုံး၊ မြို့နယ်ရုံးနှင့် မြို့ရုံးများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါအတိုင်း အဆောက်အအုံများ တည်ဆောက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **လုပ်ငန်းအမျိုးအစား**

| | |
|---|---|
| ၁။ စုပေါင်းရုံးတိုးချဲ့ဆောင် | (၂) လုံး |
| ၂။ မြို့နယ်စုပေါင်းရုံး | (၁) လုံး |
| ၃။ မြို့အုပ်ချုပ်ရေးမှူးရုံး | (၁) လုံး |
| ၄။ ရုံးအစည်းအဝေးခန်းမ | (၁) လုံး |

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၅ရက်

(ဃ) **တင်ဒါလျှောက်လွှာပုံစံ ထုတ်ယူရမည့်နေရာ** - ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့

၂။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၄၃-၂၂၈၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**စစ်တွေမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ဦးပိုင်အမှတ်(၆၈)၊ အကွက်အမှတ်(၁၂/၂က)၊ မြေဧရိယာ ၀ဒသမ၁၈၃ဧကရှိ မြေကွက်သည် ဦးဇော်လတ် MKA-၁၁၅၅၄၆ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်-၃၁၉(V)၊ ၁၉၉၀-၁၉၉၁ အရ ၃၀-၆-၂၀၂၀ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ရာ မြေငှားဂရန်အမည်ပေါက်သူဦးဇော်လတ်မှာ ၂၀၀၃ ပြည့်နှစ်တွင် ဦးL.ခွန်းအောင်အား နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုကာ ရောင်းချခဲ့ပြီး အဆိုပါမြေငှားဂရန်မှာ ၂၀၀၇ခုနှစ်နေအိမ်ဆောက်လုပ်ရာတွင် ပျောက်ဆုံးသွားသဖြင့် ဦးL.ခွန်းအောင် ၁/မကန(နိုင်)၀၇၄၉၁၉က မိတ္တူကူးယူခွင့်ပြုရန် တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## CLAIMS DAY NOTICE
## M.V SALZGITTER VOY:NO(1)

Consignees of cargo carried by M.V SALZGITTER V.1 are here by notified that the vessel will arrive on about 13-5-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE-7766 Toyota Corolla S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလှတင် ၁၂/ဥကမ(နိုင်)၀၉၇၁၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ အလက(၃)၊ ဗဟန်း၊ အဋ္ဌမတန်းမှ မသက်ထားသူဇာ၊ တတိယတန်းမှ မောင်ဝဏ္ဏထွန်းတို့၏ မိဘ အမည်မှန်မှာ ဦးထိုင်းဝဏ္ဏနှင့် ဒေါ်စန်းစန်းမြင့်တို့ ဖြစ်ပါကြောင်း။



## မိုးသက်လေပြင်းကျ၍ သစ်ပင်ကြီးများပြိုလဲ၊ နေအိမ်အချို့ ပျက်စီး

**ဆားလင်းကြီး မေ ၁၀**

မေ ၇ ရက် ညနေ ၆ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အတွင်းရှိ ရွှေလှေကျေးရွာ၊ ဝက်မှေး-ကံတောရွာသစ်၊ ပလောင်ကျေးရွာ၊ တုံရွာ၊ ညောင်ပင်ကြီးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် မိုးသက်လေပြင်းများကျရောက်ပြီး နေအိမ်များ ပြိုလဲခြင်း၊ သက်တမ်းရင့်သစ်ပင်ကြီးများ ပြိုလဲခြင်း၊ ဆားလင်းကြီး-ညောင်ပင်ကြီးသွား ကားလမ်းဘေးမှ သစ်ပင်ကြီးများ ပြိုလဲခြင်း၊ ကျိုးပဲ့ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။ လူနှင့် အခြားသော သတ္တဝါများ ထိခိုက်သေဆုံးခြင်းမရှိသော်လည်း ရွှေလှေကျေးရွာသည် နေအိမ်များပျက်စီးဆုံးရှုံးမှု ပိုမိုများပြားသည်။

အချို့အိမ်များမှ သံဖိနပ် (ကျင်တွယ်တိုင်)များဖြင့် ဆောက်လုပ်ထားသော အိမ်များပင် ပြိုလဲကျမှုများရှိခဲ့သည်။ ဝက်မှေး-ကံတော ရွာသစ်မှ ဘုန်းတော်ကြီးကျောင်း အမိုးလွင့်စဉ်၍ လမ်းမပေါ်သို့ကျရောက်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ရွှေလှေကျေးရွာမှ အမျိုးသမီးတစ်ဦးက "အခုလို လေပြင်းတိုက်ခတ်မှုကို တစ်ခါမှမကြုံဖူးဘူး၊ ကလေးတွေနဲ့ အိမ်သားအားလုံး ခုတင်တွေအောက် ဝင်ပြီးနေခဲ့ရတယ်။ လေနဲ့အတူ မိုးကလည်းရွာဆိုတော့ ဘယ်ကိုမှ ပြေးလို့မရပါဘူး" ဟု ဆိုသည်။ အိမ်ခြေ ၂၅၀ ခန့်ရှိသော ရွှေလှေကျေးရွာတွင် အိမ်ခြေ ၅၀ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## လေပြင်းကျ၍ သစ်ပင်အမြစ်မှ ကျွတ်ထွက်ပြီး လျှပ်စစ်မီးကြိုးများ ပြတ်ကျ

**မြင်းမူ မေ ၁၀**

မေ ၈ ရက် ည ၁၁ နာရီမှ ၁၁ နာရီ မိနစ် ၂၀ အထိ လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကိုင်းမြို့ ကျောက်ဆစ်ရပ်ကွက် တပ်မ(၃၃) အနီးရှိ ဒီပင်္ကရဓာတ်ပေါင်းစုစေတီ အတွင်း ရတနာရွှေစံအိမ် အနောက်ဘက်ရှိ ဓာတ်တိုင် ခါးပြတ်ကျခဲ့ကာ အနီးရှိ နှစ်ခန်းတွဲ ဆောက်လက်စ ဧည့်နားဆောင်ခေါင်မိုးသွပ် ၁၅ ချပ် လွင့်ပြုတ်ကျခဲ့ပြီး ကွန်ကရစ် ဓာတ်တိုင်ခါးကျိုးကျခဲ့သည်။

အဆိုပါ ဒီပင်္ကရဓာတ်ပေါင်းစုစေတီဘုရားဝင်း တောင်ဘက်ကပ်လျက်ရှိသော ဦးတိုးပိုင်ဆိုင်သော ၁၀ ပေ နှစ်ခန်းပတ်လည် သွပ်မိုးတန်းများ ပြုတ်ကျခဲ့သည်။

စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်ရှိ မရှိခဏစေတီတော်ကြီး၏ ထီးတော် အရှေ့ဘက်သို့ ၇၀ ဒီဂရီကွေးသွားခဲ့ပြီး စစ်ကိုင်းမြို့ ပြူကံကျေးရွာ ခရိုင် လဝကဦးစီးမှူးရုံးရှိ (၄×၆) ပေ အုတ်ကျွတ်လေးပြား ကျိုးကျခဲ့သဖြင့် ရုံးခန်းအတွင်းရှိ ကွန်ပျူတာ နှစ်စုံ၊ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ကြွယ်လူးကျေးရွာ ဘုန်းကြီးကျောင်းဆောင်ဘုံသုံးဆင့် ပြိုကျခဲ့ပြီး ဇေယျာကွက်သစ်တွင် လျှပ်စစ်မီးတိုင်သစ်သားတိုင်နှစ်တိုင်၊ ကွန်ကရစ်တစ်တိုင် လဲကျပြီး ထူပါရုံလမ်းထဲရှိ မန်ကျည်းပင် အမြစ်မှ ကျွတ်ထွက်လဲကျသဖြင့် အုတ်တံတိုင်း သုံးခန်း ပြိုကျပျက်စီး ခဲ့ရာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုကိုနိုင်**



## မူဆယ်၌ မီးဖြတ်စက်အပူလွန်ကဲရာမှ မီးလောင်



**မူဆယ် မေ ၁၀**

ရှမ်းပြည်နယ် မူဆယ်မြို့ စွမ်စော်ရပ်ကွက် (၁)လမ်းနှင့် ပန်လုံ(၅) လမ်းကြား အိမ်အမှတ် (D /၅၆) နေအိမ်ဘေးခြံဝင်းအတွင်းရှိ အလုပ်သမားတန်းလျားတွင် မေ ၉ ရက် နံနက်က တီဗွီမီးဖြတ်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးကြောင့် လူနေတန်းလျားမီးစွဲလောင်သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားလေးစီး၊ မြို့ပေါ်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ မီးသတ်ယာဉ် ကိုးစီး၊ ရပ်ကွက်နေ ပြည်သူများက အချိန်မီ မီးငြိမ်းသတ်ခဲ့၍ မီးငြိမ်းသွားခဲ့သည်။ လူနှင့် တိရစ္ဆာန် သေဆုံးထိခိုက်မှုမရှိကြောင်း သိရသည်။ **အယ်လ်စိုး (iprd)**

## ကျွန်းလှ၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းပစ္စည်းများ ဖမ်းဆီးရမိ

**ကျွန်းလှ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အဝင် မောင်းတံဂိတ်၌ တရားမဝင်သယ်ဆောင်လာသော ပရိဘောဂကျွန်းပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။ ကျွန်းလှမြို့စခန်းမှ ဒုရဲအုပ်ကျော်ထွန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန တောအုပ် ဦးဝင်းတင့်၊ တောခေါင်းဦးဌေးဝင်း၊ ပိတောက်မြိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိန်မောင်သင်းနှင့် ဆယ်အိမ်မှူး ဦးဝင်းထူးတို့ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က သတင်းအရ ကျွန်းလှ-ကောလင်း ကားလမ်းမြို့အဝင် မောင်းတံဂိတ်တွင် MDY8K/-------လေးဘီး Light Truck ယာဉ်ကိုရှာဖွေရာ ကျွန်းခုတင်ကြမ်းရှစ်လုံး၊ ကျွန်းဗီရိုကြမ်းတစ်လုံး၊ ကျွန်းခွဲသား ၅၁၇ ချောင်း ၀ ဒသမ ၆ တန်၊ ခုတင်ကြမ်းခင်းအင်ခွဲသား ၁၆၂ ချောင်း ၀ ဒသမ ၃၁၂၂ တန် တို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါတရားမဝင်ပစ္စည်းများ သယ်ဆောင်လာသော ပိုင်ရှင် မဦး(၄၄ နှစ်) ကိုးထောင်ဘို့ရွာ ကန့်ဘလူမြို့နယ်၊ ယာဉ်မောင်းထွန်းမင်းအောင်(၂၈ နှစ်)နှင့် ယာဉ်နောက်လိုက် စိုးတင့်(၂၅နှစ်) အောင်မင်္ဂလာရပ်ကွက် ခင်ဦးမြို့နယ်တို့ကို ကျွန်းလှမြို့မရဲစခန်းက တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**ဖခင်အမည်မှန်**

သာပေါင်းမြို့နယ် အထကကျောင်းကြီး စာစစ်ဌာန ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် အဝ-၅၅၁ မောင်ပြည့်ဖြိုးပိုင် ၁၄/သပန(နိုင်)၁၂၈၃၇၉၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၄/သပန(နိုင်)၀၅၂၀၉၃ဖြစ်ပါသည်။

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ရန်ကုန်မြို့နေ၊ ဗိုလ်ကြီးခင်ဦး(ငြိမ်း) တပ်မတော်(လေ)-ဒေါ်သန်းစိန် တို့၏ သားထွေး
**မောင်ကျော်သူနိုင်**
**(B.Sc Physics)**
**Senior Manager (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်)**
**နှင့်**
ရန်ကုန်မြို့နေ ဦးထွန်းလွင်-ဒေါ်သန်းသန်း (T & Tအထည်ဆိုင်) တို့၏ သမီးကြီး
**မဖြူဖြူကျော်**
**B.Sc (Engineering) (Gem and Gem Mining)**
**(Diploma in Gem indentification)**
တို့သည် ၁၀-၅-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သူနိုင်-မဖြူဖြူကျော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6A-7706 Toyota Liteace P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးမြင့် ၁၂/လမတ(နိုင်)၀၂၀၅၈၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

- ချောင်းဟန့်သံ....ဂျီဇော် - ဘဏ္ဍာရေး....မောင်စူးစမ်း
- သတင်းသမားနှင့်ကြိုးတန်းပေါ်လမ်းလျှောက်သူ....စိုးမင်းဦး
- စာပေဆိုတာ နိုင်ငံရေးဖြစ်တယ်...ဇော်ဇော်အောင်
- ဒီကနေ့ခေတ်မှာ ဗိုလ်ချုပ်သာ ရှိခဲ့ရင်...ဒေါက်တာ ခင်လတ်ချို
- ဖက်ဒရယ် ဆိုတာ ကြောက်စရာမဟုတ်ပါ...ဝင်းသိန်းဦး

စသည့် ဆောင်းပါးကောင်းများ၊ နောက်ဆုံးရ သတင်းအချက်အလက်များဖြင့်
Oriental News ၁၁-၅-၂၀၁၅ တနင်္လာနေ့တွင် ဆိုင်ပေါ်ရောက်ပြီမို့
သတင်းကိစ္စ နှင့် ကြော်ငြာ ကိစ္စများအတွက် ဆက်သွယ်ရန် ဖုန်း - ၀၉-၂၆၂၄၀၄၅၉၅
https://www.facebook.com/orientalnewsmyanmar
www.orientalnews-myanmar.com

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၇၉၉၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ ဂျီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၅၉၊ မြေကွက်တည်နေရာ အမှတ် ၂၁၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်ဇင်အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ် ၇၆/၂၀၁၄၊ တရားနိုင် ဒေါ်ညွန့်ညွန့်ဆွေ တရားရှုံး ဒေါ်ဇင်အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု၊ တရားမဇာရီမှု အမှတ် ၁၃၇/၁၄ အမိန့်တို့တင်ပြ၍ တရားရှုံး ဒေါ်ဇင် ကိုယ်စား ဘိလစ်အရာရှိ ဒေါ်အဲမွန်သန့် ၁၂/စခန(နိုင်)၀၆၁၁၂၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**လသာမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၃၅နေ ဒေါ်မြ(ကွယ်လွန်သူ) မိသားစုနှင့် အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စန်းကျေးရွာ၊ ကွင်းအမှတ် (၆၆၅/ဒီ)၊ ကညင်ပင်ချောင်းတောင်ကွင်း၊ ဦးပိုင်အမှတ် (၂၅/၂)ဟုခေါ်တွင်သော ရန်ကုန်-ကျောက်တန်းကားလမ်းမကြီးဘေးရှိ ၃(ခ)ကျပြီး ဥယျာဉ်ခြံမြေ ၀ ဒသမ ၂၃၈က မြေနှင့် အကျိုးခံစားခွင့်အားလုံးကို ကျွန်တော်တို့၏မိတ်ဆွေများ၏ CHMPANA MYTHIC CO.,LTD. ၏ DIRECTOR ဖြစ်သူ ဒေါ်မူမူသင်းမှ မြေအမည်ပေါက် ဒေါ်မြ (ကွယ်လွန်)၏သမီးအငယ်ဆုံးဖြစ်သူ ဒေါ်တင်ဝင်း(ဘ)ဦးစောလွင် ၁၂/လသန(နိုင်)၀၁၅၆၂၉ ထံသို့ ဝယ်ယူရန် စရန်ငွေထားပေးပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမပြည့်စုံသေး၍ ၁-၅-၂၀၁၅ ရက်အစား ၁၈-၅-၂၀၁၅ ရက်အား နောက်ဆုံးသတ်မှတ်ငွေချေရက်အဖြစ် တိုးမြှင့်ပေးထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍၁၈-၅-၂၀၁၅ရက်တွင် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤသတ်မှတ်ရက်မတိုင်မီ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်သလို ကွယ်လွန်သူ ဒေါ်မြမိသားစုဝင်များမှလည်း စာရွက်စာတမ်းအပြည့်အစုံ ပြုလုပ်၍ ရောင်းချထားသော မြေကွက်အား အပြီးအပ်ရန်နှင့် အထက်ပါသတ်မှတ်ရက် ကျော်လွန်ပါက ဝယ်ယူရန် စရန်ပေးထားသော CHMPANA MYTHIC CO.,LTD. ၏ နစ်နာမှုတန်ဖိုးအဝဝကို ပြန်လည်ပေးအပ်ရန် ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုဆွေ LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၇၉/၂၀၁၅)**
**ဦးလှမြင့်(သာယာဝတီ) B.A, H.G.P, R.L.** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၂၁/၈၅)**
**အမှတ်-၁၄၉၊ မြရတနာ(၇)လမ်း၊ ခ/ရပ်ကွက်၊ မ/ဥက္ကလာပ၊ ဖုန်း-၀၉-၇၃၁၀၄၈၂၂**

## ERRATUM

The correct reading is "U Kam Khan Thang(retired Head Clerk of Administrative Office)" rather than "(U Kam Khan Thang) (retired Head Clerk of Administrative Office)" that appeared in Myanma Alinn Daily Newspaper page 27 of the 30-4-2014 issue, under the heading of "WORDS OF THANK FOR WEDDING RECEPTION"

# ဆီးဂိမ်းအောင်နိုင်ရေး မြန်မာမြားပစ်အဖွဲ့ ကိုရီးယားနှင့်ပူးတွဲလေ့ကျင့်မည်

**သတင်းဆောင်းပါး-**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

စင်ကာပူနိုင်ငံ၌ လာမည့်ဇွန်လတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်း၌ အောင်နိုင်မှုရရှိရေးအတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့သည် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသော ကိုရီးယားသမ္မတနိုင်ငံမြားပစ်အဖွဲ့နှင့် တစ်လတာ ပူးတွဲသွားရောက်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ မြန်မာမြားပစ်အဖွဲ့အနေနဲ့ စင်ကာပူမှာ ကျင်းပမယ့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်နိုင်မှုရရှိရေးအတွက် ကမ္ဘာ့အဆင့် တစ်နေရာတွင် ရပ်တည်နေတဲ့ ကိုရီးယားမြားပစ်အဖွဲ့နဲ့ တစ်လတာ ပူးတွဲလေ့ကျင့်သွားမှာ ဖြစ်ပါတယ်။ အခုသွားတာက မြားပစ်အားကစားနည်း တိုးတက်ညီနိူင်းရေးအစည်းအဝေးတက်ရောက်ရင်းနဲ့ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်မှာဖြစ်တယ်။ ဒ့ါအပြင် လိုအပ်တဲ့ လေး၊ မြားဆိုင်ရာ အရန်ပစ္စည်းတွေလည်း တစ်ခါတည်း ဝယ်ယူဖို့ စီစဉ်ထားပါတယ်"ဟု မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက မေ ၈ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုရီးယားသမ္မတနိုင်ငံသို့ မထွက်ခွာမီပြောကြားသည်။

လာမည့် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းအောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့သည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့်အတူ အလားအလာကောင်းသော လူငယ်မျိုးဆက်သစ် မြားပစ်အားကစားသမားများကိုလည်း ကိုရီးယားမြားပစ် အားကစားအဖွဲ့နှင့် ပူးတွဲလေ့ကျင့်ရန် ခေါ်ဆောင်သွားမည် ဖြစ်သည်။ အဆိုပါ မြန်မာအားကစားအဖွဲ့သည် မေ ၈ ရက်မှ ဇွန် ၃ ရက်အထိကိုရီးယားသမ္မတနိုင်ငံ ဂါဝန်ဒိုပြည်နယ်တွင် အတူပူးတွဲ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မေ ၈ ရက်က ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့တွင် အုပ်ချုပ်သူ၊ နည်းပြခုနစ်ဦး နှင့် အားကစားသမား ၁၆ ဦး စုစုပေါင်း ၂၄ ဦး လိုက်ပါသွားခဲ့သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့သည် ဆီးဂိမ်းအားကစားပြိုင်ပွဲတိုင်းနှစ်စဉ် ရွှေ တံဆိပ်ကို မလွတ်တမ်း နိုင်ငံ့ဂုဏ်ဆောင် ရယူပေးနိုင်ခဲ့ပြီး ယခု (၂၈)ကြိမ်မြောက် ဆီးဂိမ်းတွင်လည်း ယခင်နှစ်များထက် ရွှေတံဆိပ်ဆုများ ပိုမိုရယူပေးနိုင်ရေးအထူးကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




မြန်မာမြားပစ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ မထွက်ခွာမီရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။



# မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်း အောင်မြင်မှုရရှိရေးအလှူငွေပေးအပ်

**ရန်ကုန် မေ ၁၀**

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းအောင်မြင်မှုရရှိရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၇ ရက် ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတုဟော်ကီအားကစားကွင်းရှိ အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက ငွေကျပ်သိန်း ၅၀၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်လှိုင်က USဒေါ်လာ ၂၆၀၀၊ ဦးဇော်ဝင်းက ငွေကျပ် ၃၅သိန်း၊ ဦးစောလုလုထော်က ငွေကျပ် ၂၅ သိန်း၊ ဦးကျော်နိုင်ဦးကအလှူငွေကျပ် သိန်း၂၀၀၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်က သိန်း၅၀၊ အမှုဆောင်များဖြစ်ကြသော ဦးတင်မြင့်နီက ငွေ ကျပ် သိန်း ၅၀၊ ဦးကျော်ဝင်း၊ ဦးအောင်သန်း(၁)၊ ဦးကိုကိုလတ်၊ ဦးကျော်ရဲဟန်တို့က ငွေကျပ် ၁၀ သိန်းစီနှင့် ဦးအောင်သန်း(၂)၊ ဦးဝင်းထူး၊ ဦးမျိုးကိုကို၊ ဦးကျော်ငွေးသိမ်းတို့က ငွေကျပ် ငါးသိန်းစီ လှူဒါန်းကြကြောင်း သိရသည်။

**သန်းဆွေ( ပန်းဘဲတန်း)**

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဲခူး)ဒုတိယပွဲစဉ် ဖွင့်

**ပဲခူး မေ ၁၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး)၏ ဖွင့်ပွဲအခမ်းအနားကိုမေ ၇ ရက်က ပဲခူးရှိ ဟံသာဝတီ ဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့်အမှတ် (၁)တီခုံ၌နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ စစ်ရေးချုပ်ဗိုလ်ချုပ်ဆန်းဦး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ကျော်ဇော၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) မှဗိုလ်ချုပ်ဇာနည်ဝင်းနှင့်မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၄ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၇၆ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း အားကစားသမား ၁၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် မျိုးဝင်းအောင် (P.R.G.R)၊ သိန်းဇော်မြင့် (Mizuno) တို့က ရိုက်ချက် ၆၉ ချက်ဖြင့် ပထမ၊ ရန်မျိုးအေး (CEO Group)၊ ဇော်ဇော်လတ် (HAN Golf Academy) နှင့် လှမျိုး (Mizuno) တို့ကရိုက်ချက် ၇၀ ချက်ဖြင့် ဒုတိယလိုက်နေပြီး အပျော်တမ်း အဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက ရိုက်ချက် ၆၈ ချက်ဖြင့်ပထမ၊ ထွန်းအောင်ခိုင်က ရိုက်ချက် ၇၁ ချက်ဖြင့် ဒုတိယ၊ ဇော်ဇော်ထွန်းက ၇၂ ချက်ဖြင့် တတိယလိုက်နေကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ရတနာပုံဖလား ဖိတ်ခေါ် အဆင့်မြင့် အမျိုးသားဘော်လီဘောပြိုင်ပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘော အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ် ပထမအကြိမ် "ရတနာပုံဖလား" ဖိတ်ခေါ်အဆင့်မြင့် အမျိုးသားဘော်လီဘော ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၈ ရက်က မန္တလေးမြို့ Oriental House ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝေဇင်က မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရေးနှင့် ၂၀၁၅ ခုနှစ် ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ပထမအကြိမ် "ရတနာပုံဖလား" အဆင့်မြင့် အမျိုးသား ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲကျင်းပရေး လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီအတွင်းရေးမှူး ဦးမြင့်ဆွေက တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဘော်လီဘောအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရေးနှင့် ပထမအကြိမ် "ရတနာပုံဖလား" အဆင့်မြင့် အမျိုးသားဖိတ်ခေါ် ဘော်လီဘော ပြိုင်ပွဲအား ပံ့ပိုးကူညီမည့်သူများကိုယ်စား တိုင်းဒေသကြီး ဘော်လီဘောအားကစား ဖွံ့ဖြိုးတိုးတက် အောင်မြင်ရေးအတွက် အလှူငွေများလှူဒါန်းကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က စုစုပေါင်း အလှူငွေကျပ် ၂၁၃ သိန်း လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**


Programming ကို အခြေခံမှ စနစ်တကျ လေ့လာလိုသူများအတွက်

Microsoft .NET

Programming Fundamental

Programming Language အားလုံးအတွက် အကျိုးဝင်သော အခြေခံ Concept များ နားလည်သဘောပေါက်စေရန် Java နှင့် C#.Net Language တို့ကို အသုံးပြု၍ သင်ကြားပေးမည်ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ် ၊ နည်းပညာတက္ကသိုလ် တက်မည့်သူများ နှင့် HND Diploma တက်ရောက်လိုသူများ ပြည်ပသွား၍ သင်ယူလိုသူများ အတွက် အခြေခံကောင်းများ ရရှိစေမည်ဖြစ်သည်။

ကွန်ပျူတာ အခြေခံရှိပြီးသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

GUSTO Institute of Information Technology

Tel : 09- 73031302, 09- 8628806, 01- 504632

No.289 (A), Pyay Road (Near MyayNiGone Bus-Stop), Sanchaung Tsp; Yangon.



ရှေ့နေမောင်မယ်သစ်လွင်များနှင့် ဥပဒေပညာ လေ့လာလိုက်စားသူများအတွက်

တရားမချေလွှာ ၁၀၀ (ဦးမြင့်လွင်) တရားလွှတ်တော်ရှေ့နေ

ထွက်ပြီ



လွင် စာ ပေ (ရန်ကုန်)။ ၀၉ ၅၃၀၈၂၃၁၊ ၀၉ ၃၂၂၁၀၅၃

ဤစာအုပ်တွင် - - - တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ၊ ထမ်းဆောင်ရမည့် UP to Date ရုံးခွန်များ၊ ချေလွှာအကြောင်း၊ ချေလွှာရေးသားရာ၌ လိုက်နာရမည့် အချက်များ၊ တရားမအဆိုအချေနှင့် အထွေထွေလျှောက်လွှာအပေါ် ကန့်ကွက်လွှာ နမူနာပုံစံ (၁၀၀) ခန့် ပါဝင်သည့် တရားခွင်လက်တွေ့ အထောက်အကူပြုစာအုပ်။

ရန်ကုန်မြို့ . . . စာပေဗိမာန်၊ ရှုတိုင်းယဉ်စာပေ (၀၁-၃၈၇၆၃၁)၊ ခရေဖူးစာပေ (၀၉-၅၁၄၂၂၀၆)၊ ရာပြည့်စာပေ (၀၁-၃၇၅၉၅၂)၊ စာပေလောက (၀၉-၇၃၁၄၀၉၃၆)၊ ခေတ်သစ်စာပေ (၀၁-၃၈၀၉၆၈)၊ မန္တလေးမြို့ . . . . သစ္စာစာပေ (၀၉-၄၀၂၅၈၇၃၈၆)၊ မြင့်မြင့်သူစာပေ-နေပြည်တော် (၀၉-၂၅၄၉၄၁၁၉၀) နှင့် အမြို့မြို့ဆိုင်ရာ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။



**ဖခင်အမည်မှန်**

ဦးဇင်လတ် ၁၂/လမန(နိုင်)၁၁၅၂၉၄၏သား လှိုင်သာယာ အထက(၁) နဝမတန်း(F)မှ မောင်သူရိန်နှင့် လှိုင်သာယာ အလက(၅)ဆဋ္ဌမတန်း(E)မှ မောင်သူရမင်းစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇင်လတ်ဖြစ်ပါသည်။

ဦးဇင်လတ်

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/ 8444 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၈၁၀၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/ 6937၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၁ယ/၉၉၈၁၅ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဦး ၆/မအရ(နိုင်)၀၉၅၆၈၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၇၅၂၇၀ China Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချန်းဆင်းဂုဏ် ၁/ပတမ(နိုင်) ၀၁၆၉၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**သရက် မေ ၁၀**

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို သရက်မြို့၌ မေ ၄ ရက်မှ ၁၀ ရက်အထိ ပြုလုပ်ခဲ့သည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုအဖြစ် သရက်ခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးသန်းထွန်း၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးညှိနှိုင်းကြီးကြပ်မှုဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းအောင်၊ ဒုရဲအုပ် အေးမင်းဝင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့များက မြို့တွင်း လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သိရသည်။ **(၇၆၈)**

## ကလေးမြို့၌ ပထမအကြိမ်လူငယ်ညီလာခံစည်ကားစွာ ကျင်းပ

**ကလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အင်္ဂလိပ်ဧဝံဂေလိလူငယ်များအဖွဲ့က ကြီးမှူးစီစဉ်သည့် ပထမအကြိမ် လူငယ်ညီလာခံ (Youth Conference Change) ကို သဇင်ရပ်ကွက်ရှိ AMC အသင်းတော်၌ မေ ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။

လူငယ်ညီလာခံကို မျိုးဆက်သစ်များဖြစ်သော လူငယ်များအနေဖြင့် ဘက်စုံထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရန်၊ လိမ္မာယဉ်ကျေးပြီး အများနှင့်စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာစေရန်၊ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ရင့်ကျက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံခရစ်ယာန်ဧဝံဂေလိ(အေဂျီ) သာသနာကောင်စီ ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော် ဦးဂိုဇနန်က ပြောကြားသည်။

လူငယ်ညီလာခံသို့ ရန်ကုန်မြို့၊ ဟုမ္မလင်းမြို့၊ ချင်းပြည်နယ်မှ ဟားခါး၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ လူငယ် ၇၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**(iprd)

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းဆွေးနွေး

**ချောင်းဆုံ မေ ၁၀**

မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စီမံကိန်း (European Instrument Democracy and Human Rights- EIDHR) ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မေ ၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ TCRC ဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသူက အမှာစကားပြောကြားပြီး ရွှေကျွန်းသာကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက EIDHR စီမံကိန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် EIDHR စီမံကိန်း မန်နေဂျာ ဦးသန့်ဇင်ဝင်းက သုံးလအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ စီမံကိန်းဝင် ကျေးရွာများမှ ကလေးအဖွဲ့ကိုယ်စားလှယ်များက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ TCRC ကော်မတီဝင်များ၊ ရွှေကျွန်းသာကွန်ရက်အဖွဲ့ဝင်များ၊ ကလေးအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# လူမှုကွန်ရက်ကို အကျိုးရှိစွာသုံးစွဲနိုင်ရေး မော်လမြိုင်လူထု ၅၀၀ ကျော်ကို ဖေ့စ်ဘွတ်ခ်အကောင့်များ အခမဲ့ဖွင့်ပေး

သတင်း-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-ဆောင်းနွေမိုး




**မော်လမြိုင် မေ ၁၀**

တယ်လီနောမြန်မာနှင့် ဖေ့စ်ဘွတ်ခ်တို့ ပူပေါင်းကာ ၁၅ ကြိမ်မြောက် Net Monday ပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မေ ၅ ရက်က ကျင်းပခဲ့ပြီး လူမှုဆက်သွယ်ရေးကွန်ရက်ကို အကျိုးရှိစွာ အသုံးပြုကာ မိမိတို့၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသော အခက်အခဲနှင့် သိရှိလိုသူများကို ရယူနိုင်ကြောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်သူများကို ဖေ့စ်ဘွတ်ခ်အကောင့်များ အခမဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း တယ်လီနောမြန်မာမှ သိရှိရသည်။

"ကမ္ဘာကြီးနှင့် ချိတ်ဆက်ပေးမည့် အင်တာနက်လူမှုကွန်ရက်"ခေါင်းစဉ်အတွက် လူဦးရေ ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး Facebook ကို ကိုယ်ရေးကိုယ်တာ၊ လူမှုရေး၊ စီးပွားရေးချိတ်ဆက်မှု စသည်တို့အတွက် အသုံးပြုမှုများနှင့် ပတ်သက်ပြီးလည်းကောင်း၊ ပေါ်ထွန်းခါစ ဈေးကွက်များအတွက် အင်တာနက်အသုံးပြုမှုကို အထောက်အကူပြုမှု အချက်တစ်ခုအဖြစ်လည်းကောင်း စသည်တို့နှင့် သက်ဆိုင်သည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

Net Monday သည် မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ်နည်းပညာနှင့် အွန်လိုင်းအသုံးပြုမှု တိုးတက်လာစေရန်အတွက် သက်ဆိုင်ရာခေါင်းစဉ်များကို အပြန်အလှန်ဆွေးနွေးနိုင်ရန် တယ်လီနောမြန်မာမှ လစဉ်ကျင်းပပေးသော အစီအစဉ်တစ်ခုဖြစ်သည်။ ဆွေးနွေးပွဲ တစ်ခုချင်းစီတွင်၊ နိုင်ငံတကာနှင့် ဒေသတွင်းမှ သက်ဆိုင်ရာ ကျွမ်းကျင်သူများက ဒေသတွင်း Programmers များ web designer များ၊ ဘလော့ဂါများ၊ developer များ၊ နည်းပညာကျွမ်းကျင်သူများနှင့် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ အင်တာနက်နှင့် နည်းပညာကုမ္ပဏီများ စိတ်ဝင်စားသည့် ခေါင်းစဉ်များကို အပြန်အလှန်ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ Net Monday ပွဲများကို ဒဂုံတက္ကသိုလ်၊ မှော်ဘီ နည်းပညာတက္ကသိုလ်၊ မကွေးတက္ကသိုလ် စသည်တက္ကသိုလ်များ အပါအဝင် အခြားနေရာများတွင်လည်း ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံလို ပေါ်ထွန်းခါစ ဈေးကွက်တစ်ခုမှာ လူမှုရေး၊ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုတွေအတွက် အင်တာနက်က အထောက်အကူပြုဆုံး နည်းလမ်းများထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အင်တာနက်က လူတွေကို ပညာရေး၊ ဗဟုသုတ၊ အလုပ်အကိုင်၊ ကျန်းမာရေးနဲ့ အခြား မရေတွက်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးပေးပါတယ်။ ကမ္ဘာပေါ်မှာ အင်တာနက်အသုံးပြုမှုကို လူမှုကွန်ရက်တွေကတစ်ဆင့် ပိုမိုရောက်ရှိနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မော်လမြိုင်မြို့ခံတွေကို လူမှုကွန်ရက် အထူးသဖြင့် Facebook အသုံးပြုမှုတွေနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာ တွေသိစေဖို့ ကူညီပေးတာဖြစ်ပါတယ်။ Facebook က နေရာတကာမှာ ပေါ်ပြူလာအဖြစ်ဆုံး လူမှုကွန်ရက်တစ်ခု ဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာမှ Chief of Marketing Office၊ Mr Sharad Mehrotra ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ မော်လမြိုင်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေက သူတို့ ဘယ်နေရာတွေပဲရောက်ရောက် သူတို့အကြိုက်ဆုံး လူမှုကွန်ရက်ကိုသုံးစွဲပြီး ကမ္ဘာကြီးကို ဆက်သွယ်နိုင်မယ့် အကျိုးကျေးဇူးတွေကို သဘောကျမယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ကျွန်မအနေနဲ့ ဒီပွဲကို သူငယ်ချင်းတွေနဲ့လာတက်ပါတယ်။ Facebook ကနေရရှိတဲ့ အကျိုးကျေးဇူးတွေကို ကိုယ်ရေးကိုယ်တာ၊ လူမှုရေး စီးပွားရေးလုပ်ငန်းတွေမှာ ဘယ်လိုအကျိုးရှိအောင်သုံးမယ်ဆိုတာရယ်၊တစ်ခါတရံ ဒီလို ကွန်ရက်တွေကို အသုံးပြုလို့ရရှိလာတဲ့ အန္တရာယ်ရှိနိုင်ခြေ အချို့တို့ကို ဘယ်လိုလျော့ပါးစေနိုင်မလဲ ဆိုတာကို နားလည်ချင်လို့ လာတက်တာပါ"ဟု မော်လမြိုင်တက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မအိဖြူက ပြောသည်။

အားပေးသူပေါင်း ၁ဒသမ ၂ သန်းကျော်ရှိနေသည့် တယ်လီနောမြန်မာ Facebookစာမျက်နှာပေါ်မှ တစ်ဆင့် တယ်လီနောကို အားပေးသူများနှင့် တယ်လီနောမြန်မာ အုပ်ချုပ်မှုအဖွဲ့တို့ အပြန်အလှန် မေးခွန်းများမေးမြန်း ဆွေးနွေးခဲ့ကြပြီး တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr Petter Furberg နှင့် Chief Marketing Officer၊ Mr Sharad Mehortra တို့က သုံးနာရီအတွင်း သုံးစွဲသူပေါင်း လေးထောင်ကျော်၏ မေးခွန်းများ၊ အကြံပြုချက်များ စသည်တို့ကို Facebookပေါ်တွင် ချက်ချင်းပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။

"လူမှုကွန်ရက်ဆိုတာ၊ အထူးသဖြင့် သူငယ်ချင်းတွေ၊ မိသားစုတွေကြားမှာ အပြန်အလှန်ဆက်သွယ်တဲ့ ဆိုဒ်တစ်ခုတင်မဟုတ်ဘဲ ကျွန်တော်တို့ကို အားပေးသူတွေနဲ့ ဆက်သွယ်နိုင်တဲ့ စီးပွားရေးလမ်းကြောင်း တစ်ခုလည်းဖြစ်ပါတယ်။ ခုလို ကျွန်တော်တို့ Facebook ပေါ်မှာ သုံးစွဲသူတွေနဲ့ အပြန်အလှန်ပြောစကား ပြောတာက သုံးစွဲသူတွေအနေနဲ့ ကျွန်တော်တို့ ဝန်ဆောင်မှုအပေါ်မှာ ပိုကောင်းလာအောင် အကြံ ပေးတာတွေကိုလည်း နားထောင်ပြီး တိုးတက်မှုတွေ လုပ်ဆောင်သွားဖို့ နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ အနာဂတ်မှာလဲ ဒီလိုမျိုး Facebook ပေါ်ကနေ အပြန်အလှန်ပြောဆိုဆွေးနွေးမှုတွေ ပြုလုပ်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်" ဟု Mr Mehrotra က ပြောကြားသည်။

**(မြန်မာ့အလင်း)**


AGARWIN-KEYSTONE CO.,LTD.

Plantation, Inclusion and Production of Agarwood Oil and Sacha Inchi Oil

Agarwin-Keystone

AQUILARIA PLANTATION IN MYANMAR

Welcome to Agarwin-Keystone Co.,Ltd

ABOUT AGAR WOOD
Agar wood is renowned as being the world's most valuable and sacred incense and oil.

OUR APPROACH TO CULTIVATION
What is our philosophy and methodology? Read more about Agarwin-Keystone's responsible foresty plantation method.

AQUILARIA IN MYANMAR
The Aquilaria plant can be encountered in the wild all over Myanmar. Find out more about it's plantation across this bountiful country.

OUR OTHER ACTIVITIES
We are a busy company Agarwood is only part of our business model. What else are we involved in?





Visit Our Plantation

အမြန်လမ်း (၁၆)မိုင် (၅)ဖာလုံ လှည်းကူးမြို့နယ်

သစ်မွှေးစိုက်ပျိုးခြင်း၊ မှိုဆေးသွင်းခြင်းနှင့် အဆီချက်လုပ်ခြင်း လုပ်ငန်းများ၊ ဈေးကွက်သို့တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုသူများအား နွေးထွေးစွာကြိုဆိုပါသည်၊

ကြယ်ပဲစိုက်ပျိုးခြင်း၊ မျိုးစေ့ဖြန့်ဖြူးရောင်းချခြင်း၊ နည်းပညာနှင့် သင်တန်းပေးခြင်းများကို ပံ့ပိုးပေးနေပါသည်၊

Contact Our Office : No.253/258,Bagayar Road, Sanchaung, Yangon. agarwin1311@gmail.com
Tel: +95 (1) 501812, 09 5117226, 09 261033608 (11), (12), (14)
09 9790924507 (8) (9), (Upper) 09 2061470, 09 73500615, 09 32264096
skyblue150091@gmail.com www.agarwin-keystone.com

စိန်မိသားစု အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး

# ဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့သောရွာသစ်များသို့ ဘုန်းကြီးကျောင်းများ တည်ဆောက်လှူဒါန်း

**ဂန့်ဂေါ မေ ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါ မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံ စီမံကိန်း၏ ရေဝပ်ဧရိယာတွင်ပါဝင်သော ကျေးရွာများကို စံပြကျေးရွာသစ် တည်ထောင်ပေးပြီးနောက် အိမ်ထောင်စုများအား ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိကာ ယခုအခါ ကျေးရွာသစ်များအတွက် ဘုန်းကြီးကျောင်းသစ်ကြီးများကို တည်ဆောက်ပြီးဖြစ်သဖြင့် မေ ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။


ယင်းမာကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ပနန်းကျေးရွာဘုန်းတော်ကြီးကျောင်းများ အပ်နှင်းလှူဒါန်းပွဲများကို သက်ဆိုင်ရာကျေးရွာကျောင်းတိုက်များတွင် ကျင်းပခဲ့သည်။ ကျောင်းလှူဒါန်းပွဲများတွင် ယင်းမာကျေးရွာ ဆရာတော်နှင့် ပနန်းကျေးရွာ ဆရာတော်တို့ထံမှ သြဝါဒနာယူကြပြီး ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိရာ ရေဝပ်ဧရိယာအတွင်းပါဝင်၍ ပြောင်းရွှေ့ကြရမည့် ပနန်း၊ ယင်းမာ၊ စင်ပုံနှင့် စံပယ်ကျေးရွာလေးရွာမှ အိမ်ခြေ ၃၇၅ အိမ်ကို စံပြကျေးရွာများ တည်ထောင် ပြောင်းရွှေ့ပေးနေခြင်းဖြစ်သည်။ မေ ၇ ရက်အထိ အိမ်ထောင်စု ၂၉၁ ခု ပြောင်းရွှေ့ပြီးဖြစ်ကြောင်းနှင့် ပြောင်းရွှေ့ရာတွင် ဂန့်ဂေါခရိုင်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြစ်သာရေလှောင်တမံစီမံကိန်းမှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။



စံပြကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ကြသူများ အဆင်ပြေစေရေးအတွက် ရေပေးဝေရေးနှင့် ညလုံးပေါက် လျှပ်စစ်မီးလင်းရေးတို့ကို စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကာ မြေယာလျော်ကြေးနှင့် နှစ်ရှည်သီးနှံပင်လျော်ကြေးများ ရရှိရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ဆန်အထောက်အပံ့များလည်း ပေးအပ်လျက်ရှိရာ စံပြကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း၊ အိမ်ဆိုင်ဖွင့်လှစ်ရောင်းချသူများလည်း စတင်ရောင်းချလျက်ရှိကြပြီး အိမ်ဟောင်းမှပစ္စည်းများဖြင့် အိမ်သစ်တွင် လိုအပ်သည့်နေရာများ၌တပ်ဆင်ခြင်းတို့လည်းပြုလုပ်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**



## သရက်မြို့၌ လေပြင်းတိုက်၍ ဘုရားထီးတော်ကျိုးကျ

**သရက် မေ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ မေ ၇ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ဈေးရပ်ကွက် လမ်းမတော်လမ်းဈေးကြီးအနီး တည်ထားကိုးကွယ်သော ဆုတောင်းပြည့်ဘုရားကြီး၏ ထီးတော် မကိုဋ်အလယ်မှ ကျိုးကျခဲ့ကြောင်း သိရသည်။

ကျိုးကျခဲ့သော ထီးတော်နေရာတွင် ထီးတော်သစ်ကို အမြန်တင်လှူနိုင်ရေးအတွက် ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**





# ဆီရီနာဝီလျံရဲ့ ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်လိုက်တဲ့ ဗစ်တိုဗာ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံဟာ ၂၇ ပွဲ ဆက်တိုက်အနိုင်ရထားတဲ့ တင်းနစ်မယ်ဖြစ်ပါတယ်။ မက်ဒရစ်အိုးပင်းမှာတော့ သူရဲ့ ရှုံးပွဲမရှိစံချိန်ကို ချက်တင်းနစ်မယ် ဗစ်တိုဗာက အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပါတယ်။ ဆီရီနာဝီလျံရဲ့ ဒီရှုံးနိမ့်မှုဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ ပထမဆုံးသော ရှုံးနိမ့်မှုဖြစ်ပါတယ်။ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံဟာ ၂၇ ပွဲဆက်တိုက်အနိုင်ရထားတဲ့သူပါ။ သို့ပေမယ့် ဝင်ဘယ်ဒန်ချန်ပီယံ ဗစ်တိုဗာကို ၇၃ မိနစ်ကြာကစားပြီး ၆-၂၊ ၆-၃ နဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဗစ်တိုဗာရဲ့ ဒီအောင်ပွဲဟာ ကမ္ဘာ့နံပါတ်တစ်ကို ပထမဆုံး အနိုင်ရတဲ့ အောင်ပွဲဖြစ်ပါတယ်။ ဗစ်တိုဗာအနေနဲ့ ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ရှာရာပိုဗာကို ၆-၂၊ ၆-၄ နဲ့ အနိုင်ယူခဲ့တဲ့ ကွတ်နက်ဇ်ဆိုဗာနဲ့ကစားရမှာဖြစ်ပါတယ်။ ဆီရီနာဝီလျံအနေနဲ့ ယခုလကုန်ပိုင်းမှာစတင်မယ့် ပြင်သစ်အိုးပင်းဖလားပြိုင်ပွဲမှာ သူ့အတွက် အလုံး ၂၀ မြောက် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

# အန်ဒါဆင်လုပွဲ လာပြီ

မိုးမြင့်လင်းလက်




ဥရောပတစ်ခွင်မှာ ရာသီကုန်လက်ကျန်ပွဲတွေ ဆင်နွှဲနေကြတဲ့ ထိပ်တန်းဘောလုံးကလပ်တွေဟာ လာမယ့်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့မှာ ခြေစွမ်းထက်တဲ့ လူငယ်ကစားသမားတွေခေါ်ယူဖို့ အပြိုင်အဆိုင်ကြိုးစားနေကြပြီဖြစ်ပါတယ်။ အကောင်းဆုံးထိပ်တန်းကလပ်တွေရဲ့ ပစ်မှတ်ဖြစ်လာတာကတော့ လာဇီယိုအသင်း ကွင်းလယ်ကစားသမား ဖီလီပီအန်ဒါဆင်ပဲဖြစ်ပါတယ်။

ထိပ်တန်းကလပ်တွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်၊ လီဗာပူး၊ မန်စီးတီး၊ ပီအက်စ်ဂျီနဲ့ ဘာစီလိုနာတို့လို ထိပ်တန်းအသင်းတွေက အပြိုင်အဆိုင် ခေါ်ယူဖို့ ကြိုးစားနေတာမို့ အန်ဒါဆင်လုပွဲကြီး စတင်နေပြီ ဖြစ်ပါတယ်။ အန်ဒါဆင်ကို လာဇီယိုအသင်းက တစ်နှစ်ကို လုပ်ခလစာ ပေါင်ရှစ်သန်းနဲ့ ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ထားတာဖြစ်ပါတယ်။

ဖီလီပီအန်ဒါဆင်ဟာ ဘောလုံးသူရဲကောင်းတွေ ထွက်ပေါ်ရာ ဘရာဇီးနိုင်ငံသားဖြစ်ပြီး ဘရာဇီးနိုင်ငံ ဆန်တာမာရီရာမြို့မှာ ၁၉၉၃ ခုနှစ် ဧပြီ ၁၅ ရက်မှာ မွေးဖွားခဲ့တာမို့ အခုဆိုရင် အသက် ၂၂ နှစ်ပြည့်ပြီဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ဘောလုံးကို အရူးအမူးဝါသနာပါခဲ့ပြီး ကွင်းလယ်တိုက်စစ်အားသန်တဲ့ ကစားသမားလည်းဖြစ်ပါတယ်။

အန်ဒါဆင်ကို အသက် ၁၃ နှစ်မှာ အက်ဖ်စီအာဂါမင်ဟာ အသင်းက ခေါ်ယူခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာတော့ အက်စတယ်အက်ဖ်စီကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ ကိုရီတီဘာအသင်းကို ပြောင်းရွှေ့ခဲ့ပြီး အဲဒီနှစ်မှာပဲ ဆန်တို့စ်အသင်းက ခေါ်ယူစာချုပ်ခဲ့ပါတယ်။ လူငယ်ကစားသမားဘဝကတည်းက လူကြိုက်များခဲ့တဲ့ အန်ဒါဆင်ဟာ ၂၀၁၀ ပြည့်နှစ်အထိ ဆန်တို့စ်လူငယ်အသင်းမှာ ကစားခဲ့ပြီးနောက် ဆန်တို့စ်အသင်းကြီးကို ပြောင်းရွှေ့ကစားခဲ့ရပါတယ်။

ဘောလုံးကစားရာမှာ တည်တည်ငြိမ်ငြိမ်နဲ့ ဦးနှောက်အေးအေးထားပြီးကစားခဲ့တာမို့ ဆန်တို့စ်အသင်းကြီးမှာ ၂၀၁၃ ခုနှစ်အထိ ၆၁ ပွဲကစား၊ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာတော့ ဆန်တို့စ်အသင်းကနေပြီး လာဇီယိုအသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။

အန်ဒါဆင်ကို လာဇီယိုအသင်းက တစ်နှစ်လုပ်ခလစာ ပေါင်ရှစ်သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်လို့ ဒီငွေကြေးပမာဏဟာ အန်ဒါဆင်လို ကစားသမားနဲ့ ထိုက်တန်ပါတယ်လို့ လာဇီယိုပိုင်ရှင် ဒိုယန်စပို့စ်က ပြောနေပါတယ်။ လာဇီယိုအသင်းကို ရောက်ရှိလာတဲ့ အန်ဒါဆင်ဟာ အခုအချိန်အထိ လာဇီယိုနဲ့ ၃၇ ပွဲကစားခဲ့ရာ ၁၀ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်ပါတယ်။

ဘရာဇီးလက်ရွေးစင်အဖြစ် ယူ-၁၇၊ ယူ-၂၀ တို့မှာ ပါဝင်ကစားခဲ့ပြီး လက်ရှိအချိန်မှာတော့ လာဇီယိုအသင်းမှာ ခြေစွမ်းပြနေတဲ့ အဓိကကစားသမားတစ်ဦးအဖြစ် ရောက်ရှိနေပြီဖြစ်ပါတယ်။ ခြေစွမ်းထက်မြက်တဲ့ ကွင်းလယ်တိုက်စစ်မှူးဖြစ်တာမို့ အခုဆိုရင် ထိပ်တန်းအသင်းကြီးတွေက အပြိုင်အဆိုင်ခေါ်ယူနေကြခြင်းဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ဘိုင်ယန်မြူးနစ်အသင်းက အငှားခေါ်ယူကစားမှာမို့ အနိမ့်ဆုံးတစ်နှစ်စာချုပ်နဲ့ ခေါ်ယူဖို့ကြိုးစားနေပြီဖြစ်ပါတယ်။ အသင်းတိုင်းက အလိုရှိနေတဲ့ အန်ဒါဆင်ဟာ လာမယ့်နွေရာသီမှာ ဘယ်အသင်းကိုရောက်ရှိသွားမလဲဆိုတာ စိတ်ဝင်စားစရာတော့ကောင်းနေတာအမှန်ပါပဲ။ ။



# အကောင်းဆုံးတိုက်စစ်မှူးဆိုတဲ့ ဘင်တီကေး

ခရစ္စတီယန်ဘင်တီကေးဟာ လက်ရှိမှာတော့ ဥရောပရဲ့ အကောင်းဆုံး တိုက်စစ်မှူးလို့ သူ့ရဲ့ အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ချီးကျူးပြောဆိုလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဘင်တီကေးဟာ ပရီမီယာလိဂ် ငါးပွဲမှာ ခုနစ်ဂိုးသွင်းယူပေးခဲ့ပြီး အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်အတွင်း ကျရောက်တော့မယ့် အနေအထားမှာ ကယ်တင်ပေးလိုက်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းတာဝန်ရှိသူတွေက တန်းဆင်းဇုန်မှ ကယ်တင်ပေးလိုက်တဲ့ တိုက်စစ်မှူးလို့ ချီးကျူးပြောဆိုနေကြပါတယ်။ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘင်တီကေးဟာ အချိန်တိုအတွင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့ဧပြီလက သူ့ကို ပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားဆု ချီးမြှင့်ခဲ့ပါတယ်။ ဥရောပမှာတော့ ဘင်တီကေးထက်သာတဲ့ တိုက်စစ်မှူး လောလောဆယ်မရှိသေးဘူးလို့ထင်ပါတယ်လို့ တင်ရှားဝုဒ်က ဆိုပါတယ်။ ဘင်တီကေးကို ချယ်လ်ဆီးနဲ့ လီဗာပူးတို့ကလည်း ခေါ်ယူဖို့ကြိုးစားနေတယ်။ သို့ပေမယ့် သူ့ကို မရောင်းသင့်ဘူးလို့ နည်းပြတင်ရှားဝုဒ်က ဆိုပါတယ်။

ကောင်းမြတ်သူ - ခုစည်းသည်။

# ဘာစီလိုနာကို ပြိုင်နေတဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ ငါးနှစ်တာကာလအတွင်း ဘာစီလိုနာလို အသင်းကောင်းဖြစ်အောင် ကြိုးစားခဲ့တယ်လို့ နည်းပြပယ်လီဂရီနီက ဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ငါးနှစ်အတွင်းမှာ ဘာစီလိုနာနဲ့ ကွာဟမှုကို လျှော့ချနိုင်ခဲ့ပြီး မကြာသေးတဲ့နှစ်များက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်စီးတီးအသင်းက ဘာစီလိုနာကို လေးကြိမ်တိုင်တိုင် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အသင်းကောင်းဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်က ပရီမီယာလိဂ်ဖလားကိုဆွတ်ခူးနိုင်ခဲ့တာလို့ ပယ်လီဂရီနီက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒီနှစ်မှာတော့ ဘာစီလိုနာအသင်းကို လွန်ခဲ့တဲ့နှစ်များက မျှော်လင့်ခဲ့တဲ့အတိုင်း မန်စီးတီးက ချန်ပီယံလိဂ်မှာ ယှဉ်နိုင်တဲ့အသင်းဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဘာစီလိုနာလို အသင်းဖြစ်ဖို့ဆိုရင် ယခုနှစ်ရာသီပြိုင်ပွဲအရပ်ရပ်မှာ ၅၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ မက်ဆီလိုတိုက်စစ်မှူးလည်း လိုအပ်တယ်လို့လည်း ချီလီနိုင်ငံသား ပယ်လီဂရီနီက ဆိုပါတယ်။ ဘာစီလိုနာအသင်းကောင်းနေတာလည်း မက်ဆီကအဓိကကျပါတယ်။ ပြီးခဲ့တဲ့နှစ်က မက်ဆီကောင်းကောင်းမကစားနိုင်ခဲ့တဲ့တွက် ဘာစီလိုနာလည်း ဖလားမရခဲ့ပါဘူး။ မက်ဆီဟာ ဘာစီလိုနာအတွက် အရေးကြီးတဲ့ ကစားသမားဖြစ်ပါတယ်လို့လည်း ပယ်လီဂရီနီက ပြောခဲ့ပါတယ်။




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
အမေများနေ့
ပရိုမိုးရှင်း အစီအစဉ်
၂၀၁၅ ခုနှစ်၊ မေလ (၁၀)ရက်နေ့ မှ
(၁၆) ရက်နေ့ အတွင်း
ငွေဖြည့်ခြင်းဖြင့်
၃၀%
ထပ်ဆောင်းအပိုဆုကိုရယူပါ။
MPT မိုဘိုင်းဖုန်းအချင်းချင်း ခေါ်ဆိုမှုများအတွက်သာ
မိဘဆွေမျိုး၊ မိတ်ဆွေများနှင့် ပို၍ဖုန်းပြောနိုင်မည့်အခွင့်အရေး ...
၁၀၀၀ ကျပ် လျှင် ၃၀၀ ကျပ်
၃၀၀၀ ကျပ် လျှင် ၉၀၀ ကျပ်
၅၀၀၀ ကျပ် လျှင် ၁၅၀၀ ကျပ်
၁၀၀၀၀ ကျပ် လျှင် ၃၀၀၀ ကျပ်
၂၀၀၀၀ ကျပ် လျှင် ၆၀၀၀ ကျပ်
၃၀၀၀၀ ကျပ် လျှင် ၉၀၀၀ ကျပ်
• ၂၀၁၅ ခုနှစ်၊ မေလ ၁၀ ရက်နေ့ မှ ၁၆ ရက်နေ့ အတွင်း ငွေဖြည့်ခြင်းဖြင့် ထပ်ဆောင်းအပိုဆုကို ရယူနိုင်ပါသည်။
• ထပ်ဆောင်းအပိုဆု၏ သက်တမ်းမှာ ၂၀၁၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့ အထိ ဖြစ်ပါသည်။
• GSM၊ WCDMA နှင့် CDMA မိုဘိုင်းဖုန်း သုံးစွဲသူအားလုံး ထပ်ဆောင်းအပိုဆုငွေကို ရယူနိုင်ပါသည်။
✷ ထပ်ဆောင်းအပိုဆုငွေဖြင့် MPT မိုဘိုင်းဖုန်းများသို့ ဖုန်းခေါ်ဆိုခြင်းအတွက်သာ အသုံးပြုနိုင်ပါသည်။
CALL CENTER 106
free hotline, 24 hours everyday
For more information & detailed terms and conditions:
http://www.mpt.com.mm
https://facebook.com/mptofficialpage



THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# ကံမမြို့၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**ကံမ မေ ၁၀**

သရက်ခရိုင် ကံမမြို့အမှတ် (၃) ရပ်ကွက် မဒေးဝရပ်တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ယမန်နှစ်ကစတင်၍ မြစ်ကမ်းပါးပြိုခြင်းများ ဖြစ်ပွားခဲ့ရာ လူနေအိမ်အချို့ ရွှေ့ပြောင်းခဲ့ရသည်။ အဆိုပါဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR) မှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၇၉ သန်းဖြင့် သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးခဲ့သည်။

ယင်းကျောက်စီ မြေထိန်းနံရံမှာ အလျားပေ ၂၂၀ ၊အမြင့် ၆၅ ပေရှိပြီး အခြေခိုင်ခံ့စေရေးအတွက် ကျောက်သံခြင်း ၁၅ ပေနှင့် သဲမွေ့ရာ အိတ်များချထားခြင်း၊ အလျား ၃၅ ပေ၊ အနံ ၁၀ ပေရှိ ရေလယ်ကျောက်တန်းနှစ်ခု ပြုလုပ်ပါရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ ခွင့်ပြုငွေကျပ်သန်း ၆၀ ဖြင့် မြစ်ကမ်းပါး ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း (iprd)**

# စပျစ်စိုက်ဒေသများတွင် စပျစ်သီး(စိမ်း)ဆားရည်စိမ်လုပ်ငန်းလုပ်ကိုင်

**ရမည်းသင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းတိုက်နယ် ၂၄ ရွာတွင် စပျစ်ကို အများအပြားစိုက်ပျိုးကြသည်။ ယင်းဒေသများတွင် ထွက်ရှိသော စပျစ်သီးကို အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချကြသည့်နည်းတူ စပျစ်သီး (စိမ်း) ဆားရည်စိမ်လုပ်ငန်းကိုလည်း သုံးလေးဦးလုပ်ကိုင်ကာ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချကြသည်ဟု သိရသည်။

စပျစ်သီး (စိမ်း) ဆားရည်စိမ်လုပ်ငန်းအတွက် အဓိကလိုအပ်သောကုန်ကြမ်းမှာ စပျစ်သီး(စိမ်း)နှင့် ဆားဖြစ်သည်။ စပျစ်သီးစိမ်းကို ယင်းဒေသတွင် ပေါပေါများများ ဝယ်ယူရရှိနိုင်ပြီး စပျစ်စိုက်သူများသည် စပျစ်သီးမှည့်ချိန်ထိ မစောင့်ဘဲ ဈေးကွက်တွက်၍ အစိမ်းလိုက်ရောင်းသော စပျစ်ခြံများရှိသကဲ့သို့ တချို့မှာ သီးလုံးအပေါ် မူတည်၍ဖြတ်ပယ်သောအသီးစိမ်းများကို ရောင်းကြသည်။ စပျစ်သီးဈေးကောင်းသောအချိန်တွင် စပျစ်သီး(စိမ်း)တစ်တင်းလျှင် ငွေကျပ်တစ်သောင်းဝန်းကျင် ဝယ်ယူရကြောင်း သိရသည်။

စပျစ်ဆားရည်စိမ်လုပ်ရာတွင် ဝယ်ယူရရှိသော စပျစ်သီးစိမ်းများကို သီးကင်း၊ အဖျင်း၊ အမှိုက်သရိုက် မလိုအပ်သည်များဖယ်ရှားကာ စဉ့်အိုးကြီးများအတွင်းထည့်၍ ဆားဖြင့် ၁၀ ရက်ကျော်စိမ်ရသည်။ အသီးအနေအထားအပေါ်မူတည်၍ ဆားထည့်ပေးရသည်။ အများအားဖြင့် နံပါတ်သရီးမျိုးကိုသာ စိမ်ကြသည်။

ယင်းသို့ ဆားရည်စိမ်၍ရရှိသော စပျစ်သီးများကို တစ်လုံးချင်းပြန်ခြွေသန့်စင်ရန်အတွက် အလုပ်သမားငှားရသည်။ တစ်တင်းလျှင်ခြွေ ၆၀၀ကျပ်ပေးရပြီး လူတစ်ဦးလျှင် တစ်နေ့ ငါးတင်းကျော်ပြီးအောင်ခြွေနိုင်၍ ဝင်ငွေ ၃၀၀၀ ကျော်ရရှိကြောင်း သိရသည်။ ယင်းသို့တစ်လုံးချင်းဖြစ်အောင် ခြွေပြီးသော ဆားရည်စိမ် စပျစ်သီးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချကြသည်။

ကျောင်းဖွင့်ရာသီ သီတင်းကျွတ်လမှစ၍ ပွဲလမ်းသဘင်ပေါသောရာသီများတွင် စပျစ်သီးဆားရည်စိမ်ရောင်းအားကောင်းသည်။ ယင်းလုပ်ငန်းမှာ တစ်နှစ်ပတ်လုံး လုပ်ကိုင်ရသောကြောင့် အလုပ်သမားများလည်း အလုပ်အကိုင်ရှိ၍ ပုံမှန်ဝင်ငွေရကြသည်။ ယခုနှစ်တွင် စပျစ်သီးစိမ်းဝယ်ရင်း ဈေးမြင့်သကဲ့သို့ ပြန်ရောင်းရသော ဈေးလည်းမြင့်သောကြောင့် စပျစ်သီး(စိမ်း)ဆားရည်စိမ်လုပ်ငန်းလုပ်ကိုင်သူများ အကျိုးအမြတ်မျှတသည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# တောင်ပေါ်ဒေသတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပျဉ်းမနား မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အရှေ့ဘက် မိုင်ပေါင်းများစွာဝေးသော တောင်ပေါ်ဒေသ ကရင်တိုင်းရင်းသားအများစုနေထိုင်ရာ ပြည်ထောင်ကိုး ကျေးရွာအုပ်စု ကိုးရွာကျေးရွာ၌ မေ ၄ ရက်နှင့် ၅ ရက်က မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သည်။

ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများအဖွဲ့က One Stop Service ဖြင့် အဆိုပါကျေးရွာနေ ဒေသခံပြည်သူ ၁၇၀ ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ဦးချင်းပေးအပ်ခဲ့သည်။ ယခုကဲ့သို့ ဝေးလံသော မိမိတို့တောင်ပေါ်ဒေသများအရောက် ကွင်းဆင်းဆောင်ရွက်ပေးသောကြောင့် တိုင်းရင်းသားများကိုယ်စား ကိုးရွာကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



**ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးနေဦး ၁၂/ရပသ(နိုင်)၀၄၂၃၉၂၏ ပွဲနင်းမှုုလက်မှတ် (၁၈၅/၂၀၀၆)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၄၈၈၂၁၂**

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၂၁၈ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၄**

| | | |
|---|---|---|
| ရဲလင်းအောင် မိသားစု ကုမ္ပဏီလီမိတက် | **နှင့်** | ဦးမင်းနိုင် |
| (၄င်းကိုယ်စားလှယ်မန်နေဂျင်း | | (Crown) အောင်မြင်ပွဲရုံ |
| ဒါရိုက်တာ ဦးဒါရ်ဗဟာဒူး | | အမှတ် (၇၇)၊ မော်တင်လမ်း၊ |
| (ခ)ဦးအောင်သူ) | | လမ်းမတော်မြို့နယ်။ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ် ၇၇၊ မော်တင်လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးမင်းနိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၂၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ရဲလင်းအောင်မိသားစုကုမ္ပဏီလီမိတက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ၂၀၁၅ခုနှစ် မေ ၁၅ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မေ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**ဒေါ်ခင်ခင်ဆွေ**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဥတ္တရသီရိမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၂**

| | | |
|---|---|---|
| ဦးတင်မျိုးဦး | **နှင့်** | ဦးသန်းဇော် |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့၊ ချင်းရွာနေ ဦးသန်းဇော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဦးတင်မျိုးဦးက သင့်အပေါ်လိမ်လည်၍ မမှန်မကန်ရယူထားသော တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၅ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဥတ္တရသီရိမြို့နယ်တရားရုံး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အေးသာယာမြို့၊ (၁၀)ရပ်ကွက်၊ မုံတဝနယ်မြေနေ ဒေါ်နန်းကြိုင် ၁၃/တကန(နိုင်)၂၂၉၈၃၈ နှင့် စိုးစိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နန်းကြိုင်(ခ)စိုးစိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အေးသာယာမြို့၊ (၁၀)ရပ်ကွက်၊ မုံတဝနယ်မြေနေ ဦးနုရွှေ ၁၁/မအန(နိုင်)၀၁၈၂၃၄နှင့် ဦးဌေးနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနုရွှေ(ခ)ဦးဌေးနိုင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်ဇာဦး ၁၃/ရစန(နိုင်) ၀၇၅၈၇၈ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၂၈၃၄၂၃**

**အမည်ပြောင်း**

တောင်ကြီးမြို့နယ်၊ ထီသိမ်ရွေး (တောင်)၊ အမကမူလွန်၊ ပဋ္ဌမတန်းအောင်မှ ခွန်သန်းလွင်ဦးအား ယနေ့မှစ၍ ခွန်သီဟ ဟု ပြောင်းလဲခေါ်ပါရန်။

**ခွန်သီဟ**

**ဖခင်အမည်မှန်**

ဆီဆိုင်မြို့နယ်၊ အထကဆိုက်ခေါင်၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆိန်း(ခ)ဦးမောင်စိမ်း ဖြစ်ပါကြောင်း။

**ဦးဆိန်း(ခ)ဦးမောင်စိမ်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၆၁၃သည် ဦးကြည်ငြိမ်း ၁၂/စခန(နိုင်)၀၀၄၄၉၅၊ ဒေါ်ခင်စိန် ၁၂/ဗဟန(နိုင်) ၀၁၉၆၈၆ အမည်ဖြင့် မြေငှားစာချုပ်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဤဌာနတွင် မြေငှားစာချုပ် ထုတ်ယူရန်အတွက် ပြန်လည်အပ်နှံရမည့်အမည်ပေါက် ဦးဝင်းလွင်ဦး HRGN-၀၃၅၄၀၀၏ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ မြေချပါမစ်မိတ္တူထုတ်ပေးပါရန် မြေငှားစာချုပ်အမည်ပေါက်များမှ လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူထုတ်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**



# လယ်မြေ ဧက ၄၀၀ ကျော်ကို အကျိုးပြုမည့် လယ်ယာကုန်ထုတ် လှည်းကူးတံတားတည်ဆောက်

**မြန်အောင် မေ ၁၀**

မြန်အောင်မြို့နယ် ပေါက်ကုန်းစွန်းကျေးရွာအုပ်စု ဝါးတောလှဲကျေးရွာအနီး ထိန်ပင်ချောင်းကူး လယ်ယာကုန်ထုတ် လှည်းကူးတံတားကို ကျေးရွာပြည်သူများက ကွန်ကရစ်ရေလယ်တိုင်နှင့် ကွန်ကရစ်ရက်မများ တည်ဆောက်ထားရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ တင်ဒါပိုလျှံငွေဖြင့် ဆောင်ရွက်ရန်ကျန်ရှိသော တံတားကွန်ကရစ်ကြမ်းခင်း၊ တံတားလက်ရန်း၊ တောင်ပံမြေကာနံရံနှင့် ချဉ်းကပ်မြေသားလမ်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၈ ရက်က တံတားဆောက်လုပ်ခြင်း ၉၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည်ကို တွေ့ရသည်။ အဆိုပါ လယ်ယာကုန်ထုတ် လှည်းကူးတံတားသည် ဝါးတောလှဲကျေးရွာမှ သုံးဖာလုံ အကွာတွင်ရှိပြီး ချောင်း၏တစ်ဖက် လယ်ကွင်းပြင်ရှိ လယ်မြေ ဧက ၄၀၀ ကျော်အား ဝါးတောလှဲ၊ ဂုံညင်းတန်းနှင့် ပေါက်ကုန်းစွန်း ကျေးရွာများမှ တောင်သူများ လယ်ယာလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး တံတားပြီးသွားပါက ဒေသခံတောင်သူများ၏ စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်**

# ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ရှေးဦးပြုစုခြင်းသင်တန်းဆင်း

**ပေါင်းတည် မေ ၁၀**

မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၈ ရက် နံနက်က ပေါင်းတည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးညွန့်ဦးက ကမ္ဘာ့ကြက်ခြေနီအသင်းအကြောင်း ဆွေးနွေးပြောကြားကာ မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ရဲတပ်ဖွဲ့မှူးဝင်းမျိုးက သင်တန်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီဒုတပ်ရင်းမှူး ကြည်ထွန်းက ကျေးဇူးတင်စကားပြောကြားပြီး အဆိုပါ (၁/၂၀၁၅) သင်တန်းကို ဗျက်ကြီးကျေးရွာအုပ်စုတွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီးဆောင်ရွက်ပေး



**ပျဉ်းမနား မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်၌ မေ ၆ ရက် ည ၁၁ နာရီ ၂၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီး ဆောင်ရွက်ပေးအပ်ပွဲကို မေ ၈ ရက် ညနေ ၄ နာရီက အဆိုပါမီးလောင်ပြင်၌ ပေးအပ်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စု ခုနစ်စုကို ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများက အဆိုပါ မီးလောင်ပြင်သို့ သွားရောက်ကာ အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီး ထုတ်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ကိုမျိုး(ရွှေပေါက်ကံ)**

# ငါးဖမ်းသည့် ဘက်ထရီရှော့ခ်နှင့်ဆက်စပ်ပစ္စည်းများဖမ်းမိ



**မြင်းခြံ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဒါးကျွန်းကျေးရွာအနီး ဧရာဝတီမြစ်နှင့်မြစ်ထောင့်ကွေ့အင်းကြားတွင် ဘက်ထရီရှော့ခ်ဖြင့် ငါးဖမ်းနေသူများကို မေ ပထမပတ်က သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်နှင့်မြစ်ထောင့်ကွေ့အင်းကြားတွင် လှေငါးစင်း၊ လူ ၁၀ ဦး ဘက်ထရီရှော့ခ်ဖြင့် ငါးဖမ်းဆီးနေသူများရှိကြောင်းသိရသဖြင့် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ထွန်းဦးနှင့် ဒါးကျွန်းကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသည့်နေရာသို့ စက်လှေဖြင့်သွားရောက်ပြီး ဖမ်းဆီးရာ ရှော့ခ်တိုက် ငါးဖမ်းသူများမှ လောက်လေးခွများဖြင့် ပစ်ခတ်၍ ထွက်ပြေးကြသည်။

ထိုသို့ ထွက်ပြေးရာတွင် ၁၄ တောင်အရှည်ရှိ စက်လှေနှစ်စင်း၊ KENBO အမျိုးအစား အင်ဂျင်စက် တစ်လုံး၊ ဂေါ်တံဝါးရှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသူ ၁၀ ဦးသည် စက်လှေသုံးစင်းဖြင့် ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ


FAME
**Nature-Q10®**
Coenzyme Q10-30mg
နလုံးဆေး
TMR 011902(0516)
၂/၂၀၁၂ တဆထလ/(တိုင်း) ဝ၆၅၃
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Appletec®**
Quercetin 100 mg
ပန်းသီးဆေး
TMR 008206 (1115)
၂/၂၀၁၂ တဆထလ/(တိုင်း) ဝ၆၅၃
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**ဖခင် မိခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အ-မ-က(၃-လခွဲ)ကျောင်း၌စတုတ္ထတန်းအောင်မြင်ပြီးဖြစ်သောမောင်တံခွန်မိုးမြင့်၏ဖခင်၊မိခင်အမည်မှန်မှာ ဦးအောင်လွင် နှင့် ဒေါ်မိုးမိုးရည် တို့ဖြစ်ပါသည်။

**ဦးအောင်လွင်နှင့်ဒေါ်မိုးမိုးရည်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/7641 Dahatsu P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးနေအောင် ၁၂/ဥကမ(နိုင်)၁၅၇၂၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၃၀/စီ) နေ (ဦးကျော်ဆန်ဝင်း)၏သား မောင်ပြည့်ဘုန်းသျှန်အား ယနေ့မှစ၍ မောင်ပြည့်ဘုန်းကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်ဘုန်းကျော်ကျော်**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၃၀/စီ) နေ (ဦးကျော်ဆန်ဝင်း)၏သား မောင်ပြည့်လျှမ်းသျှန်အား ယနေ့မှစ၍ မောင်ဝေလျှံပြည့်ဘုန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝေလျှံပြည့်ဘုန်း**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေကွက်/ဦးပိုင်အမှတ် ဧရိယာ ၀ ဒသမ ၃၃၀ဧကရှိ ဒ-၁၀၇၃၊ ဒ-၁၀၇၄ မြေကွက်အား ဒေါ်မိုးသန္တာလင်း (ဘ)ဦးအောင်ရွှေဦး ၁၀/သဖရ(နိုင်)၀၆၆၉၀၁က ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေပေးမိန့်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်မိုးသန္တာလင်းအမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်း (၁) ရပ်ကွက်ရှိ အကွက်အမှတ် (က-မြို့တိုးချဲ့ကွက်သစ်) မြေကွက်အမှတ် က-၄၃၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကအကျယ်ရှိ မြေကွက်သည် မြို့ပြစီမံကိန်းကော်မတီမှ ၁၉၈၇ ခုနှစ်ခန့်ကပင် ဦးမြမောင် ၉/ဝတန(နိုင်)၀၁၁၂၁၉အမည်ဖြင့် ချထားပေးခဲ့သည့်မြေကွက်ဖြစ်ပြီး မြေပေးမိန့်စလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်စလစ်မိတ္တူမှန်ထုတ်ယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ဤကြော်ငြာပါပြီး ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများပြသ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အမည်ပြောင်း**

ဦးမောင်ရွှေ၏သမီး မော်ဘီမြို့နယ် မြောင်းတကာ (အထက) စတုတ္ထတန်းမှ မဇေပရယ်ကိုကိုအား ယနေ့မှစ၍ မဇေပရယ်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မဇေပရယ်ဖြိုး**

**ဖခင်အမည်မှန်**

မော်ဘီမြို့နယ် မြောင်းတကာ (အထက) စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မဇေပရယ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ရွှေ ၉/ခအဇ(နိုင်)၀၀၀၆၆၇ ဖြစ်ပါကြောင်း။

**ဦးမောင်ရွှေ ၉/ခအဇ(နိုင်)၀၀၀၆၆၇**

**ကန့်ကွက်နိုင်ပါသည်**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ ၁၆လမ်း၊ မြေကွက်/ဦးပိုင်အမှတ် (၁၂၇၁၊ ၁၂၇၂၊ ၁၂၇၃၊ ၁၂၇၄၊ ၁၂၇၅၊ ၁၂၇၆၊ ၁၂၇၇၊ ၁၄၁၂၊ ၁၄၁၃၊ ၁၄၁၄၊ ၁၄၁၅၊ ၁၄၁၆၊ ၁၄၁၇၊ ၁၄၁၈၊ ဧရိယာ ၀ ဒသမ ၇၁၅ဧကရှိ ပေါင်းလောင်းကုမ္ပဏီလီမိတက်အမည်ပေါက် မြေငှားဂရန်မြေကွက်အား Alliance Properties Co.,Ltd မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ချယ်ရီလမ်း၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၂၅၊ ၁၁၂၆၊ ၁၁၂၇၊ ၁၂၆၆၊ ၁၂၆၇၊ ၁၂၆၈၊ ၁၂၆၉၊ ၁၂၇၀၊ ဧရိယာ ၀ ဒသမ ၄၃၈ ဧကရှိ ဦးအောင်သုခအမည်ပေါက် မြေငှားဂရန်မြေကွက်အား Alliance Properties Co.,Ltd မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**စက်မှုဝန်ကြီးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**သင်ထောက်ကူစက်နှင့် စက်ပစ္စည်းများပါဝင်သော Container များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)အတွက် သင်ထောက်ကူစက်နှင့်စက်ပစ္စည်းများပါဝင်သော Container များကို ရန်ကုန်ဆိပ်ကမ်းမှ အမှတ် (၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၅-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၅၁**

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**ရုံးအမှတ် ၂၅၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဝင်းအတွင်းတွင် အောက်ဖော်ပြပါတည်ဆောက်ရေး လုပ်ငန်းများနှင့် မီးသတ်စက်၊ လျှပ်စစ်ပစ္စည်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | အမှုတွဲထိန်းခန်း (၄၀' × ၂၀' ×၁၅') | (၁) ခု |
| (ခ) | ဂါလန် (၆၄၀၀)သံရေစင် (၂၀'×၂၀'×၂၀') | (၁) ခု |
| (ဂ) | 300 KVA မီးစက် | (၁) လုံး |
| (ဃ) | မီးငြိမ်းသတ်ရန်အပေါ့စား မီးသတ်စက်(ဂျပန်)၅၅ကောင်အားနှင့် ဆက်စပ်ပစ္စည်းများ | (၁) ခု |
| (င) | Transformer 11/0.4 KVA 400 Volt Line 220' အတွက်ပစ္စည်းများ | (၁) ခု |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အခြားလိုအပ်သော အသေးစိတ်ပုံစံ အချက်အလက်များကို အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်တွင် ၁၃-၅-၂၀၁၅ရက်မှစတင်၍ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၁-၆-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထားရှိပြီး အထက်ပါလိပ်စာတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၄၆၊ ၀၆၇-၄၀၄၂၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## (ကြော်ငြာချက်)

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ရှိ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ တွဲဖက်မြင့်မားလာသည့် ဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ကမ်းလွန်အခြေစိုက်စခန်းများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါကမ်းလွန်အခြေစိုက်စခန်းများနှင့် ဆက်စပ် လုပ်ငန်းများတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအနေဖြင့် ၂၅-၅-၂၀၁၅ ရက်မှ ၁၂-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်းတွင် ကြိုတင်ရက်ချိန်းရယူ၍ လာရောက်ဆွေးနွေးနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရန်** (၁) **ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**
**ဖုန်း-၉၅-၆၇-၄၁၁၀၅၅၊ ၉၅-၆၇-၄၁၁၀၅၆**
**ဖက်(စ်) ဖုန်း-၀၆၇-၄၁၁၁၂၅**
**email - mogemd@energy.gov.mm**
(၂) **အထွေထွေမန်နေဂျာ(သာကေတကမ်းလွန်အခြေစိုက်စခန်း)**
**ဖုန်း-၉၅-၁-၅၄၂၇၃၂**
**ဖက်(စ်)-၉၅-၁-၄၅၀၄၅၄**
**email - mogegmtka@energy.gov.mm**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) မြဝတီခရိုင်ဦးစီးမှူးရုံး ပေ(၆၀×၄၀×၂၈) RCC နှစ်ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း
(ခ) ကော့ကရိတ်ခရိုင်သိုလှောင်ရုံ ပေ(၆၀×၄၀×၁၄) RCC တစ်ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ အတွင်းလျှပ်စစ်မီး၊ ရေအပါအဝင် ဆောက်လုပ်ခြင်း၊

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်မှ ၁၀-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၁-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၄၅၁ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့်**
**မြိတ်ခရိုင်အတွင်း ဆောင်ရွက်မည့်**
**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသားလမ်း (၈)လမ်း၊ ကျောက်ခင်းလမ်း (၁၀)လမ်း၊ သံကူကွန်ကရစ်တံတား (၃၉)စင်း၊ ဘာသာရေးအဆောက်အအုံတစ်ခု၊ အိမ်ရာဆောက်လုပ်ရေးလေးလုံး၊ ရေသွယ်တန်းခြင်း ၁၇ခု၊ အဝီစိတွင်းတူးခြင်း ၁၄ခု၊ ဆိုလာမီးရရှိရေးကျေးရွာ ၂၁ရွာ၊ ရေပြွန်ရှစ်ခု လုပ်ငန်းများအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါ အတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းတင်သွင်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၉း၃၀နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့ ဖုန်း-၀၅၉-၄၁၀၁၃၊ ၀၅၉-၄၁၁၂၆

**မြိတ်ခရိုင်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် အသုံးပြုမည့် ပရိဘောဂ (၂၄)မျိုး ဝယ်ယူမည်ဖြစ်ပါသည်။

၂။ ဝယ်ယူမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေးနှင့် အရေအတွက်ကို လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၂၀-၅-၂၀၁၅ရက် ၉း၃၀နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ တင်ဒါဖွင့်မည့်ရက်/အချိန် ၂၀-၅-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ

၅။ တင်ဒါပုံစံများကို အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)**
**ဖုန်း-၀၉-၄၉၆၄၁၆၉၁၊ ၀၉-၂၅၀၈၂၇၉၁၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော ယာဉ်နှင့်လျှပ်စစ်ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Intake Pumping Station တွင်အသုံးပြုရန် ဗို့အားမြင့် ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်း | ၁၁ မျိုး |
| (ခ) | Toyota Hilux | ၃ စီး |
| (ဂ) | 3 Ton Crane Car | ၁ စီး |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှ ၁၈-၅-၂၀၁၅ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါ ပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက် အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင် ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**
**သတင်းအချက်အလက်နည်းပညာပါရဂူဘွဲ့**

## သင်တန်းသား သင်တန်းသူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သတင်းအချက်အလက်နည်းပညာပါရဂူဘွဲ့သင်တန်း Ph.D(IT)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(ဃ) သင်တန်းအား အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(င) သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများသည် Referee (၂)ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။
(စ) သင်တန်းလျှောက်လွှာနှင့်အတူ မိမိပြုလုပ်လိုသော သုတေသနမူကြမ်း (Research Proposal) ပူးတွဲတင်ပြနိုင်သူဖြစ်ရမည်။

၄။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများသည် အရည်အချင်းစစ်သင်တန်းဝင်ခွင့် စာမေးပွဲ (Entrance Exam) ကို အောက်ပါအတိုင်းဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများအား Online ဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်-

| နေ့ရက် | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၃၀-၅-၂၀၁၅ စနေနေ့ | အင်္ဂလိပ်စာ | ၉း၀၀မှ ၁၁း၀၀နာရီ | သတင်းအချက်အလက်နည်းပညာ တက္ကသိုလ် |
| | ဘာသာရပ် | ၁၃း၀၀မှ ၁၅း၀၀ နာရီ | |

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ လူတွေ့ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ပါရဂူဘွဲ့သင်တန်းကို ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၇။ IT ပညာနယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅)နှစ်နှင့်အထက်ရှိပြီး IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခုရရှိပြီးသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ဖြေစရာမလိုဘဲ သီးခြားလျှောက်ထားနိုင်ပါသည်။

၈။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၉။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ၁၄-၂၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၇၃၉၃၊ ၀၁-၅၃၄၃၁၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**
**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**
**ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခွင့်ပြုရန်ပုံငွေဖြင့် ဘားအံစက်မှုဇုန်တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၅ ရက် ၁၆း၀၀နာရီ (Design တွက်ချက်မှု ပုံစံ၊ ခန့်မှန်းခြေစာရင်းများနှင့်အတူ)နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၈-၂၂၃၈၇၊ ၂၃၄၄၅၊ ၂၃၄၄၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**မုံရွာသူနာပြုနှင့် သားဖွားသင်တန်းကျောင်း**
**အဆောက်အအုံဆောက်လုပ်ရေးအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းမည့် ကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။
(၁) RC သင်တန်းသူအိပ်ဆောင်နှင့် စာသင်ဆောင်ငါးထပ်ဆောက်လုပ်ခြင်း (ပေ၁၆၀× ပေ၄၀×၅၅ပေ)

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၅ ရက် ၁၆း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာသူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာသူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ် ရုံးခန်း ဖုန်း-၀၇၁-၂၂၄၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်း**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ မွေးမြူရေးလုပ်ငန်းသုံးစက်ပစ္စည်းနှစ်မျိုးနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းငါးမျိုးကို ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| (က) | လှိုင်းတွန့်စက္ကူသေတ္တာ(ဌာနတံဆိပ်နှင့်စာသားအပါ) | ၅၀၀၀ လုံး |
| (ခ) | လှိုင်းတွန့်စက္ကူကတ်ပြား(၃)လွှာ | ၈၀၀၀ ခု |
| (ဂ) | Liquid Nitrogen Plant | 1 No |
| (ဃ) | Straw Procession Plant & Accessories | 2 Sets |
| (င) | Aspiratory Bottles (20L) (59mm) | 50 Nos |
| (စ) | Aspiratory Bottles (10 L) | 50 Nos |
| (ဆ) | Aspiratory Bottles (20L) (44 mm) | 50 Nos |
| (ဇ) | Silicon Pipe | 1 Set |
| (ဈ) | Temperature Controller with timer | 1 No |

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇၊ ၀၁-၆၄၀၆၆၂၊ ၀၉-၄၃၀၃၆၆၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## INVITATION FOR OPEN TENDER (3/2015)
## TENDER NO. MPPE/JET A1/T/1 (2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1 (282,000 bb1 ± 10%)
2. Tender Closing Date & Time - 26-5-2015, 12:00Hrs
3. Tender Opening Date & Time - 26-5-2015, 13:00Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise, Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000.) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy, No (6) Complex, Nay Pyi Taw**

**Contact Phone No.**
**067-411487/411486/411280**

## မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် ၁၅-၃-၂၀၁၅ရက်၌ ကျင်းပပြုလုပ်သော အထူးအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ်ခဲ့သဖြင့် ပြင်ဆင်ရေးဆွဲပြီးသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြုနိုင်ရန်အတွက် အထူးအထွေထွေအစည်းအဝေးကို ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် အသင်းတိုက်ရှေ့မှန်လုံခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## (၂၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

ချစ်ဖေဖေ C/E ဦးကျော်သန်း B.E(Mech:), M.O.T 1st Class Engineer (Raffles Ship Management Pte, Ltd) နှင့် ချစ်မေမေ ဒေါ်ဥမ္မာတို့၏ မေ ၅ရက်တွင် ကျရောက်သော (၂၉) နှစ်ပြည့် မင်္ဂလာရက်မြတ်မှစ၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းတို့ဖြင့် နောင်နှစ်ပေါင်းများစွာတိုင် ဘာသာ၊ သာသနာအကျိုးပျော်ရွှင်ချမ်းမြေ့စွာထမ်းဆောင်ရင်း လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။

**ချစ်သားကြီး** - ဒေါက်တာအောင်ကျော်မိုး **M.B.,B.S(YGN), Moe Clinic**

**ချစ်သားလတ်** - မောင်ဇော်ရဲထွဋ် **3rd Year(Physics) University of South Florida, U.S.A**

**ချစ်သမီးငယ်** - မလမင်းအိမ် **Final Year (Logistics & Supply Chain Management), Curtin University, Singapore**

## ထိမ်းမြားမင်္ဂလာလက်ထပ်ပြီးစီးကြောင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ
ဦးခင်ငြိမ်း(အင်ဂျင်နီယာမှူး)-ဒေါက်တာဒေါ်ညိုညိုထွန်း(ကလေးအထူးကုဆရာဝန်ကြီး)တို့၏သားကြီး
**မောင်ဝဏ္ဏငြိမ်းထွန်း B.S (Mechanical Engineering)**
**California State University, Fresno, U.S.A.**
**Drilling Fluids Engineer, M-I Swaco-Schlumberger**
**နှင့်**
ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ
ဦးခင်လှ-ဒေါ်စိုးစိုး (KKK ကွမ်းသီးရောင်းဝယ်ရေး)တို့၏သမီးကြီး
**ဒေါက်တာဆွေဇင် M.B.,B.S (YGN)**
**General Practitioner, Westgate Medical Centre, Melbourne, VIC, Australia.**

တို့ကိုမိဘတို့ဝတ္တရားရှိသည်နှင့်အညီ ၃၀-၄-၂၀၁၅၌ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၄-၅-၂၀၁၅ ရက် (တနင်္လာနေ့)တွင် Western Park Royal ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော မထက်(Pop Soul) အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် Pre-wedding ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Yes I do အဖွဲ့အားလည်းကောင်း၊ အခမ်းအနား၌ ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးပါသော ငွေရတုဓာတ်ပုံ၊ ဗီဒီယိုအဖွဲ့(သန်လျင်)အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများနှင့် key chain များကို ပြုလုပ်ဆောင်ရွက်ပေးပါသော Y-Collection Printing House(၄၉လမ်း) အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများ**
**မောင်ဝဏ္ဏငြိမ်းထွန်း-ဒေါက်တာဆွေဇင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၇၇၀၈၉ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးစံသိန်း ၁၀/ရမန(နိုင်)၀၃၄၉၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အငှမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK)ကျင်းပမည့် စာစစ်ဌာန၊ နေ့ရက်၊ အချိန် ထုတ်ပြန်ကြေညာချက်

၁။ **စာမေးပွဲဖြေဆိုရမည့်စာစစ်ဌာန**
- ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(U.C.S.Y)၊ ရွှေပြည်သာမြို့နယ်
- ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (W.Y.U)၊ ထန်းတပင်မြို့နယ်

၂။ **စာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ လူဦးရေ၊ ခုံနံပါတ်နှင့်နေရာ**

| စဉ် | နေ့ရက် | အချိန် | | ဖြေဆိုရမည့်ခုံနံပါတ် | ဖြေဆိုရမည့်နေရာ |
|---|---|---|---|---|---|
| ၁။ | ၁၆-၅-၂၀၁၅ (စနေနေ့) နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၀၉း၃၀နာရီမှ ၁၀း၃၀ နာရီထိ | ၁၀၀၀၆၀၀၁ မှ ၁၀၀၀၇၆၀၀ထိ | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀း၃၀ နာရီမှ ၁၁း၄၀ နာရီထိ | ၁၀၀၁၂၄၁၆ မှ ၁၀၀၁၄၄၂၂ ထိ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၂။ | ၁၆-၅-၂၀၁၅ (စနေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီထိ | ၁၀၀၀၇၆၀၁ မှ ၁၀၀၀၉၂၀၃ ထိ | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၅း၀၀ နာရီမှ ၁၆း၁၀ နာရီထိ | ၁၀၀၁၄၄၂၃ မှ ၁၀၀၁၄၇၅၈ ထိ ၁၀၃၀၀၀၀၁ မှ ၁၀၃၀၁၆၇၉ထိ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၃။ | ၁၇-၅-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၀၉း၃၀ နာရီမှ ၁၀း၃၀ နာရီထိ | ၁၀၀၀၉၂၀၄ မှ ၁၀၀၁၀၈၁၁ ထိ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀း၃၀ နာရီမှ ၁၁း၄၀ နာရီထိ | ၁၀၃၀၁၆၈၀ မှ ၁၀၃၀၃၆၉၅ ထိ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၄။ | ၁၇-၅-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီထိ | ၁၀၀၁၀၈၁၂ မှ ၁၀၀၁၂၄၁၅ ထိ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၅း၀၀ နာရီမှ ၁၆း၁၀ နာရီထိ | ၁၀၃၀၃၆၉၆ မှ ၁၀၃၀၅၆၇၀ ထိ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |

**မှတ်ချက် (၁)** ယှဉ်တွဲပါ ခုံနံပါတ်များအလိုက် သတ်မှတ်ထားသည့် တက္ကသိုလ်တွင်သာ ဖြေဆိုရပါမည်။

(၂) သတ်မှတ်ချက်နှင့် မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့်မရှိသည့် လျှောက်လွှာနံပါတ် ၁၀၀၀၀၀၆၇၊ ၁၀၀၀၀၈၉၅၊ ၁၀၀၀၁၁၃၅၊ ၁၀၀၀၁၇၃၂၊ ၁၀၀၀၂၂၄၁၊ ၁၀၀၀၂၆၄၀၊ ၁၀၀၀၃၀၁၅၊ ၁၀၀၀၃၁၅၉၊ ၁၀၀၀၃၃၁၂၊ ၁၀၀၀၃၇၂၈၊ ၁၀၀၀၄၄၉၇၊ ၁၀၀၀၆၂၂၇၊ ၁၀၀၀၆၅၈၈၊ ၁၀၀၀၈၁၀၆၊ ၁၀၀၀၈၄၉၃၊ ၁၀၀၀၈၇၈၆၊ ၁၀၀၀၉၇၂၇၊ ၁၀၀၁၃၉၀၉၊ ၁၀၀၁၀၄၉၃၊ ၁၀၀၁၄၇၁၅ တို့ဖြစ်ပါသည်။

(၃) စာမေးပွဲဖြေဆိုခွင့်မရှိသူ (၂၀)ဦးစလုံး၏ လျှောက်လွှာကြေးများအား အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၌ တစ်လအတွင်း အမြန်ဆုံး ပြန်လည်ထုတ်ယူရန် အသိပေးအပ်ပါသည်။

(၄) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ဆောက်လုပ်ရေးလုပ်ငန်းအတွက် စာမေးပွဲလျှောက်လွှာတင်ထားသည့် လျှောက်လွှာအမှတ်စဉ် ၁၀၀၀၀၀၀၁ မှ ၁၀၀၀၅၆၇၀အထိ လျှောက်ထားခဲ့သူများ သိရှိရန်မှာ ယခင်လျှောက်လွှာအမှတ်စဉ်၏ ရှေ့ဂဏန်းသုံးလုံး "၁၀၀" အစား "၁၀၃" ဟု ပြောင်းလဲသတ်မှတ်ထားပါ၍ ဥပမာ(၁၀၀၀၀၀၀၁ = ၁၀၃၀၀၀၀၁) "၁၀၃" ၏ နောက်ဂဏန်းများကို ကြည့်ရှုပေးပါရန် အသိပေးအပ်ပါသည်။

**ဖြေဆိုသူများ သတိပြုလိုက်နာရန်-**

(၁) စာမေးပွဲဖြေဆိုမည့်သူများအား ရှင်းလင်းဆွေးနွေးပညာပေးခြင်းရှိပါသဖြင့် နံနက်ပိုင်းတွင် ဖြေဆိုမည့်သူများသည် နံနက် ၉း၃၀နာရီတွင် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖြေဆိုမည့်သူများသည် မွန်းလွဲ ၁၄း၀၀ နာရီတွင်လည်းကောင်း၊ သက်ဆိုင်ရာစာမေးပွဲခန်းသို့ ဝင်ရောက်နေရာယူပြီးဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက် နောက်ကျပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(၂) လျှောက်လွှာနံပါတ်(စာမေးပွဲခုံနံပါတ်)အလိုက် ဖြေဆိုရမည့် အခန်းနံပါတ်များကို ဖြေဆိုမည့်နေ့တွင် ဖြေဆိုရမည့် စာစစ်ဌာန၌ ကြေညာထားပါမည်။ သတ်မှတ်ထားရှိသော စာစစ်ဌာနနှင့်ဖြေဆိုရမည့်အချိန်၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သဖြင့် မိမိဖြေဆိုရမည့် စာစစ်ဌာနနှင့်ဖြေဆိုရမည့်အချိန်ကို ဂရုတစိုက် ကြည့်ရှုမှတ်သားရန် လိုပါသည်။

(၃) စာမေးပွဲဖြေဆိုမည့်ရက်တွင် စာမေးပွဲမေးခွန်းလွှာနှင့်အဖြေလွှာကို တစ်ဦးလျှင်တစ်စုံသာ လက်ခံရရှိမည်ဖြစ်ပြီး စာမေးပွဲအဖြေလွှာပေါ်တွင် ဖြေဆိုသူ၏အမည်၊ စာမေးပွဲဖြေဆိုခွင့်၊ နံပါတ်၊ မေးခွန်းလွှာအမျိုးအစားများအား ပုံနှိပ်ထားရှိပြီးဖြစ်ပါသည်။
- ဖြေဆိုသူသည် စာမေးပွဲဖြေဆိုလွှာလက်ခံရရှိသည်နှင့် မိမိ၏အမည်နှင့် စာမေးပွဲဖြေဆိုခွင့်နံပါတ်အား စစ်ဆေးရန်နှင့် လက်ခံရရှိသော မေးခွန်းလွှာသည် အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မေးခွန်းအမျိုးအစား (A,B,C or D)မှ တူညီသောအမျိုးအစားမေးခွန်းလွှာ ဟုတ်၊ မဟုတ် သေချာစွာကြည့်ရှုလက်ခံရန် လိုပါသည်။
- မေးခွန်းလွှာနှင့် အဖြေလွှာအမျိုးအစား မှားယွင်းစွာဖြေဆိုမိ၍ ဖြစ်ပေါ်လာသည့် ပြဿနာအဝဝသည် ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ခံရရှိသော မေးခွန်းလွှာအမျိုးအစားနှင့် အဖြေလွှာအမျိုးအစား တူညီမှုရှိ၊ မရှိကို စာမေးပွဲစတင် မဖြေဆိုမီ အထူးသတိပြုစစ်ဆေးရပါမည်။

၄။ စာမေးပွဲဖြေဆိုသူများအား ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်နေရာ၊ နေ့ရက်နှင့် အချိန်မှလွဲ၍ အခြားနေရာ၊ နေ့ရက်၊ အချိန်တို့သို့ ပြောင်းရွှေ့ဖြေဆိုခွင့်မပြုပါ။

၅။ စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊နိုင်ငံကူးလက်မှတ်မူရင်းစသည်တို့ ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင် ဖြေဆိုသူတစ်ဦးစီအား စာမေးပွဲအခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးမှုရုံးအဖွဲ့တို့မှ သက်သေခံကတ်ပြားများကို စစ်ဆေးပါမည်။

၆။ စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူတစ်ဦးစီကို စာမေးပွဲမေးခွန်းတစ်စုံနှင့် ဖြေဆိုမည့်သူ၏ အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ် ပါရှိသော အဖြေလွှာကို ဖြန့်ဝေပါမည်။လျှောက်ထားသူသည် စာမေးပွဲမဖြေဆိုမီ အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မိမိ၏အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်တို့ကို စစ်ဆေးရပါမည်။ စာမေးပွဲအဖြေလွှာပေါ်တွင် ဖြည့်သွင်းထားသော အချက်အလက်များသည် မိမိ၏ နိုင်ငံကူးလက်မှတ်တွင်ပါရှိသည့် အချက်အလက်များနှင့်ကွဲလွဲပါက တစ်ပါတည်း ပြင်ဆင်သွားနိုင်ရန် စာမေးပွဲခန်းကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူတို့ထံ အကြောင်းကြားရမည်။ ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တွင် စာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးမှ အချက်အလက်များ ကွဲလွဲမှုကြောင့် ပေါ်ပေါက်လာမည့် အခက်အခဲများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(၇) ဖြေဆိုသူတစ်ဦးလျှင် အဖြေလွှာတစ်စောင်သာ ထုတ်ပေးမည်ဖြစ်ပြီး အဖြေလွှာပေါ်တွင် ဖြေဆိုထားပြီးအဖြေများအား ပြင်ဆင်ခြင်း၊ ဖျက်ခြင်းပြုလုပ်ပါက မှားယွင်းသောအဖြေအဖြစ် သတ်မှတ်မည်။

(၈) အဖြေလွှာပေါ်တွင် အနက်ရောင်ဖောင်တိန်(သို့) အနက်ရောင် ဘောလ်ပင်ကိုသာ သုံးရမည်။ ခဲတံ၊ အခြားသော ဘော(လ်)ပင်အရောင်များကို သုံးပါက မှားယွင်းသော အဖြေလွှာအဖြစ် သတ်မှတ်မည်။

(၉) စာမေးပွဲဖြေဆိုချိန်မပြီးမီ၊ စာမေးပွဲခန်းမအတွင်းမှ ထွက်ခွာခြင်းနှင့် သန့်စင်ခန်းသွားခြင်းခွင့်မပြုပါ။

(၁၀) စာမေးပွဲ ဖြေဆိုမည့်သူများသည်လက်ကိုင်တယ်လီဖုန်း၊ အခြားသောလျှပ်စစ်သုံးကိရိယာများကို စာမေးပွဲဖြေဆိုရာတွင် ယူဆောင်လာခွင့် မရှိပါ။ စာမေးပွဲဖြေဆိုချိန်တွင် အဆိုပါ စက်ကိရိယာများ အသုံးပြုခြင်း၊ ယူဆောင်လာခြင်းတွေ့ရှိပါက လိမ်လည်ဖြေဆိုသည်ဟု သတ်မှတ်မည်။

(၁၁) စာမေးပွဲဖြေဆိုသူသည် မမှန်ကန်သည့်အပြုအမူများ ဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုအား ရပ်ဆိုင်း၍ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်အား (၂)နှစ်ပိတ်ပင်ခြင်းခံရမည်။

(၁၂) စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရမည်။

စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

## BEST LIVESTOCK LIMITED

### Job Opportunity

### (For Local Service Only)

BEST LIVESTOCK LTD is one leading company in the livestock in Myanmar and now looking for the qualified candidates for the following position.

1. **Sales Operation Assistant Manager/Executive** **Male/Female (2) Post**
   - BBM or DMA
   - Good communition in English and computer skill.
   - Between 30-35 years
   - At least working experience in sales and marketing field in FMCG or food & Beverage.
   - Prefer with driving license.
2. **Marketing Assistant/Excutive** **Male/Female (1) Post**
   - BBM of DMA
   - Good communition in English and computer skill.
   - Between 30-35 years
   - At least working experience in sales and marketing field in FMCG or food & Beverage.
3. **Sales Representative** **Male (4) post**
   - Any graduate
   - At least working experience in sales and marketing field.
   - Between 20-30 years
   - Prefer with driving license.

Please send your CV to san16tintin@gmail.com (or) No.45 Q Tay Nu Yin Street 7 Miles Mayangone Township Ph.01661/28/0945005/632.

## RECRUITMENT

## Walk In Interview

Due to our expansion program we hereby invite potential candidates to fill the following position:-

1. **BUSINESS DEVELOPMENT ADVISORS (18 positions)**
   **MARKETING EXECUTIVES (13 positions)**
   **Requirement:-**
   i. Graduates in all fields are encouraged
   ii. Minimum 1 year working experience
   iii. Must have good business contacts and communication skills
   iv. Fluent in English is an advantage
   v. Both male and female candidates are encouraged to apply
   vi. Good salary including commission and bonuses
   vii. Candidates with working experience preferred
   viii. Age between 25 to 35 years

We will provide the necessary training and support for you to embark on this exciting and lucrative career. Interested candidates can contact us at:

Unit 902, Sakura Tower, 339 Bogyoke Aung San Road, Kyauk-data Township, Yangon.
Mr.Aung Tay Za
09-450026252
**Global Growth Co., Ltd.**

### Job Vacancies

**Htoo Construction Development Group Co., Ltd.**

1. Consultant (Above 10years experience) M /F (3) Posts
2. Sale & Marketing Manager (At least 8+years experience) M /F (3) Posts
3. Sale & Marketing Staff (At least 2 years experience) M/F (20) Posts

Required Skills

For No.(2)

- A Bachelor or Master Degree Holder. (preferable MBA)
- Strong experience in a similar marketing role.
- Fluent in both Myanmar & English ( write, speak )
- Highly knowledgeable in Microsoft suites. Excel. PowerPoint.
- Marketing Concepts, Personal selling, Positioning, Staffs Management, Customer Relationship Management, Sales Planning, Competitive Analysis, Understanding the Customer, Creative Services, etc....
- Lead an manage sales team and work closely with directors.
- Monitor and manage day to day activities of the assigned sales & marketing teams.
- Provide leadership towards reaching the targets and goals in line with company's vision and mission.
- Protects organization's value by keeping information confidential.
- Able to make sale reports presentation, set sales targets.

For No.(3)

- A Bachelor Degree Holder.
- Basic Computer & English (Speak)
- Good Personality & Communication

No.(3,5,6,7,74), Pyay Road, Corner of Pyi Htaung Su Yeik Thar Street, Dagon Township, Yangon, Myanmar.
Contact us : 01- 2302055, 2302100, 2302146, 2302151

## ဝန်ထမ်းအလိုရှိသည်။

ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင်
ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊စားစရိတ်
အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် – Ph: 09-36112291
09-450049686

## ဝန်ထမ်းအလိုရှိသည်

စိုက်ပျိုးရေးကျွမ်းကျင်နားလည်သော သစ်တောတက္ကသိုလ်ကျောင်းဆင်းနှင့် သစ်တောကျောင်းဆင်း ဝန်ထမ်းများ အလိုရှိသည်။ ကျား/မ

(၁) စာရင်းကိုင်ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်။ ကျား/မ
ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(၂) Survey Company(Demarcation and Mapping)

လျှောက်ထားလိုသူများသည် CV Form၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

**(မျိုးဇင်ဇာကုမ္ပဏီလီမိတက်) အမှတ် ၂၃/D၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၂၇၀၊ ၀၁-၈၆၀၄၂၃၉**

## ဝန်ထမ်းအလိုရှိသည်

ကောင်းမြတ်အောင်ကျော် ဆောက်လုပ်ရေးကုမ္ပဏီ

| | | |
|---|---|---|
| ၁။ | အထွေထွေမန်နေဂျာ | - 1 Post |
| ၂။ | Site Engineer (B.E Civil) | - 5 Posts |
| ၃။ | Estimate Engineer | - 2 Posts |
| ၄။ | စာစီစာရိုက်ကျွမ်းကျင် (Excel, Word, Photoshop) | - 2 Posts |
| ၅။ | ရုံးစာရေး | - 2 Posts |
| ၆။ | Driver | - 1 Post |

ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ အမှတ် (၅၁၅၈)၊ လားရှိုးလမ်းနှင့် သဇင်(၈)လမ်းထောင့်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၇၆၅၄၊ ၄၁၇၇၇၃၊ ၀၉-၄၉၂၀၃၄၉

## အသစ်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်ရန် သူနာပြုအကူ အလုပ်သင်ဝန်ထမ်း (ကျား/မ)များ အလိုရှိသည်

၁။ သူနာပြုအကူ (၅)လသင်တန်းကို အခမဲ့သင်ကြားပေးမည်။
၂။ ပညာအရည်အချင်း ဘွဲ့ရ (သို့) ဒီပလိုမာ (သို့) အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။
၃။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
၄။ သူနာပြုစုမှုလုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။
၅။ သင်တန်းကာလ (၅)လကိုပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
၆။ သင်တန်းမှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာရမည်။
၇။ သင်တန်းပြီးဆုံးပြီး အရည်အချင်းပြည့်မီသူများကို အလုပ်ခန့်အပ်မည်။
၈။ နယ်မှလာသူများကို နေထိုင်ရန်စီစဉ်ပေးမည်။

ကြော်ငြာသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း အောက်ပါအချက်အလက်များနှင့်အတူ အမှတ် ၁၃၀၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃ တို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(က) ပညာအရည်အချင်းထောက်ခံချက်မူရင်းပြရန် (မိတ္တူပူးတွဲတင်ပြရန်)။
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ။
(ဂ) သန်းခေါင်စာရင်းမိတ္တူ။
(ဃ) မှတ်ပုံတင်မိတ္တူ
(င) Passport ဓာတ်ပုံ (၂)ပုံ၊ ကိုယ်လုံးပြည့်ဓာတ်ပုံ (၁)ပုံ

## ဖခင်အမည်မှန်

အထက (၁)၊ ခရားအတွင်းရွာ၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမင်းချစ်စံ ဖြစ်ပါကြောင်း။

**ဦးမင်းချစ်စံ**
**၃/ဘအန(နိုင်)၀၉၂၅၂၅**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ ညောင်ကိုင်းကျေးရွာနေ ဦးမြင့်ဦး (အဘဦးကိုလေး)အား ယနေ့မှစ၍ ဦးမောင်တူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးမောင်တူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတင်အောင်၏သား လားရှိုးမြို့၊ အထက(၂)အဋ္ဌမတန်းမှ မောင်ထက်ပိုင် (ခ) မောင်သန့်ဇင်အောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်း အထက(၁) နဝမတန်းအောင်မှ မဇင်မာသက်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ၉/လဝန(နိုင်)၁၂၃၃၉၂ ဖြစ်ပါကြောင်း။

**ဦးမင်းမင်း**

## အများသိစေရန်ကြေညာခြင်း

သပြေသုခ ဆောက်လုပ်ရေးကုမ္ပဏီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၂၃-၁၁-၂၀၁၁ ရက်မှ မှတ်ပုံတင်ပြီး နေပြည်တော်တွင် အခြေစိုက်ရုံးဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

သပြေသုခ ဆောက်လုပ်ရေးကုမ္ပဏီ၏အမည်အား အလွဲသုံးစားပြု၍ သပြေသုခဆောက်လုပ်ရေးကုမ္ပဏီအမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အား တွေ့ရှိသိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**သပြေသုခဆောက်လုပ်ရေးကုမ္ပဏီ**

## ကန့်ကွက်နိုင်ပါသည်

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေကွက်အမှတ် ၃ခ/၂၈၈/၂၈၉၊ ဦးပိုင်အမှတ် ၂၉၄/၂၉၅၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်နှင့် မြေကွက်အမှတ် ၃ခ/၂၁/၂၂၊ ဦးပိုင်အမှတ် ၂၄/၂၅၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ထားသူ ဒေါ်နန်းနွံနန်း ၁၃/ကတန(နိုင်)၀၁၈၈၆၂ သည် မိမိမှပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြီး ကျွန်ုပ်၏မိတ်ဆွေ စိုင်းကေဖ ၁၃/ကတန(နိုင်)၀၈၇၄၂၉မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အထမြောက်ကြောင်း မှတ်ယူမည်ဖြစ်ပါသည်။

**ဒေါ်ခင်မေလတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၉၃)**
**အမှတ် ၂၁၊ မေတ္တာလမ်း၊ အရှေ့အာခါရပ်၊ ကျိုင်းတုံမြို့**
**ဖုန်း-၀၉-၅၂၅၁၆၂၂**

## အမည်ပြောင်း

ဦးထွန်းမင်းလတ်၏သမီး လဲချားမြို့၊ အထက၊ နဝမတန်းမှ မဒေးဗစ်ဖေရယ်ထွန်းအား ယနေ့မှစ၍ မနန်းခင်ဖေရယ်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မနန်းခင်ဖေရယ်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၁ဃ/၃၉၅၇ Hiyang ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမြင့် ၁၃/တကန(နိုင်)၂၄၀၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နှစ်ထပ်တိုက်ခံအိမ် (BN) 40' x 60' (ဂရန်အမည်ပေါက်)။ မီး၊ ရေ (အဝီစိတွင်း) ပျဉ်းကတိုးလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဖုန်း-၀၉-၂၆၁၆၃၅၆၆၃၊**
**၀၉-၂၆၁၆၃၅၆၆၄**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာနေ၊ SHOP HOUSE သုံးထပ်ခွဲ၊ သိန်းတစ်သောင်းသုံးထောင်ကျပ်။ **ဖုန်း-၀၉-၅၂၀၁၀၇၀၊**
၀၉-၅၁၀၇၂၄၄

## တိုက်ခန်းရောင်းမည်

လမ်းမတော် (၅) လမ်း၊ (၁၂ ½×၅၀)ပေ၊ ခြောက်လွှာ။

**ဖုန်း-၀၉-၅၀၃၈၃၁၈**

## ငှားမည်

ကမာရွတ်၊ လှည်းတန်းမီးပွိုင့်အနီး၊ အင်းစိန်လမ်းမ၊ (၁၆×၅၇)ပေ၊ မြေညီတိုက်ခန်း။

**ဖုန်း-၀၉-၇၃၂၂၀၆၃၅**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ကျိုတင်ငှာ(ခ)ဒေါ်တင်

**အသက်(၉၂)နှစ်**

သူငယ်ချင်း ဦးတင်လှိုင်-ဒေါ်ယဉ်ယဉ်သော်တို့၏မိခင် ကျိုတင်ငှာ(ခ) ဒေါ်တင် အသက်(၉၂)နှစ်သည် ၉-၅-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိုးသူရ-သီတာလှ၊ သိမ်းကျော်-မမျိုး၊**
**သန်းထွဋ်-တင်တင်အောင်**
**သန်းထွန်းအောင်-မအောင်၊ နိုင်အောင်-မငြိမ်း**
**True Top Ten Co., မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးယူစိန်

**အသက်(၈၆)နှစ်**

ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ဥက္ကဋ္ဌ)၊ ဦးအုန်းကျော်(မြန်မာနိုင်ငံ သုံးမျိုးစုံအားကစားအဖွဲ့ချုပ်-ဥက္ကဋ္ဌ)တို့၏ဖခင် ဦးယူစိန် အသက်(၈၆) နှစ်သည် ၅-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Xenon ကုမ္ပဏီလီမိတက်မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဝင်း (ရုံပိုင်၊ တာဝန်ခံ၊ ငြိမ်း)

**အသက်(၇၅)နှစ်**

မုံရွာမြို့နေ ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ အင်းစိန်မီးရထား၊ ဗဟိုသင်တန်းကျောင်း၊ အမှတ်စဉ်(၄) လ/ထရုံပိုင်၊ သင်တန်းသား ဦးသိန်းဝင်း ရုံပိုင်(တာဝန်ခံ)(ငြိမ်း) သည် ၄-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၄)လ/ထ ရုံပိုင် သင်တန်းဆင်း**
**အငြိမ်းစား အရာရှိများ၊ ကြီးကြပ်ရေးဝန်ထမ်းများ**
**နှင့် ရုံပိုင်ကြီးများ မြန်မာ့မီးရထား**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြင့်မြင့်ကြည်

**အသက်(၆၄)နှစ်**

Yangon Airways Ltd. မှ Managing Director ဦးတင်စိုး၏ဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးမင်းဒင်-ဒေါ်အေးအေးမြင့်**
**Adventure Myanmar Tours & Incentives Co.,Ltd**
**မိသားစု**

---

## ဦးမြင့်စိုး(တောင်စွန်းမြို့) အသက်(၅၄)နှစ်

**M.O.G.E**

**ဆိုင်မန်နေဂျာ (M.P.P.E)**

**B.Sc (Maths) A.G.T.I (M.P)**

ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့နေ (ဦးစံခင်-ဒေါ်ကျင်ပု)တို့၏သားကြီး၊ (ဦးအောင်ဘော်-ဒေါ်ရင်ကြည်)တို့၏သားသမက်၊ (ဦးကျော်ပွန်း-ဒေါ်ရင်ကြည်)၊ (ဦးကျော်စူး-ဒေါ်ငွေသင်)၊ (ဒေါ်ဂျော်)၊ ဒေါ်ပန်းရင်၊ ဒေါ်ပန်းသင်တို့၏တူ၊ ဦးအေးကို-ဒေါ်သီသီစိုး၊ ဦးနေဝင်း(ခ)ဦးဆန်နီ-ဒေါ်မိစံ၊ ဒေါ်ယုယုခင်၊ ဦးယုလွင်၊ ဒေါ်စန္ဒာခင်၊ ဦးမျိုးခင်တို့၏အစ်ကိုကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁)လမ်း၊ (B)ဘလောက်၊ တိုက် ၂၄၊ အခန်း ၁၀၄နေ ဒေါ်စန်းစန်းယု(M.P.P.E၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၅- ၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးချစ်လှ (HENRY)

**မော်ကွန်းဝင်ဒုတိယဆင့်**

**ရေဒီယိုအရာရှိ(ငြိမ်း) UBA၊ မန်နေဂျာ(ငြိမ်း) SITA**

**အသက်(၉၀)**

မန္တလေးမြို့နေ (ဦးဘိုးဆင်-ဒေါ်ဒေါ်ခင်)တို့၏သား၊ (ဦးလှမောင်-ဒေါ်ရသီ)၊ (ဒေါ်ကြည်ကြည်-ဦးထွန်းစိန်)၊ ဦးအောင်ညွန့်-ဒေါ်လှမြင့်တို့၏ညီ/မောင်၊ဒေါ်မေမေခင်၊ဒေါ်ခိုင်ခိုင်-MR.RONALD MICHAELS၊ ဒေါက်တာဒေါ်ခင်မြမေ-ဦးသန်းလှိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဒေါ်မေမေခင်(နော်မူမူး)၏ချစ်လှစွာသောခင်ပွန်း၊ (ဒုဗိုလ်စိုးညွန့်) တပ်မတော်(လေ)၊ ဦးချစ်ခင်-ဒေါ်စဝ်ဆိုင်လင်း၊ ဒေါ်မေမေချစ်၊ ဦးချစ်အေး-နော်ဒီးရှာ၊ ဦးကျော်စိုးလှ-ဒေါ်ယဉ်ထွေးစီ၊ ဒေါက်တာချစ်ထွေး-ဒေါ်ဝေရီမြင့်၊ ဒေါ်မေမေလှ-ဦးကိုကိုတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၀-၅-၂၀၁၅ ရက် နံနက် ၁၀း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အင်းစိန်မြို့နယ်၊ တောင်သူကုန်း၊ မင်းကြီးလမ်း၊ အမှတ်(မ/၁)နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဆရာကြီး ဦးလွန်းမောင်

**(လ/ထ ကထိက၊ ငြိမ်း)**

**B.A.Ed, B.Ed အထက(၁)(ငြိမ်း)**

**မြို့မကျောင်းသားဟောင်း၊ တောင်ငူ**

**အသက်(၈၄)နှစ်**

တောင်ငူမြို့၊ နဂါးရုံဘုရားလမ်းနေ (ဦးဖြူ-ဒေါ်ပြုံး)တို့၏သား၊ ဒေါ်မြိုင်၏ခင်ပွန်း၊ ဒေါ်မိုးသီဂီ(အထက နတ်စင်ကုန်း)၊ (ဦးစိန်အောင်)၊ ဦးမင်းဇော်-ဒေါ်မိုးသူဇာ၊ ဒေါ်မိုးကြည်မာတို့၏ဖခင်၊ မောင်ရဲသူဟိန်း၊ မရွှန်းလက်ဝေတို့၏အဘိုးသည် ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၃း၃၀နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရဲမှူးကြီးမောင်မောင်စိုး (ငြိမ်း)

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း၊ OTS ၄၃)**

**အသက်(၆၈)နှစ်**

ညောင်တုန်းမြို့နေ (ဦးဖေသိန်း-ဒေါ်အေးကြိုင်)တို့၏သားကြီး၊ (ဦးစံချိန်-ဒေါ်သန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂(တိုးချဲ့ရပ်ကွက်)၊ တော်ဝင်လမ်း၊ အမှတ် ၆၇နေ ဒေါ်သီတာချိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်စုံမောင်မောင်၊ မောင်သီဟမောင်မောင်၊ ဗိုလ်ကြီးကျော်ဇေထက်-မခင်ငြိမ်းစုမောင်၊ မောင်နေမျိုးမောင်မောင်တို့၏ချစ်လှစွာသော ဖခင်၊ မမြဘရဏီချိန်၏အဘိုးသည် ၉-၅-၂၀၁၅ရက်(စနေနေ့) ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာမျိုးကျော်သူ (M.B.,B.S. YGN)

**(ကော့သောင်းမြို့)**

**အသက်(၂၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အမှတ် ၁၀၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်နေ ဦးအင်ရှိန်-ဒေါ်နွယ်နီအေးတို့၏သားထွေး၊ ကိုနေဇော်ဦး၊ မသန္တာနွယ်၊ မနှင်းနှင်းနွယ်(KBZ ဘဏ်)တို့၏ ညီ/မောင်သည် ၉-၅-၂၀၁၅ရက်(စနေနေ့)ည ၁၀း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (အမှတ် ၄၄၊ ၄၀လမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**

**ဒါယိကာမကြီး**

## ဒေါ်စစ်မြ

**(မြင့်မိုရ်ဦးတည်းခိုခန်း၊ လားရှိုးမြို့)**

**အသက်(၆၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဒေါင်ကြီးကျေးရွာနေ (ဦးဘလွန်း-ဒေါ်အေးကြည်)တို့၏ သမီးကြီး၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၃)၊ မြင့်မိုရ်ဦးတည်းခိုခန်းနေ (ဦးမောင်မြင့်)၏ဇနီး၊ ဦးမြင့်နိုင်ဦး (ဗိုလ်မှူး၊ ငြိမ်း)၊ ဒေါ်ကြူကြူသင်း (လ ခွဲ-၉)၊ ဒေါ်သန္တာမြင့်(အထက-၆)၊ ဦးရဲကျော်နိုင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကြူစိုးဝေ၊ ဦးရဲကျော်ထွေး(မြို့နယ် ထွေ/အုပ်) - ဒေါ်ယဉ်ယဉ်မိုး(အင်းဝဘဏ်၊ မူဆယ်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၉-၅-၂၀၁၅ရက် (စနေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရော်ဝှက်(ခ)
## ဦးခွေးကောင်(ခ)
## ဦးငွေးနောင် (ကော့ကရိတ်)

**အသက်(၆၃)နှစ်**

ကော့ကရိတ်မြို့၊ အောင်မင်္ဂလာလမ်း၊ အမှတ် E/၉၉ နေ ဦးဘိယာ-ဒေါ်မြိုင်တို့၏သား၊ ဒေါ်ရော်ဖုဲး၊ ဦးရော်ကျွမ်း၊ (ဦးရော်တျုန်း)၊ (ဦးရော်ကြိုင်း)၊ ဒေါ်ရော်လွမ်းတို့၏ညီ/မောင်၊ ဒေါ်ရော်ကော်၊ဒေါ်ရော်လွိတို့၏အစ်ကို၊ ဒေါ်ရီရီဝေ(ခ)ဒေါ်ဘေဘီ၏ ခင်ပွန်း၊ မောင်ကြည်လင်းနောင်၊ မမြတ်ဆုဝေ၊ မောင်အောင်ဟိန်း၊ မအိဖြိုးဝေတို့၏ဖခင်သည် ၉-၅-၂၀၁၅ရက်(စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကော့ကရိတ်မြို့ ခနိမ်းမူ တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာမီဒါဘီဘီ(ခ)
## ဒေါ်ခင်မျိုးလှိုင်

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း၄၀၊ အမှတ် ၂၉၉နေ မိုဟာမက် အလီဘိုင်(ခ)ဦးမြသန်း၏ဇနီး၊ မိုဟာမက်ဟူစိန်(ခ)မောင်ရဲဝင်းထွဋ်၊ ရမက်ဘီဘီ(ခ)မလွဲလွဲနှင်းတို့၏ မိခင်သည် ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးစွန္နီ ကဘာရ်စတန်၌ အဆွရ်အပြီး ဒါဖ္ဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဂ်ဖွေရည်အတွက် ဒိုအာပြုပေးပါရန်)

ကျန်ရစ်သူမိသားစု

---

## မောင်သက်ပိုင်

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၀၊ (၄အေ)နေ ဦးသိန်းမြင့်(အကောက်ခွန်၊ ငြိမ်း)-ဒေါ်ကြူကြူတို့၏သားကြီး၊ ဦးကျော်မျိုးမင်း (အကောက်ခွန်) - ဒေါ်မေဇင်ဦး (အကောက်ခွန်)၊ ဦးသိန်းအောင်-ဒေါ်ရွှေဇင်လတ်တို့၏မောင်၊ မောင်ဆက်အောင်ပိုင်၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၉-၅-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

## ဒေါ်ညွန့်ညွန့် (မြင်းခြံ)

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၀၁၉၊ သင်းဝင် ၆ လမ်း၊ (၃၄)ရပ်ကွက်နေ (ဦးဝေလင်း-ဒေါ်လေးတင်)တို့၏သမီး၊ မြင်းခြံမြို့နေ (ဦးမောင်ခင်)၏ဇနီး၊ ဦးသိန်းထွန်း-(ဒေါ်ချိုချို)၊ (ဦးမောင်ကို)-ဒေါ်တင်တင်မြင့်၊ ဒေါ်ပိုပို၊ ဦးကျော်ဆန်းဦး-ဒေါ်ကြည်ကြည်ငွေး(နီနီ)၊ ဦးသိန်းဆွေ-ဒေါ်စန်းစန်းရီ၊ (ဦးဝင်းနိုင်)-ဒေါ်အေးအေးသန့်တို့၏မိခင်၊ မြေး ၁၇ ယောက်၊မြစ်၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၁၅ရက် ည ၇း၄၅ နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ခင်

**အသက်(၉၁)နှစ်**

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ ၇၊ ခရေလမ်းသွယ်၊ ရွှေခါးရိုးဘုန်းကြီးကျောင်းအနီး၊အမှတ် ၇/၃၆နေ ဦးလွင်အောင် (ဦးစီးအရာရှိ၊ ငြိမ်း၊ စစစ)-ဒေါ်အေးအေးမြတ် (သူနာပြုဆရာမ)၊ ညောင်တုန်းမြို့နေ ဒေါ်ရင်မြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ရင်မေ၊ ဒေါ်ညွန့်မေ၊ ရပ်စောက်မြို့နေ ဦးဆန်နီ (မြေစာရင်း)-ဒေါ်လဲ့လဲ့၊ (ဦးဝင်းမြင့်မောင်)-ဒေါ်ခင်ပြုံးလွင်၊ ကိုမင်းသော်တာဖြိုး (မီးသတ်)၊ ဒေါ်ရွှေဝါ(လားရှိုး)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘိုး၊ (ဒေါ်တင်တင်)၏ခင်ပွန်းသည် ၉-၅-၂၀၁၅ရက် (စနေနေ့) ည ၈း၀၅နာရီတွင် လားရှိုးမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်တင်ကြည်(ခ)

**May Xavier**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁၇(A)နေ (CFA ဖေးဗီးယား-LD ဖေးဗီးယား)တို့၏ သမီးချွေးမ၊ (ဦးဘစီ - ဒေါ်မြတင်)တို့၏ သမီး၊ [ဦးဖေးဗီးယား (မီးရထား၊ ငြိမ်း)]၏ဇနီး၊ ဦးမျိုးညွန့်-ဒေါ်အေးအေးသန်းတို့၏အစ်မ၊ မမြင့်မြင့်မေ (ဂျက်ကလင်း)၊ ဇော်ဝမ်း(ဆန်းဆန်း)-မစန္ဒာမြင့်၊ ဇော်ဝင်း(မယ်လဘင်)တို့၏မိခင်၊ မအိသန္တာဦး(ထရီဇာ)တို့၏ အဘွားသည် ၉-၅-၂၀၁၅ရက် နံနက် ၉း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါက်တာမျိုးကျော်သူ

**(M.B.,B.S-YGN)**

**ကော့သောင်းမြို့**

**အသက်(၂၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၀နေ ဦးအင်ရှိန် (အသင်းဝင်အမှတ် KTH-237)-ဒေါ်နွယ်နီအေးတို့၏သားထွေး၊ ကိုနေဇော်ဦး၊ မသန္တာနွယ်၊ မနှင်းနှင်းနွယ် (KBZ Bank) တို့၏ညီ/မောင်သည် ၉-၅-၂၀၁၅ရက်(စနေနေ့) ည ၁၀း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသူအသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အလုံမြို့နယ်၊ ၄၀လမ်း၊ အမှတ် ၄၄ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဝိမလာစာရ

**သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ**

လေးမြို့နယ်၊ ရွှေကျင်နိကာယဗဟိုဌာန၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ၊ ကျိုက်ထိုမြို့၊ မဟာမုနိကြေးသွန်းဘုရားကြီး ဩဝါဒါစရိယ၊ ပေါင်၊သထုံ၊ဘီးလင်း၊ကျိုက်ထို၊ လေးမြို့နယ် ရွှေကျင်နိကာယဝန်ဆောင်နာယကမဟာမေဃဝန် ပရိယတ္တိစာသင်တိုက်၏ပဓာနနာယက ဆရာတော်သည် ၇-၅-၂၀၁၅ရက်(ကြာသပတေးနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၆-၅-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက်ထိုမြို့ ကင်မွန်းတောင်တောင်ခြေ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဆရာဦးမောင်ကြီး (ယခင် ပညာ့ဗိမာန်)

**အထက-၂၀(ငြိမ်း)**

**အသက်(၈၃)နှစ်**

မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ ဒေါ်စန်းရီ၊ မိုးကုတ်မြို့၊ ကျောက်ပြဿဒ်ရွာနေ ဦးကျော်သန်း-ဒေါ်မေသန်း၊ မန္တလေးမြို့၊ နန်းရှေ့၊ ဒေါနဘွားရပ်နေ ဒေါ်လှလှ၊ ဒေါ်ထွေးထွေးတို့၏အစ်ကို၊ မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ ဦးမြင့်ဆွေ-ဒေါ်ခင်မိုးမိုး၊ မန္တလေးမြို့နေ ဒေါ်ခင်ငြိမ်းငြိမ်း၊ဦးဇော်ဝင်းငွေး-ဒေါ်ခင်စန္ဒာတို့၏ဖခင်၊ မောင်စွမ်းပြည့်အောင်၊ မောင်ဥက္ကာဖြိုးတို့၏အဘိုး၊ မန္တလေးမြို့၊ ၂၂လမ်း၊ ၈၂ လမ်းထောင့်နေ ဒေါ်ခင်နု၏ခင်ပွန်းသည် ၉-၅-၂၀၁၅ရက်(စနေနေ့)ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းစိုး(ခ)ဦးစိုး(ဇီးကုန်း) အသက်(၆၈)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**M.O.E.P**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ လယ်ဦးစုလမ်းနေ (ဦးသန်းမောင်- ဒေါ်ရင်ရွှေ)တို့၏သား၊ (ဒေါ်ခင်အေးတင့်)၏ခင်ပွန်း၊ (ဦးအေးကို)-ဒေါ်မူမူ၊ ဒေါ်ရီရီမြင့်တို့၏အစ်ကို၊ ဗိုလ်မှူးအောင်ဇင်-ဒေါ်ဝင်းမာကျော်၊ ဦးဆန်းဝင်းအောင်-ဒေါ်စန္ဒာမိုး၊ ဦးထွန်းလင်းအောင်-ဒေါ်အေးမြင့်မွန်၊ ဦးမျိုးအောင်-ဒေါ်ဖရေမြာ၊ ဦးချစ်ကိုကိုတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၅ရက် (စနေနေ့)ညနေ ၆း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၅ရက် (သောကြာနေ့)တွင် အမှတ် ၄၁၄၊ ဗိုလ်ရာညွန့်လမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးကျော်လှ(ခ)
## ဟာဂျီအာရစ်(စ်)ဘိုင်(မြတ်)
## တပ်ကြပ်(တပ်မတော်-ရေ)(ငြိမ်း)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ၁၄၇၊ ၃၅လမ်းထိပ်နေ ဦးကြည်ငွေး-ဒေါ်မိုးမိုးဝင်း၊ (ဦးခင်မောင်သိန်း)၊ ဦးတင်ထွန်း-ဒေါ်သန်းနွဲ့၊ ဦးထွန်းအေး-ဒေါ်ခင်သန်းစိန်၊ ဦးကိုကိုသန်း-ဒေါ်စိုးစိုးအေး(ခ)ချိုမာ၊ ဦးရဲမင်း-ဒေါ်ထွေးထွေး(ခ)မိချို၊ ဦးမျိုးသိန်း-ဒေါ်နီနီမြတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၈-၅-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၉-၅-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာ**

## ဦးဝင်းမောင်

**မအူပင်အသင်း(ရာသက်ပန်)**

**(မအူပင်၊ ရေလဲကလေး)**

**(ဂ)ရပ်ကွက်**

**ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ ၃လမ်း၊ အမှတ်၄၁၉နေ(ဦးမောင်စိန်-ဒေါ်သိန်း)တို့၏သား၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ကိုအောင်မော်ဦး(ခေတ္တ - UK)-မခင်မြရီ (ခေတ္တ - UK)၊ ကိုယဉ်ငွေး (သန္တိသုခတရားအလှူတော်လုပ်ငန်း)၊မသင်းသင်းခိုင်၊ ကိုကျော်ဇေယျလင်း(United Brothers Co.,Ltd.)-ဒေါက်တာသန္တာဝင်း (လ/ထ ကထိက၊ ရူပဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)တို့၏ချစ်လှစွာသောဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၅ရက်(စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**မိုးကုတ်ယောဂီ**

## ဒေါ်ကျင်အေး (ညောင်တုန်း)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၅၂၊ သုံးလွှာနေ (ဦးအဝမ်-ဒေါ်အေးခင်)တို့၏ သမီးကြီး၊ (ဦးတင်မောင်)၏ဇနီး၊ ဒေါ်ခင်ဆွေတင် (အထက-၄၊ ကြည့်မြင်တိုင်၊ငြိမ်း)၊ ဦးဇော်မင်း(C/O Azimuth Myanmar Co.,Ltd.)-ဒေါ်ခင်မြတ်မြတ်ထွန်း (တွံ့ဖက်မြို့နယ်တရားသူကြီး၊ ဖြူးမြို့နယ်)တို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်ဘုန်းသန့် (Grade-IV, TTC)၊ မမြတ်ယမုံသန့် (စံပြမူကြို)တို့၏ ဘွားဘွားကြီးသည် ၉-၅-၂၀၁၅ရက်(စနေနေ့)ညနေ ၅း၂၀ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးအောင်နိုင်ထူး(ခ)ချိုတာ

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အလယ်လမ်း၊ အမှတ် ၁၁၂ (သုံးလွှာ)နေ (ဟာဂျီ ဦးအောင်မြိုင်၊ အကောက်ခွန်-ဟာဂျီမ ဒေါ်မိမိကြီး)၊ (ဦးထွန်းလွင်၊ အကောက်ခွန်-ဒေါ်စု)တို့၏မြေး၊ (ဦးတင်အေး၊ အကောက်ခွန် ဦးစီးအရာရှိ) - ဒေါ်အေမီမြိုင် (အကောက်ခွန်ဦးစီးမှူး၊ ငြိမ်း)တို့၏ သားလတ်၊ဦးတင်မြင့်(ဘားမားအောက်ဆီဂျင်)-ဟာဂျီမဒေါ်ဒေစီမြိုင်၊ ဟာဂျီမဒေါ်ဘေဘီမြိုင်၊ ဦးအောင်မင်း-ဒေါ်မြင့်မြင့်သန်း(စာရင်းစစ်မှူး)၊ ဟာဂျီဦးအောင်မြတ် - ဒေါ်တင်တင်မြ (ဆရာမ၊ ငြိမ်း)တို့၏တူ၊ ဦးအောင်နိုင်ဦး-ဒေါ်နွယ်နွယ်စိုးတို့၏ညီ၊ ဟာဂျီအောင်နိုင်သက်၏အစ်ကို၊ မငြိမ်းစန္ဒီတင်၏ဦးလေး၊ မောင်ဝေဖြိုးအောင်၏အဘိုးသည် ၁၀-၅-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ရန်ကုန်မြစ် ရေကြောင်းသွားလာမှုကောင်းမွန်လာရေး နုန်းနှင့်အမှိုက်များ၊ အပျက်အစီးများဖယ်ရှား


ရေကြောင်းသွားလာမှုကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည့် ရန်ကုန်မြစ်တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်  မေ  ၁၀**

ရန်ကုန်ဆိပ်ကမ်းအနီးရှိ Monkey Point ဟု လူသိများသော သောင်ခုံအား တူးဖော်ဆယ်ယူမှုများ ပြုလုပ်ရန်အတွက် Starhigh Asia Pacific Pte.,Ltd သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ သောင်တူးဖော်မှုသည် ရေလမ်းကြောင်းများနှင့် ဆိပ်ကမ်းများတွင် အနည်ကျမှုကြောင့် ဖြစ်ပေါ်လာသောနုန်းနှင့် အမှိုက်သရိုက်အပျက်အစီးအစအနများကို ဖယ်ရှားခြင်းဖြစ်ပါသည်။

ရန်ကုန်မြစ်အတွင်း သောင်တူးမှုသည် သင်္ဘောများသွားလာရေး ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး ဆိပ်ကမ်းအနီး ရေကြောင်းသွားလာမှု လမ်းကြောင်းပိတ်ဆို့မှုကို လျှော့ချပေးမည်ဖြစ်သည်။ ယခင်က ရန်ကုန်မြစ်သည် အလွန်တိမ်သောကြောင့် သင်္ဘောများအနေဖြင့် ဒီရေတက်သည့်အချိန်မှသာ ဝင်/ ထွက်သွားလာနိုင်ခဲ့သည်။ အဆိုပါစီမံကိန်းကို မတ် ၃၀ ရက်တွင် စတင်ခဲ့ပြီး ဧပြီ ၁၀ ရက်တွင် အပြီးသတ်ခဲ့သည်။ Monkey Point ရေလမ်းကြောင်း အနက်ကို ၃ ဒသမ ၅ မီတာမှ ၅ ဒသမ ၀ မီတာအထိ ၁ ဒသမ ၅ မီတာ တိုးချဲ့နိုင်ခဲ့သည်။

"ရန်ကုန်မြစ်တူးဖော်ဆယ်ယူမှုဟာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ မြန်မာပြည်သူများကို ပြန်လည်အကျိုးပြုနိုင်တဲ့ ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ စေတနာသက်သက်နဲ့ ကုမ္ပဏီမှအကုန်အကျခံပြီး ဒီစီမံကိန်းကို ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့က ကမ်းလှမ်းခဲ့တာပါ။ ရန်ကုန်မြစ်တိုးတက်ကောင်းမွန်လာတာနဲ့အမျှ ပထမဆုံးအနေနဲ့ ရေကြောင်းသွားလာရေး ပိတ်ဆို့မှုကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှာဖြစ်တယ်" ဟု Starhigh Asia Pacific Pte.,Ltd ၏ အထွေထွေမန်နေဂျာ ဦးဘုန်းခိုင်ရွှေက ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❍

**ယနေ့ မာတိကာ**

## တန်ဖိုးရှိသည့်စွမ်းအင်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်လိုအပ်ပြီး ချွေတာသုံးစွဲရန်လိုအပ်
စာမျက်နှာ » ၈

## ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Lok Virsa National Heritage Museum ကြည့်ရှုလေ့လာ
စာမျက်နှာ » ၉

## မြန်မာယူ-၂၃ အသင်းနှင့် မြန်မာ ယူ-၂၀ အသင်းတို့ ယနေ့ခြေစမ်းမည်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန်  မေ  ၁၀**

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာယူ-၂၀ အသင်းတို့၏ အထူးခြေစမ်းပွဲကို မေ ၁၁ ရက် (ယနေ့) ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ် တစ်ထောင်၊ ရိုးရိုးတန်း ငွေကျပ်ငါးရာ သတ်မှတ်ထားသည်။

မြန်မာယူ -၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကာလရှည်လေ့ကျင့်ထားသည့်အသင်းဖြစ်ပြီး ဥရောပ ခြေစမ်းခရီးစဉ်အပြီး၌ အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၀ အသင်းသည် ဥရောပခြေစမ်းခရီးစဉ်အပြီး ပထမဆုံးကစားသည့်

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ထိုင်းအသင်း ချန်ပီယံဆု ဒုတိယအကြိမ် ဆွတ်ခူး

ဖိုးသော်ဇင်




**ဟိုချီမင်း  မေ  ၁၀**

၂၀၁၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ Thing Nhat ကွင်းတွင် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ ရှုံးပွဲကြုံတွေ့ပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

| | | |
|---|---|---|
| ထိုင်း | - | သုံးဂိုး |
| မြန်မာ | - | နှစ်ဂိုး |

ခုနစ်နှစ်ကျော်ကြာဝေးကွာနေသည့် အာဆီယံအမျိုးသမီးချန်ပီယံဆုကို တစ်ကျော့ပြန်ရယူနိုင်ရန် မြန်မာအမျိုးသမီးအသင်း ကြိုးပမ်းခဲ့သော်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းမှာ ဗိုလ်လုပွဲသို့ ငါးကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သော်လည်း ၂၀၀၄နှင့် ၂၀၀၇ ပြိုင်ပွဲတို့တွင်ဗိုလ်စွဲပြီးနောက်ပိုင်း နောက်ဆုံးသုံးကြိမ်ဆက် ဒုတိယနေရာသာ ရရှိခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❀

ဝင်ကြေးအခမဲ့
Entrance Free
Hotel Novotel Yangon Max
"ဂျပန် ပစ္စည်းတွေကို သုံးစွဲ ပြီး အလှဆုံးဖြစ်ပို့ရည်ရွယ်တယ်!!"
Wanna Be All-Time Gorgeous Woman
Wanna Experience Japanese Technology
မြန်မာအမျိုးသမီးအားလုံးကိုကြိုဆိုပါသည်။
Every Myanmar Girls are Welcome!
Gorgeous Japan 2015
5/15 Fri 12:00~ (Open 11:30~
5/16 sat 10:00~ (Open 9:30~
အလှကုန်နမူနာလက်ခံရရှိသည်။
အထူး Stage
· Miwonderful's magical make-up show
· 2015YumiKatsuraSummerCollection in Myanmar
· Dance unit PrizmaX Shwe stage 2015
တက်ရောက်ခြင်း
CANMAKE / Panasonic / KOSE CORPORATION
Kracie Holdings / Mandom Corporation
etc.
www.facebook.com/GorgeousJapan

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း